www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်

# တြို့စဂွ

## နဒီပြင်မျက်နှာရှင်း လှိုင်းဝိညာဉ်လမ်း

(ဂျွမီရုဆန်းကြယ်ဝတ္ထုရှည်)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀ဓ၁၆၀၇၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀ဓ၉၃၀ဓ၀၇ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၀၇–ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ိ/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) ရွှေသမင်စာပေ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဦးဝင်းဖေ (မြ–၀၇၆၅၀) စိုးထက်ကျော်ပုံနှိပ်တိုက် တိုက် (၂၀၆)၊ အခန်း (အေ) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |




# ဧသသနလေက်ဧဆာင်

☆ ဘဝဆိုတာ လှေကားထစ်များလိုပါပဲ...
အောက်ခြေကနေ အပေါ်အမြင့်ဆုံး ရောက်အောင်
လည်း ပို့ပေးနိုင်သလို...
အမြင့်ကနေ အောက်ဆုံး ရောက်အောင်လည်း ပို့ပေး
နိုင်ပါတယ်။
အရေးကြီးတာက ရွေးချယ်ရမယ့်ခြေလှမ်းပဲ ဖြစ်ပါတယ်။

☆ စိတ်ကူးနဲ့ ရွှေနန်းတော် ဆောက်တာ လွယ်ပါတယ်။
တကယ်ဆောက်တော့မယ်ဆိုရင် အုတ်တစ်လုံးရအောင်
ဖုတ်ဖို့တောင် မလွယ်ပါဘူး။

☆ အနာဂတ် ဆိုတာ...
စိတ်ထဲမှာ လျှပ်တစ်ပြက် ပေါ်လာတဲ့ ဆုံးဖြတ်ချက်
တစ်ခုပါပဲ...။
အမှား အမှန် အဖြေအတွက်ကတော့ ဘဝနဲ့ရင်းပြီး
ရင်းရပါတယ်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



☆ ချစ်သူ့အတွက် အသက်စွန့်ပါမယ်လို့ ပြောနေမယ့်အစား...
ချစ်သူ့အမှားအတွက် ဘယ်လောက် ခွင့်လွှတ်ပေးနိုင်မည်ကို ကြိုတင် ပြင်ဆင်ထားသင့်ပါတယ်။

☆ ကာဘီမတည် သစ္စာမရှိသော ချစ်သူအတွက်
သင့်ရဲ့ ချစ်ခြင်းမေတ္တာတွေကို မျက်ရည်အဖြစ် မပြောင်းလဲလိုက်ပါနဲ့။

☆ နာကျင်မှုတွေကို ဖွဲလမ်း တမ်းမက်နေခြင်းဟာ အဓိပ္ပာယ်မရှိတဲ့ ကဗျာတစ်ပုဒ်ကို ရွတ်ဆိုနေခြင်းနဲ့ အတူတူပါပဲ။

☆ ဘဝသစ္စာ ဆိုတာ ချစ်မေတ္တာပါပဲ။
ချစ်မေတ္တာဆိုတာ ဘဝအတွက် လိုအပ်ချက်ဖြစ်သလို မျှော်လင့်ချက်များအတွက် အင်အားသစ်လည်း ဖြစ်ပါတယ်။

☆ စစ်မှန်တဲ့ အလှတရား ဆိုတာ...
ကြည့်တတ်သူတွေမှသာ မြင်တွေ့နိုင်သလို ထိုက်တန်မှလည်း ရနိုင်ပါတယ်။

ရွှေသမင်စာပေ

BURMESE CLASSIC .com



☆ အချိန်ကုန်တယ်ဆိုတာ...
အချိန်က ကျွန်ုပ်တို့ကို ချန်ထားခဲ့တာ မဟုတ်ဘူး။
ကျွန်ုပ်တို့က သူ့ကိုထားခဲ့ပြီး ရှေ့ကိုသွားနေတာပါ။

☆ သင့်ပတ်ဝန်းကျင်မှာ မိတ်ဆွေတွေ အများကြီး ရှိနေတာထက်...
ရန်သူတစ်ယောက် မရှိတာက ပိုပြီး လွတ်လပ်မှုရှိပါတယ်။

☆ လူတစ်ယောက်ရဲ့ ဥစ္စာအစစ်ဟာ ငွေကြေးပစ္စည်းတွေ မဟုတ်ဘူး။
ငွေကြေး ပစ္စည်းဆိုတာ ဘဝအတွက် အထောက်အကူပဲ ဖြစ်တယ်။
မိမိအတွက် ကိုယ်ပိုင်ဥစ္စာအစစ်က 'ပညာ'ပဲ ဖြစ်ပါတယ်။

☆ မုန်တိုင်းစဲသွားလျှင် လေပြည်လေနု အေးလာသလို နာကြည်းမှုရဲ့ နောက်ကွယ်မှ ပေါ်ပေါက်လာတဲ့ နှစ်သက်ကြည်နူးမှု အရသာကလည်း ဘယ်အရသာနဲ့မှ မတူအောင် ချိုမြိန်လွန်းလှပါတယ်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း (၁) ရေအောက်မှ ထူးဆန်းသော အလင်းရောင်

အခန်း (၂) မြလေးခင်နှင့် ဘဝရေဆန်

အခန်း (၃) ဘဝနှင့်ရင်းရသော ဝေဒနာ

အခန်း (၄) နှလုံးသားဒဏ်ရာ

အခန်း (၅) ထောင်ချောက်အတွင်းမှ အသက်လုပွဲ

အခန်း (၆) မမြင်ရသော သံယောဇဉ်

အခန်း (၇) သန်းခေါင်ယံ ညှို့သည်များ

အခန်း (၈) သားရဲတွင်းမှ လက်ဝတ်ရတနာများ

အခန်း (၉) ရတနာများနှင့် ဆန်းကြယ်သောပြောင်းလဲမှု

အခန်း (၁၀) ရေအောက်မှ လမ်းပြပေးသူ

အခန်း (၁၁) ဘဝအလှည့်အပြောင်းနှင့် ကံကြမ္မာ

အခန်း (၁၂) ဝေဒနာ နှစ်ကျော့ပြန်

အခန်း (၁၃) နန်းစဉ်ပတ္တမြား ဆိုတာ

အခန်း (၁၄) ငါးမန်းဝဲ အန္တရာယ်

အခန်း (၁၅) အမှောင်ထဲမှ ညှို့သည်များ

အခန်း (၁၆) မစ္ဆရိယဝင့်ကြွေး

အခန်း (၁၇) အံ့သြဖွယ်ရာ မျှော်တစ်ရာ




### အခန်း (၁)

# ရေအောက်မှ ထူးဆန်းသောအလင်းရောင်

ဖောင်ဝင်မြစ်၏ မြစ်ရေပြင်သည် သာမန်ထက်ပို၍ ကြည်လင်လျက် ရှိနေသည်။

တပေါင်းလ ရောက်ပြီမို့ အထက်မြစ်ရေ မရောက်တော့ဘဲ ပင်လယ်ရေသာ ကျန်တော့သဖြင့် ထိုမျှကြည်လင်နေခြင်းဖြစ်၏။

ဒီရေ တက်သော မြစ်ဝကျွန်းပေါ် ဒေသများတွင် တပေါင်းလရောက်လျှင် ဆားငန်ရေ စစ်စအချိန် ရောက်ပြီမို့ ဆားငန်ဓာတ် ပိုများလာသလို ရေကလည်း သာမန်ထက် ပိုမိုကြည်လင်လာ၏။

မိုးအခါတွင် ဧရာဝတီမြစ်ရေ တိုးသောကြောင့် မြစ်ရေက နောက်ကျိနေသလို ရေငန်ဓာတ်ကလည်း လျော့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီမြစ်ရေ တိုးသောအချိန်၌ ပင်လယ်ဆားငန်ရေက ပင်လယ်ပိုင်းသို့ ဆုတ်သွားလေသည်။

ရှေးယခင်ကဆိုလျှင် ပင်လယ်ဆားငန်ရေက ဘိုကလေး (ဗိုလ်ကလေး) မြစ်အထိ တက်လာပြီး မိုးအခါရောက်မှ တဖြည်းဖြည်း ပြန်ဆုတ်သွားလေ့ ရှိသည်။

ယခုနောက်ပိုင်းရောက်တော့ အများဆုံး ဖောင်ဝင်မြစ် နယ်နိမိတ်လောက်အထိ တက်ပြီး ထို့ထက်ပိုမတက်တော့ပေ။ ဒေသခံများကတော့ ဒီရေဆုတ်သွားရခြင်း၏ အကြောင်းရင်းမှာ သစ်တောများ ပြုန်းတီးသွားသောကြောင့် ဖြစ်သည်ဟု ပြောသည်။

ရှေးအခါက ဒီရေသစ်တောများမှာ ကျွန်းညိုကြီးအထိ ရှိသောအချိန်က ဆားငန်ရေကလည်း ထို့ထက်ပိုပြီး တက်လေသည်။ လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်လောက်က ကျွန်းညိုကြီးတစ်ဝိုက်မှာပင် ကနစို၊ မဒမ၊ ဗျူး၊ လဗ၊ လမု၊ ကမ္ဗလာ၊ ကျနာ၊ သရော၊ သင်ပေါင်း။ မြင်းက အစရှိသော ရေငန်အရပ်ဒေသ၌ ပေါက်လေ့ရှိသော သစ်တောကြီးများက လူတိုးမပေါက်အောင် ရှိနေလေ၏။

ထိုအချိန်က လူများကလည်း ဘိုကလေး(ဗိုလ်ကလေး) မြို့နှင့် အနီးပတ်ဝန်းကျင်များ၌သာရှိပြီး ထိုအောက်ဘက်၌ သစ်တောများသာ ရှိလေသည်။





အထက်ပိုင်းရွာများတွင် နေထိုင်ကြသူများက ထင်း၊ မျောတိုင်၊ သစ်သားများ အလိုရှိပါက ကျွန်းညိုကြီးလောက် အထိသာ ဆင်းခုတ်ကြလေသည်။

ထို့ထက်ကျော်၍လည်း မသွားဝံ့ကြပေ။

ကျွန်းညိုကြီးလွန်ပါက အရှေ့ဘက်တစ်ကြော၌ ထော်စီထော်ပိုင် သစ်တောများရှိပြီး ဖောင်ဝင်မြစ် တောင်ဘက်ကမ်းမှာတော့ နာမည်ကျော် သစ်တောကြီးများ ရှိလေသည်။

ထိုသစ်တောကြီးများမှာ ရှေးယခင်က မူလအမည် ပေါင်းများ ရှိခဲ့ကြသော်လည်း ရေငန်ပိုင်ဦးရှင်ကြီး အဖြစ် အပျက်များ ပေါ်လာပြီးနောက်တွင် မိန်းမလှကျွန်း ဟူသော အမည်သည် လည်းကောင်း။

ကျုံတုံးမြို့စားကြီး ဗညားဇေယျနှင့် နောက်လိုက်နောက်ပါများ ရောက်လာကြပြီးနောက်တွင် မျောက်တစ်ရပ် ပျဉ်ဒရယ် အစရှိသည့် အမည်များ ထပ်မံ ပေါ်ပေါက်လာခဲ့သည်။

မြန်မာနိုင်ငံကို နယ်ချဲ့မျက်နှာဖြူများ ကျူးကျော် သိမ်းပိုက်ပြီးနောက်တွင် ထိုသစ်တောများကို ပျဉ်ဒရယ် (အချို့ကလည်း ပြင်ဒရယ် ဟုခေါ်သည်။) သစ်တောကြိုးဝိုင်းဟု သတ်မှတ်ကာ လိုင်စင်များ ထုတ်ပေးပြီး ထင်းပွဲစခန်းများ ဖွင့်လှစ်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ပြေးစခန်း၊ ရေကျော်ကြီးစခန်း၊ လဗတာစ်ပင်စခန်း၊ ချောင်းပြဲကြီးစခန်း စသည်တို့မှာ ကြီးကျယ် စည်ကားခဲ့ကြပေသည်။

ထိုမတိုင်ခင်က သစ်တောများထဲ၌ ကျား၊ ဆင် အစရှိသော တောရိုင်း တိရစ္ဆာန်များ လွန်စွာပေါလှသည်။ အများဆုံးကတော့ မိကျောင်းပင် ဖြစ်သည်။

နောက်ပိုင်း မိကျောင်းဖမ်းယူခွင့် လိုင်စင်များ ထုတ်ပေးပြီး မိကျောင်းဖမ်းခွင့် ပြုလိုက်သောအခါမှ မိကျောင်းမုဆိုးများ လက်ချက်ကြောင့် တဖြည်းဖြည်း မိကျောင်းများ နည်းပါးသွားရခြင်း ဖြစ်သည်။

ရှေးအခါက သစ်ခုတ်သမားတို့မှာ အောက်ဘက် ရှိရောက်အောင် ဆင်းစရာမလိုဘဲ ကျွန်းညိုကြီး ထိပ်ပိုင်းလောက်သာပင် လိုသောသစ်များ ရကြလေသည်။

သို့စေကာမူ တောပေါ်တက်၍ သစ်ခုတ်ရာတွင် ညနေစောင်းသည်အထိ မနေဝံ့ကြဘဲ နေရောင်ခြည် မပျောက်ခင် သမ္ဘန်ပေါ်ရောက်အောင် ပြန်ဆင်းကြရသည်။ မဟုတ်ပါက ကျား၊ ဆင်တို့အန္တရာယ်နှင့် တွေ့ကြရလေသည်။

လှေသမ္ဘန်ပေါ် ပြန်ရောက်လျှင်လည်း ကမ်းစပ်မှာ မနေဝံ့ဘဲ ရေလယ်သို့ခွာကာ ကျောက်ချ၍သော်လည်းကောင်း၊ ထိုးဝါးတိုင် စိုက်၍သော်လည်းကောင်း နေကြရသည်။





နောက်တစ်နေ့ အလုပ်ဝင်ခါနီးမှ လှေကို ကမ်းစပ်သို့ ပြန်ကပ်ကြရသည်။

ရှေးယခင်က သစ်ဝါး ပေါလှသောကြောင့် တောနက်ထဲအထိ တက်စရာမလိုဘဲ ကမ်းနှင့်နီးသော နေရာများမှာပင် လိုသောသစ် အရွယ်အစား အမျိုးမျိုး ရကြလေသည်။

နယ်ချဲ့မျက်နှာဖြူများ လက်ထက်ရောက်ကာမှ ထင်းမွဲစခန်းများ ဖွင့်ပေးပြီး သစ်ထုတ်ယူခွင့်လိုင်စင်များ ချပေးလိုက်သောအခါမှပင် တဖြည်းဖြည်းနှင့် သစ်တောများ ပြုန်းတီးသွားခြင်းဖြစ်၏။

နောက်ပိုင်း မီးသွေးဖိုလိုင်စင်များ ထုတ်ပေးပြီး မီးသွေး ဖုတ်ကြသောအခါမှ ပိုဆိုးသွားတော့သည်။

မီးသွေးဖုတ်ရန် ခွင့်ပြုသောသစ်မှာ 'မြင်းကသား' သစ် ဖြစ်သော်လည်း နောက်ပိုင်း မြင်းကသားသစ်က လိုသလောက် မရတော့သဖြင့် တွေ့သမျှ သစ်ပင်ပေါက်များကို ခုတ်ယူကြရာမှ တောပြုန်းသွားရခြင်း ဖြစ်၏။

ရှေးအခါက ကျွန်းညိုကြီးလောက်တွင် လိုအပ်သော သစ်များ ရကြသော်လည်း ကာလကြာတော့ ကျွန်းညိုကြီးက သစ်တောများ ပျောက်လာပြီး လယ်မြေရှိုင်းများ ဖြစ်လာတော့သည်။

သို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



သစ်လိုချင်သူများက ဖောင်ဝင်မြစ် တစ်ဖက်ကမ်းကို ကူးပြီး ပျဉ်းဒရယ်သစ်တောများအထိ သွားရောက် ခုတ်ယူကြရလေသည်။

သို့စေကာမူ ထိုခေတ်ကာလက တိုင်းပြည် အခြေအနေမှာ မငြိမ်မသက်ဖြစ်နေရုံမက တောထဲတွင် ရောင်စုံသူပုန်များ ရှိသောကြောင့်လည်း အရမ်းမသွားဝံ့ကြပေ။

သူပုန်များက တောထဲ၌ သစ်ခုတ်တာ မကြိုက်သဖြင့် ၎င်းတို့နှင့်တွေ့လျှင် ပစ္စည်းယူရုံမကဘဲ လူကိုပါ သတ်ပစ်တတ်သဖြင့် တော်ရုံနှင့်တော့ တောနက်ထဲရောက်အောင် မဝင်ဝံ့ကြပေ။

နောက်ပိုင်းကာလ ရောက်တော့ အစိုးရက ထော်ပိုင်စစ်ဆင်ရေးဝင်ပြီး သူပုန်များကို သုတ်သင် ရှင်းလင်းပစ်တော့မှ အေးချမ်းသွားလေသည်။

ပျဉ်းဒရယ် သစ်တောများထဲမှာ ရောင်စုံသူပုန်များ ကင်းသွားသောအခါ သစ်တော ပြုန်းတီးသွားသောနေရာများကို ခုတ်ထွင်ရှင်းလင်းကြပြီး လယ်ကိုင်းများ တိုးချဲ့လာကြသည်။

ရွာစုငယ်ကလေးများ ထူထောင်လာကြသည်။

နောင်သောအခါ ရွာစုငယ်ကလေးများမှ တစ်ဆင့် ကျေးရွာသဏ္ဌာန် ရွာကြီးများ ဖြစ်လာသည်။





ကျွန်းညိုကြီးကျွန်း ပေါ်မှာပင် မြောက်ဘက်ထိပ်မှ တောင်ဘက်ထိပ်အထိ ကျေးရွာများ ပေါ်လာသလို...

အရှေ့ဘက်ကမ်း တစ်လျှောက်မှာလည်း လယ်မြေများ၊ ကျေးရွာများ တဖြည်းဖြည်းနှင့် များလာလေသည်။

ထော်စီ၊ ထော်ပိုင်ဘက်မှာ သူပုန်များ မရှိတော့သဖြင့် ထိုနေရာဘက် ရောက်သည်အထိ ကျေးရွာချင်း ဆက်သွားတော့သည်။

ဘိုကလေးမြစ်နှင့် ဖောင်ဝင်မြစ်တို့ ဆုံရာ အငူစွန်းတစ်ဝိုက်မှာလည်း မီးသွေးဖုတ်သည့် မီးသွေးဖိုများ တည်၍ လုပ်ကိုင်ကြရာ တဖြည်းဖြည်းနှင့် စည်ကားလာရာ ဘိုကလေးသို့ နေ့ချင်းပြန်သင်္ဘောများ ဆွဲသည့်အထိ တိုးတက်လာလေသည်။

အတွင်းပိုင်း၌မူ စက်စုရွာသည် လူနေအိမ်ခြေ အများအပြား စုဝေးနေထိုင်ကြသော ရွာကြီးတစ်ရွာ ဖြစ်ပေသည်။

လယ်သမား၊ ခြံသမား၊ သစ်ခုတ်သမား၊ အမဲလိုက်သူ၊ ငါးရှာသူတို့ စုဝေးနေထိုင်ရာ ရွာကြီးတစ်ရွာ ဖြစ်ပေသည်။

စက်စုရွာကြီး စည်ကားလာသည်နှင့်အမျှ စီးပွားရေး လာဘ်မြင်သော ကုန်သည် ပွဲစားတို့ကလည်း ထိုရွာသို့ လာရောက်ကာ စီးပွားရှာကြလေသည်။ ကုန်စုံဆိုင်၊ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင် စသည့် ဆိုင်များအပြင် အုန်းသီး



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောသီး အဝယ်ဒိုင်နှင့် ငါး၊ ပုစွန် အဝယ်ဒိုင်များပါ လာရောက် ဖွင့်လှစ်ထားလေသည်။

တစ်ရွာလုံး လက်လုပ်လက်စားနှင့် အလုပ်ကြမ်းသမား များသောကြောင့် အရက်ဆိုင်နှင့် အပေါင်ဆိုင် ဖွင့်သူက နှစ်ဆိုင်၊ သုံးဆိုင် ရှိလေသည်။

ချောင်းရိုး တစ်လျှောက်မှာလည်း ငါး၊ပုစွန် ကောက် သော ငါးရှဲဒိုင်များရှိပေရာ ထိုအထဲတွင် ချောင်းဝပိုင်းတွင် ဖွင့်ထားသော ငါးရှဲဒိုင်ကြီးက အကြီးဆုံးဖြစ်၏။

ငါးရှဲဒိုင်၏အမည်ကို 'ရွှေပုစွန်'ဟု အမည်ပေးထားပြီး ပိုင်ရှင်မှာ ကုလားကပြားတစ်ဦး ဖြစ်သည်။ နာမည်ကား မြသီး ဖြစ်သည်။

မြသီးသည် ကုလားကပြားတစ်ဦးဖြစ်ကာ လူရည်လည် သလို စီးပွားရေးလာဘ် မြင်သူတစ်ဦးလည်း ဖြစ်သည်။

သူသည် ငါး၊ ပုစွန် ရှာဖွေကြသူများကို စရိတ်အတွက် ကြိုတင်ငွေပေးခြင်း၊ လှေ၊ ပိုက် အစရှိသည့် ငါးဖမ်းကိရိယာ များကို ထူထောင်ပေးခြင်းများပြုကာ ရလာသော ငါး၊ပုစွန် များကို အကြွေးဖြင့် နှိမ်ကာ ဈေးဖြတ်သိမ်းလေ့ ရှိသည်။

ထိုသို့ သိမ်းရာတွင် သာမန်ဈေးထက်နှိမ်၍ သိမ်းယူ လေ့ရှိရာ ၎င်းထံမှ ကြွေးယူထားသော အလုပ်သမားများမှာ အကြွေးသံသရာမှ မလွတ်နိုင်အောင် ရှိကြလေသည်။





ထိုအထဲတွင် ဦးဘဖဲနှင့် သားနှစ်ယောက်တို့လည်း ပါကြလေသည်။

၎င်းတို့ သားအဖသုံးယောက်တို့မှာ စက်စုရွာဖျားဘက်၌ နေကြသူများဖြစ်ပြီး ရာသီအလိုက် သား,ငါး ရှာဖွေကြသူများ ဖြစ်သည်။

ယခုလည်း ဒီးဒုတ်ကျွန်းနှင့် မိန်းမလှကျွန်း ကြားရှိ မြစ်ကမ်းတစ်နေရာသို့ ပင်လယ်ငါးခူငါး ငုပ်ရန် ရောက်နေ ကြခြင်း ဖြစ်၏။

ရေကျချိန် ဖြစ်သော်လည်း ရေမစစ်သေးသောကြောင့် လှေကို ကမ်းနံဘေးတစ်နေရာ၌ ရပ်တန့်ကာ စောင့်ဆိုင်းနေ ကြခြင်း ဖြစ်၏။

တပေါင်းလ အထက်မြစ်ရေ မတိုးသောအချိန်ဖြစ်သဖြင့် ဖောင်ဝင်မြစ်ရေမှာ ကြည်လင်လျက် ရှိနေသည်။ သူတို့ လှေကပ်ထားသောဘက်မှာ မိန်းမလှကျွန်းဘက် ဖြစ်သည်။

မိန်းမလှ ကျွန်းပေါ်၌ မျောက်တစ်ရာဘုရား ရှိသော် လည်း နွေအခါ ဘုရားပွဲ ကျင်းပဖြစ်သော အချိန်မှာပင် လူသွားလူလာရှိသော်လည်း ကျန်အချိန်များမှာတော့ အသွား အလာ မရှိကြပေ။

ဦးဘဖဲတို့ သားအဖ သုံးယောက်တို့မှာ ရေစစ်ချိန်ကို စောင့်ရင်း စကားပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ဖွတ်ခေါ်လို့သာ လိုက်လာရတယ်၊ ဒီနေရာမှာ ရေငုပ်ရမှာတော့ ခပ်လန့်လန့်ပဲ"

အကြီးကောင် ကျော်လှက ဆေးပြင်းလိပ်ကို ဖွာရင်း ပြောသည်။

"ဘာဖြစ်လို့လဲဟ"

"အဘလည်း သိရဲ့သားနဲ့၊ ဒီနေရာတွေက မိကျောင်းလည်း ပေါတယ်၊ ငမန်းဝဲနဲ့လည်း မဝေးလှဘူးလေ"

ကျော်လှပြောသည့် ငမန်းဝဲ ဆိုသည်မှာ ဒီးဒုတ်ကျွန်း အဆုံး မြစ်ပြင်ကျယ်အစပ်၌ရှိသော ဝဲကို ပြောခြင်းဖြစ်သည်။

ထိုနေရာမှာ ဖောင်ဝင်မြစ် အထက်ပိုင်းမှ စီးဆင်းလာသော ရေသည် ဒီးဒုတ်ကျွန်းကို ကွေ့ဝိုက် ပတ်စီးပြီးနောက် ကျွန်းအဆုံးနေရာသို့ ရောက်သောအခါ ဝဲကတော့များထိုးကာ လည်နေခြင်းဖြစ်၏။

ထိုဝဲမှာ ရေတက်ချိန်ရော ရေကျချိန်ပါ အမြဲတစေ ရှိနေရုံမက မိကျောင်းနှင့် ငါးမန်းများလည်း လွန်စွာပေါသည်။

သို့ကြောင့် 'ငမန်းဝဲ'ဟု ဒေသခံများက အလွယ်တကူ အမည်ပေးထားကြခြင်း ဖြစ်သည်။

ငါးမန်းသည် မျက်စိအာရုံ မကောင်းသလောက် အနံ့ကောင်းလှသော သတ္တဝါများဖြစ်သလို ရေသတ္တဝါ ငါးအမျိုး အစားထဲတွင် ရက်စက်ကြမ်းကြုတ်မှု အရှိဆုံးသတ္တဝါဖြစ်သည်။





ရေလုပ်သား အတော်များများက ငါးမန်းကို ကြောက်ရွံ့ကြသည်။

အချို့ ငမန်းဝဲတစ်ဝိုက်တွင် ငါးထောင်ကြရာ မိသော ငါးကို အကောင်လိုက်ရသည်မရှိဘဲ ခလောက်သံ ကြားရုံနှင့် သွားဖော်ကြည့်လျှင် ခေါင်းပိုင်း ဒါမှမဟုတ် ကိုယ်တစ်ပိုင်းသာ ရလေ့ရှိသည်။

ငါးတန်ထောက်သော ငါးမျှားကြိုး၌ ငါးမိပါက အလွယ် တကူ သိနိုင်ရန် ခလောက်ဆွဲထားလေ့ ရှိသည်။

ငါးမျှား၌ ငါးမိ၍ ကြိုးတင်းသွားလျှင် ခလောက်သံက ပေါ်လာသည်။

ထိုအသံကြားပါက လူက မြန်မြန်ဆန်ဆန် သွားရင် သွား၊ မဟုတ်ဘဲ နောက်ကျနေပါက ငါးမန်းက ရောက်လာပြီး မိထားသောငါးကို ကိုက်ယူသွားတတ်လေသည်။

တစ်ခါတစ်ရံမှာ ငါးမျှား၌ မိထားသောငါးက အကောင် သေးနေလျှင် ငါးမန်းက အကောင်လိုက်ပြေးဟပ်ရာ ငါးမျှား နှင့် ငြိပြီး ငါးမန်းပါ ရသည်မျိုးလည်း ရှိ၏။

"ငမန်းဝဲနဲ့နီးလည်း ဒီနေရာက ငါးပေါတာလည်း မင်းတို့အသိပဲ၊ သတိ ဝီရိယနဲ့ လုပ်ကြပေါ့"

ဦးဘဖက‌တော့ ကွမ်းယာကိုဝါးရင်း အရေးမကြီးသလို ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက်... အဘ၊ ဒီနေရာတစ်ဝိုက်မှာ ငါးဇုပ်တဲ့ လူတွေ ပြော,ပြောနေတဲ့ ရေအောက်မှာ အနီရောင်တွေ တွေ့ရတယ်ဆိုတာ ဘာလဲဟင်"

အငယ်ကောင် ကျော်မြက မေးပြန်သည်။

"ငါလည်း ဘယ်သိပါ့မလဲ"

"အဘ တစ်ခါမှ မတွေ့ဖူးဘူးလား"

"သူများပြောသံသာ ကြားရတာပါကွာ၊ တစ်ခါမှတော့ မမြင်ဖူးပါဘူး"

"ရွာထဲက ကိုထွန်းရွှေကြီး ပြောတာတော့ သူ တစ်ခါတုန်းက ငါးဇုပ်ရင်းနဲ့ တွေ့ဖူးတယ်လို့ ပြောတယ်၊ အပေါ်က နေရောင်ခြည် အလင်းရောင်တွေ ထိုးကျလာတဲ့အခါ ရေအောက်က ဖြာတက်လာတဲ့ အနီရောင်တွေမှ ရဲနေတာပဲတဲ့၊ အဲဒါတွေကို ကိုကံစိန်ကြီးလည်း တစ်ခါ တွေ့ဖူးတယ်တဲ့၊ ဒါပေမယ့် သူတို့နှစ်ယောက် ပြောတာ နေရာချင်းတော့ မတူဘူး"

ကျော်လှက ပြောသောအခါ ကျော်မြကလည်း ဝင်ပြောပြန်သည်။

"နောက်တစ်ခုလည်း ရှိသေးတယ် အဘရဲ့၊ အဲဒီလို ရေထဲက အနီရောင်တွေ တက်လာရင် ငမန်းဝဲက ငါးမန်းတွေကလည်း ရောက်,ရောက်လာတယ်တဲ့၊ ငါးမန်းတွေက





သွေးကြိုက်တော့ အနီရောင်တွေကို သွေးရောင်မှတ်ပြီး လာကြတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့နော်"

"ကဲ... ကဲ... ကိုယ်မသိတဲ့ကိစ္စတွေကို ပြောနေလို့ အကျိုးမရှိဘူး၊ အလကား လေကုန်ရုံပဲရှိမယ်၊ ရေစစ်တော့မယ်၊ ရေထဲဆင်းဖို့ ပြင်ကြတော့"

ဦးဘဖဲက ပြောလိုက်သဖြင့် ကျော်လှနှင့် ကျော်မြတို့လည်း စကားရပ်ပြီး ရေအောက်ဆင်းရန် ပြင်ကြလေသည်။

ထိုအချိန်မှာပင် စောစောပိုင်းက အရှိန်ပြင်းစွာနှင့် တသွင်သွင် စီးနေသော ဖောင်ဝင်မြစ်ရေက အနည်းငယ် အရှိန်တန့်လာသည်။

ရေစီးအတိုင်း ထောင်ထောင်မတ်မတ် မျောလေ့ရှိသော ရေတောင်ဇော် ဟုခေါ်သည့် ဖျူးဗိုင်းတောင့်သီးများပင် လှုပ်ယမ်းလာကြပြီ။

ရေစီးအတိုင်း မျောလာသော လမုသီး မှည့်များက ဝဲကတော့လည်ကာ ကမ်းစပ်သို့ ကပ်လာကြသည်။

ရေစစ်တော့မည်မို့ ကမ်းစပ်တစ်လျှောက်ရှိ လမုတော၊ ဖျူးခြေထောက် တောများထဲ ဘုတ်ငှက်အိုသံများက နေရာ အနှံ့အပြားမှ ပေါ်ထွက်လာသည်။

လတာပြင်တစ်လျှောက်မှာ ဒီလှိုင်းများ ပြေးတက်လာရာ သောင်စပ်၌ရှိသော ငါးဖျံနှင့် ကဏန်းပေါက်ကလေးများက ရေလွတ်ရာ ပြေးတက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်ကန်းကွက်သဖွယ် ဖြစ်နေသည့် ကဏန်းခြေရာများမှာ အပျိုမ ပါးပြင်ပေါ်၌ မညီမညာလူးထားသော သနပ်ခါးပါးကွက်ကျားသဖွယ် ရှိနေရာမှ ဒီလှိုင်းခတ်မှုကြောင့် အချို့ပျက်စီးသွားကြလေပြီ။

ရေဦး ငြိမ်သွားသောအခါ ကျော်လှနှင့် ကျော်မြတို့ ညီအစ်ကိုနှစ်ယောက် ရေထဲဆင်းကြလေသည်။ နှစ်ယောက်စလုံး အင်္ကျီမဝတ်ဘဲ ဘောင်းဘီတိုကလေးများသာ ဝတ်ထားပြီး ခါးတွင် ဓားမြှောင် တစ်လက်စီ ချိတ်ဆွဲထားကြသည်။

ရေငုပ်ကျွမ်းကျင်သူများမို့ အသက်ရှူရန် ကိရိယာမလို။ ရေအောက်ကြည့်မှန် မလိုဘဲ ဒီအတိုင်း ဆင်းကြလေသည်။

ခါးကြားမှာတော့ အဝတ်စုတ်အပိုင်းများ ထိုးထည့်ကာ ယူသွားကြသည်။

သူတို့ ငါးဖမ်းနည်းမှာ အခြား ငါးဖမ်းနည်းများကဲ့သို့ ငါးမျှား၊ ပိုက်ကွန် အစရှိသော ငါးဖမ်းကိရိယာ မပါဘဲ လက်ချည်းသက်သက်ဖြင့် ဖမ်းဆီးသောနည်း ဖြစ်သည်။

နွေဦးပေါက်ကာလဖြစ်သော တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ရေအောက် ကမ်းစောက်များ၌ ပင်လယ်ငါးရှူ ငါးများ ဥချရန်အတွက် ကျင်းခတ်နေလေ့ ရှိသည်။ အထီးအမ နှစ်ကောင်တွဲ နေကြသည်။

ပင်လယ်ငါးရှူမှာ အင်းငါးရှူ ဟုခေါ်သည့် ရေချိုငါးရှူနှင့် အရွယ်အစား မတူသော်လည်း ပုံပန်းသဏ္ဌာန် အတူတူပင်။





အကောင်အရွယ်အစားမှာ ငါးဆယ်သား၊ တစ်ပိဿာ၊ ငါးပိဿာ၊ အချို့တစ်ဆယ် (ဆယ်ပိဿာ) လောက်အထိ ရှိသည်။ ဆူးတောင်၌ အဆိပ်ရှိသဖြင့် စူးမိလျှင် တစ်ရေတက်၊ တစ်ရေကျ (၁၂နာရီ) အချိန်ကြာအောင် အဆိပ်ဒဏ်ခံရသည်။

ပင်လယ်ငါးရှူမှာ ရေအောက်၌ အုပ်စုဖွဲ့နေလေ့ရှိသဖြင့် ဥချချိန်နီး၍ ကျင်းခတ်လျှင်လည်း အုပ်စုလိုက် ဖွဲ့နေကြရာ ပင်လယ်ငါးရှူ ကျင်းကို တွေ့ပါက ရေငုပ်သန်လျှင် သန်သလောက်၊ ကျွမ်းကျင်မှုရှိလျှင် ရှိသလောက် အချိန်နည်းနည်းမှာပင် ငါး ပိဿာချိန် အမြောက်အမြား ရလေ့ရှိကြသည်။

ပင်လယ်ငါးရှူငုပ်ရာမှာ အချိန်တိုတိုနှင့် ငါး ပိဿာချိန် အမြောက်အမြား ရနိုင်သည်ဆိုသော်လည်း ရေအောက်၌ ငုပ်၍ အလုပ် လုပ်ရသောကြောင့် အန္တရာယ်တော့ အတော်များသည်။

ကျော်လှနှင့် ကျော်မြတို့မှာ ရေအောက်သို့ မဆင်းမီ ရေလုပ်သားတို့ ထုံးစံရှိသည့်အတိုင်း တင်မြှောက် ပ,သပြီးမှ ရေထဲသို့ ခုန်ဆင်းသွားကြသည်။

ရေအောက် ရောက်သည်နှင့် ချောက်ကမ်းပါးမျက်နှာပြင်ကို လက်ဖြင့်စမ်းကာ အောက်သို့ ဆင်းသွားသည်။

တပေါင်းလပြည့်ကျော် (၃)ရက်နေ့သည် ရေထ,ရက်၍ ရေစီးအား အကောင်းဆုံး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ထဲမှာ ရေအနည်းဆုံးအချိန် ဖြစ်သည်။

ရေက ကြည်လင်လှသည်က တစ်ကြောင်း၊ အပေါ်မှ နေရောင်ခြည်က ထိုးဆင်းကျနေသည်က တစ်ကြောင်းကြောင့် ရေအောက် မြင်ကွင်းအချို့ကို မြင်နိုင်လေသည်။

ကျော်လှနှင့် ကျော်မြတို့ နှစ်ယောက်သည် ရေအောက် ရောက်သည်နှင့် ချောက်ကမ်းပါးမျက်နှာပြင်၌ ပင်လယ်ငါးခူ ကျင်းကို ရှာသည်။

ပင်လယ်ငါးခူကျင်းမှာ ဝင်ပေါက်နှင့် ထွက်ပေါက် နှစ်ပေါက်ရှိသဖြင့် နှစ်ပေါက်စလုံးကို တွေ့အောင် ရှာရသည်။

အတွင်း၌ ငါးရှိလျှင် ကျင်းဝ,ပေါက်မှာ ပြောင်ချောနေပြီး ငါး မရှိပါက ရွှံ့နွံများနှင့် ပိတ်ဆို့နေတတ်သည်။

ဂါရင့်ငါးဖမ်းသမားများက အထဲ၌ ငါးရှိ,မရှိကို ကျင်း ပေါက်ဝကို လက်ဖြင့် စမ်းကြည့်ရုံနှင့် သိနိုင်ကြသည်။

ငါးကျင်းကိုတွေ့သည်နှင့် ထွက်ပေါက်ကို အသင့်ယူ ဆောင်လာသော အဝတ်စုတ်နှင့် ပိတ်ဆို့ထားလိုက်ပြီး ကျန် အပေါက်မှ လက်သွင်း၍ ငါးကို နှိုက်ယူရမည်။

ငါး၏ သဘာဝမှာ ရေအောက်ကျင်းထဲ၌ နေသည့် အချိန်၌ ဆူးတောင်များကို သိမ်းထားလေ့ ရှိသောကြောင့် သင်္ကန့်နှင့် ကိုင်တွယ်တတ်ပါက အန္တရာယ် မရှိလှပေ။

ငါးကို ဖမ်းမိပါက ရှေ့ဆူးတောင် နှစ်ခုကို လက်နှင့် ခွကိုင်ပြီး ဦးခေါင်းကို ဖိဖမ်းရသည်။





ထိုသို့ ဖမ်းရာတွင် လက်မြဲဖို့ လိုသည်။

ဖိဖမ်းသည့်အခါ ငါးက အရှိန်းနှင့် လန့်ပြီး လွှတ်လိုက် ပါက ဆူးတောင်နှင့် တွက်ခြင်း ခံရတတ်သည်။

ငါးကို မြဲမြဲစွာ ဆုပ်ကိုင်မိလျှင် ရေပေါ်သို့ ပြန်တက် လာပြီး ငါးကို လှေဝမ်းထဲသို့ ထည့်သည်။

ညီအစ်ကိုနှစ်ယောက် တက်ညီလက်ညီ လုပ်ကြလေရာ ရေမတက်ခင် ငါး ပိဿာချိန် အတော်များများရကြလေသည်။

ထိုအချိန်တွင် နေရောင်ခြည်ကလည်း မြင့်သည်ထက် မြင့်တက်လာပြီး နေရောင်ခြည်များက ရေမျက်နှာပြင်မှ တစ်ဆင့် ရေအောက်သို့ ထိုးဆင်းလာရာ မရှေးမနှောင်းမှာပင် ရေအောက် ကြမ်းပြင်တစ်ဝိုက်မှာ သွေးရည်များ သွန်ချလိုက် သကဲ့သို့ ရဲရဲနီတက်လာသည်။

ခဏကြာတော့ ရေအောက်ကြမ်းပြင် တစ်ခုလုံး နီရဲ လျက် ရှိနေတော့သည်။

ထိုကဲ့သို့ အခြေအနေ ပြောင်းလဲသွားမှုကို ငါးငုပ်နေ ကြသော ကျော်လှတို့ ညီအစ်ကို နှစ်ယောက်စလုံးက လှမ်းမြင်ကြသည်။

ရေအောက် အခြေအနေများ ပြောင်းလဲသွားသည်နှင့် သွေးရောင်ကြိုက်သည့် ငမန်းဝံဘက်မှ ငါးမန်းများ ဆန်တက် လာကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်...

သူတို့ရှိနေရာနှင့် မနီးမဝေး လိုဏ်ခေါင်းတစ်ခုအတွင်းမှ ရေငုပ်သဘော်၊ တစ်စင်းကဲ့သို့ မည်းမည်းသဏ္ဌာန်ကြီးတစ်ခု ထွက်သွားသည်ကို လှမ်းမြင်လိုက်ရသဖြင့် နှစ်ယောက်စလုံး ရေအောက်မှာ ဆက်မနေဝံ့ကြတော့ဘဲ ပြန်တက်ပြေးကြရလေသည်။





အခန်း ( ၂ )

# မြလေးခင်နှင့် ဘဝရေဆန်

မနက်မိုးလင်းစ အချိန်ရောက်သည်နှင့် စက်စုချောင်းရိုးတစ်လျှောက် လှေသွား လှေလာများ စည်ကားနေတော့သည်။

ငါးဖမ်းရာမှ ပြန်လာကြသူများ။

ရလာသော ငါးပုစွန်များကို ငါးရုံဒိုင်သို့ လာပို့ကြသူများ၊ ဈေးရောင်း ဈေးဝယ် ထွက်သောလှေများဖြင့် ချောင်းရိုးတစ်လျှောက် ခတ်တက်သံ၊ လှော်တက်သံများ ပြတ်သည်မရှိတော့ပေ။

ထိုအချိန်တွင် ချောင်းအတွင်းပိုင်းမှ အစ,ဘက်သို့ လှေတစ်စင်း ခတ်ထွက်လာသည်။

လှေမှာ စပါး (၁၅)တင်းဝန်ပါခန့်ရှိပြီး လှေခတ်လာသူမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အမည်မှာ 'မြလေးခင်' ဖြစ်သည်။ မြလေးခင်မှာ အသက်နှစ်ဆယ် ဝန်းကျင်အရွယ် မိန်းမပျိုတစ်ယောက် ဖြစ်သော်လည်း တော်ရုံ ယောက်ျားလေး တစ်ယောက်ကို မမှုသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

ယောက်ျားလေးတစ်ယောက်နှင့် လှေပြိုင်ခတ်ဝံ့သလို တစ်ယောက်တည်း ငါးဖမ်းဆင်းရမှာလည်း ဝန်မလေးသူဖြစ်၏။

သူမမှာ အဖေ၊ အမေနှင့် မောင်ငယ် တစ်ယောက် ရှိသော်လည်း အိမ်အတွက် စားဝတ်နေရေး အလုပ်မှန်သမျှကို ဖခင်ဖြစ်သူနှင့် ဒိုးတူပေါင်ဖက် လုပ်ကိုင်နိုင်သူ ဖြစ်သည်။

မြလေးခင် ဘဝ,က ကြမ်းတမ်းလှသည်။

ဖခင်ဖြစ်သူက ငါးများတန်းချသည့်အလုပ် အပါအဝင် ငါးပုစွန်မျိုးစုံတို့ကို နည်းမျိုးစုံဖြင့် ရှာဖွေဖမ်းဆီးသော အလုပ်ကို လုပ်ကိုင်၍ ရှာဖွေကျွေးမွေးရာ မြလေးခင်က ဖခင်ဖြစ်သူနှင့် အတူတွဲ၍ ကူညီ လုပ်ကိုင်ပေးရသည်။

သူမ၏အောက်တွင် မောင်ငယ်တစ်ယောက် ရှိသော်လည်း အရွယ်ငယ်သေးသောကြောင့် အားမကိုးရသေးပေ။ ငါးဖမ်းသည့် အလုပ်တို့မှာ မည်သည့် အလုပ်မဆို လူပို တစ်ယောက်ပါမှ အဆင်ပြေသည်။

ငါးဖမ်းလှေတို့ဖြင့် ပင်လယ်ထွက်ကာ ကြီးကြီး ကျယ်ကျယ် ငါးဖမ်းသော အလုပ်မှ ဒိုင်းဝန်း တစ်လက်၊ ကွန်





တစ်လက်ဖြင့် ငါးဖမ်းသောအလုပ်မျိုးအထိ လူပိုတစ်ယောက် တော့ ပါရသည်။

ငါးဖမ်းစက်လှေတို့တွင် လူများစွာ အသုံးပြုရပြီး မိကျောင်းဖမ်းသောအဖွဲ့ ဆိုလျှင်ပင် သုံးလေးယောက်တော့ ပါရသည်။

ချောင်းရိုး မြောင်းရိုးထဲမှာ ကွန်တစ်လက်နှင့် ငါးဖမ်း ထွက်သူပင်လျှင် လှေပဲ့ကိုင်ပေးဖို့ လူပိုတစ်ယောက်တော့ လိုအပ်ပေ၏။

ငါးများတန်းချလျှင်လည်း ကြိုးရှင်းဖို့၊ ငါးစာတပ်ဖို့၊ ငါးဖြုတ်ဖို့၊ ငါးများကြိုးတန်းလျှင် လှေပဲ့ကိုင်ပေးဖို့ လူတစ်ယောက်တော့ လိုသည်။

မြလေးခင် ဖခင် ဦးဘိုးမြက အခြားသူများကဲ့သို့ အရင်းအနှီး မပြည့်စုံသောကြောင့် ငါးများတန်း ချသည့် အလုပ်ကိုသာ လုပ်ရလေသည်။

၎င်းအတွက် လှေတစ်စင်းနှင့် ငါးများကြိုး ရှိရုံဖြင့် သုံးလောက်သည်။

မြစ်ဝကျွန်းပေါ်အရပ်တွင် နေထိုင်ကြသူများအတွက် ကတော့ အိမ်ထောင်စုတစ်ခုတွင် လှေတစ်စင်းတော့ ရှိကြရသည်။ တောအရပ်တွင် တစ်နေရာနှင့် တစ်နေရာ ကူးသန်း သွားလာဖို့ လှေတစ်စင်းတော့ လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



တောအရစ်တွင် မြစ်ချောင်း အင်းအိုင် ပေါလှသော ကြောင့် တစ်နေရာနှင့် တစ်နေရာ သွားလာဖို့ လှေသည် မရှိမဖြစ် ပစ္စည်းတစ်ခုပင် ဖြစ်၏။

ဦးဘိုးမြတို့မှာ အခြားပစ္စည်း ပြည့်ပြည့်စုံစုံ မရှိကြ သော်လည်း စပါး (၁၅)တင်းခန့် ဝန်ပါသည့် လှေတစ်စင်း တော့ ရှိသည်။

ငါးဖမ်းဆင်းလည်း ထိုလှေ၊ ငါးပို့လည်းထိုလှေ၊ ဟိုနား သည်နားသွားတော့လည်း ထိုလှေကိုပင် အသုံးပြုရလေသည်။

မြလေးခင်သည် လှေကို ခပ်သွက်သွက်ကလေး ခတ် လာပြီးနောက် ရွှေပုစွန် ငါးရှဲဒိုင် တံတားဆိပ်သို့ ရောက်တော့ ဆိုက်ကပ်လိုက်သည်။

တံတားဆိပ်မှာတော့ သူ့လိုပင် ငါး၊ ပုစွန် လာပို့ကြ သော လှေအချို့ ရှိနေလေ၏။

လှေကြိုးကို တံတားတိုင်မှာ ချည်ထားပြီးနောက် လှေဝမ်းအတွင်းမှ ငါးများကို တောင်းတစ်လုံးထဲ ထည့်ပြီး အပေါ်သို့ ထမ်းတက်လာသည်။

ဒိုင်စာရေး ဟန်ထွန်းက သူ့ကိုမြင်တော့ စာရင်းမှတ် နေရာမှ ထ,လာပြီး ငါးတောင်းကို ကူချပေးသည်။

"မြလေးခင်ရယ် ရောက်လာရင်လည်း တံတားဆိပ် ကနေ လှမ်းအသံပြုလိုက်ရင် ငါ ဒီက အလုပ်သမားတွေ





လွှတ်လိုက်မှာပေါ့ဟာ၊ ဘာကြောင့် အပင်ပန်းခံပြီး ထမ်းလာ ရသလဲ"

ဟန်ထွန်းက ပြုံးဖြီးဖြီး မျက်နှာဖြင့် ပြောလိုက်သည်။

"ရပါတယ်"

မြလေးခင်က ဒါပဲပြောပြီး ပခုံးပေါ်မှ ငါးညှီများကို သပ်ချလိုက်သည်။

"နင့်ရုပ် နင့်ရည်လေးနဲ့ဟာ ဒီလောက် ပင်ပန်းတဲ့ အလုပ်မျိုးတွေ လုပ်နေရတာ စိတ်မညစ်ဘူးလား"

"ဘာညစ်စရာရှိသလဲ၊ ကိုယ့်မှာရှိတာနဲ့ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားတာပဲ"

"နင်ကလည်းဟာ... ငါ့ဟာ စေတနာနဲ့ ပြောတာပါ၊ နင် သက်သောင့်သက်သာနဲ့ အလုပ်လုပ်ချင်ရင် ငါ သူဌေးကို ပြောပေးမယ်၊ နင် ငါးဒိုင်မှာ လုပ်မလား"

"မလုပ်ချင်ပါဘူး... ကျွန်မက လွတ်လွတ်လပ်လပ် နေရတာပဲ ကြိုက်တယ်၊ ကဲ... ဒီကအပြန်မှာ ဈေးဆိုင် ဝင်ရဦးမှာဆိုတော့ ငါးချိန်ပြီးတော့သာ စာရင်းရှင်းပေးပါ"

အလုပ်သမားများရှေ့မှာ လေသံမာမာဖြင့် အပြော ခံလိုက်ရသဖြင့် ဟန်ထွန်းမျက်နှာ တစ်ချက်ပျက်သွားသည်။

သို့ကြောင့် အရှက်ပြေ သဘောမျိုးဖြင့် အလုပ်သမား များဘက်သို့ လှည့်ကာ...

www.burmeseclassic.com



"ပေါ့ကောင်တွေ... ဘာငေးနေတာလဲ၊ ဒီမှာ ငါးချိန်ဖို့ လုပ်ကြလေ"

ဟု လှမ်းအော်လိုက်သည်။ ထို့နောက် ငါးတောင်းထဲမှ ငါးများကို အမျိုးအစားအလိုက်ခွဲကာ ချိန်သည်။

တန်းကျရာ၌ မိသောငါးမှ အမျိုးအစား စုံသည်။

ငါးတန်၊ ငါးထွေ၊ ငါးကြောင်း၊ ကာသပေါင်း၊ ကကတစ်၊ ပင်လယ်ငါးခူ စသည်တို့ ဖြစ်သည်။

ရာဇူ ဟုခေါ်သော သစ်သားချိန်ခွင်ကြီးထဲမှာ ငါးအမျိုးအစားအလိုက်ချိန်ရင်း တစ်ယောက်က အော်ပေးရပြီး ဟန်ထွန်းက စာရင်းမှတ်သည်။

"ငါးတန် ငါးပိဿာ"

"ပင်လယ်ငါးခူ သုံးပိဿာငါးဆယ်"

"ကကတစ် နှစ်ပိဿာခွဲ"

အားလုံးပြီးသောအခါမှ ဟန်ထွန်းက မြလေးခင်ကို စားပွဲသို့ ခေါ်သွားပြီး ငွေရှင်းပေးသည်။

"ငါးဖိုးစုစုပေါင်း လေးဆယ့်ငါးကျပ် ရမယ်၊ အရင်တစ်ပတ်က နင့်အဖေ နေမကောင်းလို့ ကြိုတင်ငွေ သုံးဆယ် ထုတ်ထားတာရှိတယ်၊ နှိမ်ယူလိုက်ရမလား"

ဟန်ထွန်းက အကဲခတ်သလို တစ်ချက် ကြည့်ရင်း မေးသည်။





"နှိမ်လိုက်ပေါ့"

"မဟုတ်ဘူးလေ၊ နင်တို့မှာ အခက်အခဲရှိရင် ရှိတယ် ပြောပေါ့၊ နောက်တစ်ပတ်မှ ယူပါဆိုရင်လည်း ရတယ်"

ဟန်ထွန်း၏ သဘောမှာ မြလေးခင်က သူ့ကို အောက်ကျို ...း ပြောစေချင်သည်။

ဒါကိုရိပ်မိသဖြင့် မြလေးခင်ကလည်း မျက်နှာထားတ ...ည်တည်နှင့်ပင်...

"သူများဆီကပိုက်ဆံ ယူထားတာပဲ ပြန်ပေးရမှာပေါ့၊ ...ခါတည်းသာ ဖြတ်ယူထားလိုက်ပါ"

ထိုသို့ပြောသဖြင့် ဟန်ထွန်းက တအံ့တဩ အမှုအရာ ... စာရင်းတွက်ချက်ပြီး ပိုငွေကို ပေးသည်။

"နင်က ပိုက်ဆံသာ မရှိတယ်၊ မာနတော့ အကြီး ...ယ်"

"လောကမှာ ပိုက်ဆံမရှိလို့သာ လူတွေကို အောက်ကျို့ ...ရင် ကိုယ့်ကိုနင်းမယ့်လူတွေ များလာမှာပေါ့၊ ပိုက်ဆံ ...ယ့် မာနလေးတော့ ရှိထားဦးမှ"

ဟု ပြောကာ ငါးတောင်းကို ယူပြီး တံတားဆိပ်သို့ ...လာသည်။

...နောက် လှေကြိုးကိုဖြေ၍ လှေပေါ်တက်ကာ ပြန်ထွက် ...ည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောမယ့်သာ ပြောရသည်။

ဒီတစ်ပတ် ငါးရတာ နည်းသဖြင့် ငါးဖိုးပိုက်ဆံက သိပ်မရ။ ဒီကြားထဲ အရင်တစ်ပတ်က ကျန်သောငွေကို ဖြတ်ယူလိုက်ပြန်သဖြင့် သူမလက်ထဲမှာ လက်ကျန် သိပ်မရှိတော့။

ယခုလောလောဆယ် စားဖို့စရိတ်၊ နောက်တစ်ရက် ငါးဖမ်းဆင်းလျှင် ယူသွားရမယ့် စရိတ်အတွက်ကလည်း ရှိသေးသည်။ လက်ကျန်ငွေနှင့် တွက်ကြည့်လျှင် ဘယ်လိုမှ မလောက်နိုင်ပေ။

"ဟယ်... မတတ်နိုင်ဘူး၊ သူများကြွေး မရှိတော့ရင် ပြီးတာပဲ၊ မရှိ ရှိတာနဲ့ လောက်အောင်စားရမှာပဲ"

ဟု တွေးကာ အပြန်တွင် ဈေးဝယ်ရန်အတွက် ဈေးဆိုင်သို့ ဝင်သည်။ ချောင်းကမ်းစပ်၌တည်ထားသော ဈေးဆိုင်ကြီး နှစ်ဆိုင်ရှိသည်။

တစ်ဆိုင်က တရုတ်လူမျိုး 'အထောင်'ဆိုသူ ဖွင့်ထားသော ကုန်စုံဆိုင်ဖြစ်ပြီး ကျန်တစ်ဆိုင်ကတော့ အရီးမြဆိုင် ဖြစ်သည်။

အထောင် ဆိုင်ကတော့ အရက်ပါရောင်းသဖြင့် မသွားချင်ပေ။ အရီးမြ ဆိုင်ကတော့ ၎င်း၏သားဖြစ်သူ ဘိုးထောင် ကြောင့် စိတ်ညစ်ရသည်။





ဘိုးထောင်က ရွာဦးကျောင်းတွင် ကျောင်းနေဖက် ဖြစ်ပြီး သူမနှင့် သက်တူရွယ်တူ ဖြစ်သည်။

ငယ်စဉ်ကတည်းက မြလေးခင်ကို သဘောကျနေပြီး တွေ့တိုင်း ရိသဲ့သဲ့နှင့် ရည်းစားစကား ပြောတတ်သဖြင့် မသွားချင်သော်လည်း ထိုဆိုင် နှစ်ဆိုင်မှလွဲ၍ အခြားဆိုင် သေးများက ပစ္စည်းစုံအောင် မရနိုင်သောကြောင့် အရီးမြ ဈေးဆိုင် တဲတာသို့ ဝင်ကပ်ရသည်။

လှေဆိုက်ပြီး အပေါ် တက်သွားတော့ အရီးမြက လှမ်းမေးသည်။

"ဘာယူမှာလဲ မြလေးခင်"

"ကျွန်မ ဈေးနည်းနည်း ချိန်ချင်လို့ အရီးမြ"

လေသံတိုးတိုးဖြင့် ပြောသည်။

"ဘာတွေယူမှာလဲ"

မြလေးခင်က လိုချင်သောပစ္စည်းများကို ပြောပြရင်း...

"အဲဒါ ကျွန်မကို လှေတစ်ခေါက် ပြန်လောက်တော့ ကြွေးပေးလိုက်ပါဦး"

ဟု ပြောသည်။

"အရင်တစ်ပတ် ကျန်တာလေးတွေ ရှိသေးတယ် မဟုတ်လား"

"အဲဒီကျန်တာလေးတွေ ကျွန်မ အခု ဆပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မြလေးခင်က ငါးဖိုးရလာသောငွေကို ထုတ်ပေးသည်။

အရီးမြက ငွေမြင်တော့ နည်းနည်းတော့ လေသံပျော့သွားသည်။

"ညည်းတို့မလဲ တစ်ခါမှ ချောင်လည်ကြတယ် မရှိဘူး၊ မဖြစ်ပါဘူးအေ... ညည်းကိုတော့ ငါ့ချွေးမအဖြစ် သိမ်းလိုက်မှပဲ အေးမယ် ထင်ပါတယ်"

မြလေးခင်က ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေသည်။

မတတ်သာလို့သာ အောင့်အည်း သည်းခံနေရသော်လည်း အရီးမြ၏သား ဘိုးထောင်မှာ မျက်နှာပေါ်မှာ ကျောက်ပေါက်မာ ဗလပျစ်နှင့် တယ်အလုပ်ကိုမှ လက်ကြောတင်းအောင် မလုပ်သူဖြစ်၏။"

နေ့စဉ် အရက်ကလေးတမြမြနှင့် ကြက်တိုက်၊ ဖဲရိုက်အလုပ်သာလုပ်ပြီး အမေ့လုပ်စာ ထိုင်စားနေသူ ဖြစ်၏။

ပိုက်ဆံလေး နည်းနည်းရှိသဖြင့် သူ့စက်ကွင်းမိကာ ဘဝပျက်ရသော မိန်းကလေးအချို့ပင် ရှိ၏။

ဈေးချိန်နေ[illegible]မှာ အပြင်မှ ဘိုးထောင် ပြန်လာသည်။

"ဟာ... မြလေးခင် ရောက်နေပါလား၊ ဈေးလာချိန်တာလား"

"အေး... ဟုတ်တယ်"





"နင်လိုချင်တာတွေ စုံအောင်ရရဲ့လား၊ ငါ ချိန်ပေးမယ်လေ"

"ကဲ... ဘိုးထောင်ရယ်၊ နင် မူးလာရင်လည်း ကိုယ့်ဘာသာ အေးအေးသွားနေစမ်း၊ ငါ့အလုပ်ကို ဝင်မရှုပ်စမ်းပါနဲ့"

အရီးမြက အော်ထုတ်သည်။

"အမေကလည်းဗျာ... မြလေးခင်ရှေ့မှာ ကျုပ်ကို ဒီလိုမပြောပါနဲ့၊ တော်ကြာ အထင်သေးသွားပါဦးမယ်"

"နင် အချိန်ရှိသမျှ မူးနေတာ ဘယ်မိန်းကလေးက ကြိုက်မှာလဲဟဲ့"

"အမေသာ ကျုပ်ကို မြလေးခင်နဲ့ရအောင် ပြောပေးရင် တစ်သက်လုံး အရက်ဖြတ်လိုက်မယ်"

ဟု ပြောကာ တဟားဟားရယ်လျက် အိမ်ထဲဝင်သွားလေသည်။

မြလေးခင် မျက်နှာပေါ်မှာတော့ ပန်းနုရောင်သမ်းနေခတော့သည်။

"ကဲ... ကြားတယ်မဟုတ်လား မြလေးခင်၊ ညည်းကိုသာရရင် ငါ့သားက တစ်သက်လုံး အရက်မသောက်တော့ပါဘူးတဲ့၊ ဘယ်လိုလဲ"

"ကျွန်မ ဒီအကြောင်းတွေ စိတ်မဝင်စားသေးပါဘူး အရီးမြရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုသာပြောပြီး ဈေးပစ္စည်းများကို ယူကာ ကမ်းဆိပ်သို့ ပြန့်ဆင်းလာခဲ့လေသည်။

ရင်ထဲမှာတော့...

ပစ္စည်းဥစ္စာ ချို့တဲ့ခြင်းသည် သိက္ခာတရားအတွက် အကာအကွယ် နည်းလေခြင်း။

ဟူသော အတွေးက နေရာယူရင်း ပါလာလေ၏။





အခန်း ( ၃ )

## ဘ၀နှင့် ရင်းရသော ဝေဒနာ

အိပ်ရာမှ မထ,နိုင်အောင် ဖြစ်နေသည်။

ခါတိုင်းက အရက် မသောက်တတ်ပါဘဲ အတော်များများ သောက်လိုက်မိသဖြင့် အရက်နာကျသလိုဖြစ်ကာ ခေါင်းတစ်ခုလုံး တစစ်စစ် ကိုက်ခဲနေသလို တစ်ကိုယ်လုံးလည်း မလှုပ်ချင်အောင် ဖြစ်နေတော့သည်။

တကယ်တော့ သူသည် အရက်သမားတစ်ယောက်တော့ မဟုတ်ပေ။ အပေါင်းအသင်းများက တိုက်တွန်းသည်က တစ်ကြောင်း၊ စိတ်ညစ်ညူးနေသည်က တစ်ကြောင်းကြောင့် ယခုလို အရက်သောက်ဖြစ်တာ မကြာလှသေး။

တကယ်ဆိုမူ နီမောင်တစ်ယောက် ယခုကဲ့သို့ အရက်သောက်ဖြစ်ရခြင်းမှာ 'မာလာတင်' နှင့် ပတ်သက်သည်ထက် မများပေ။



www.burmeseclassic.com

www.burmeseclassic.com



မာလာတင်က သူနှင့် ရွာဦးကျောင်း ဆရာတော်ထံတွင် ကျောင်းနေဖက်၊ စာသင်ဖက်ဖြစ်သလို ငယ်စဉ်က ကစားဖော်ကစားဖက်လည်း ဖြစ်သည်။ နီမောင်က မာလာတင်အပေါ်မှာ ငယ်စဉ်ကတည်းက သံယောဇဉ် ရှိနေခဲ့သည်။

သို့စေကာမူ...

သူတို့နှစ်ဦးက အခြေအနေချင်းတော့ မတူညီကြပေ။

နီမောင်တို့ မိသားစုက လက်လုပ်လက်စား ဘဝဖြင့် ဆင်းရဲကြသော်လည်း မာလာတင် မိဘများက စက်စုရွာ၏ နယ်ပိုင်သူကြီး ဖြစ်သလို လယ်ပိုင်၊ ချောင်းပိုင်၊ ကျွဲ၊ နွား အမြောက်အမြား ပိုင်ဆိုင်ကြရုံမက ရွာနီးတစ်ပိုက်ရှိ အုန်းခြံ၊ ကွမ်းသီးခြံ၊ ငှက်ပျောခြံ၊ ဓနိခြံတို့မှာ လက်ညှိုးထိုးမလွဲအောင် ရှိကြသည်။

မာလာတင် ဖခင် သူကြီး ဦးကျော်ဇံလှ ဆိုလျှင် တစ်နယ်လုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ လေးစားရသည့် နယ်ပိုင်သူကြီးတစ်ယောက် ဖြစ်သည်။

ဘိုကလေး(ဗိုလ်ကလေး)၊ ဖျာပုံမြို့ပေါ်မှ အစိုးရအရာရှိများ၊ ဌာနာအုပ်၊ စခန်းမှူး အစရှိသည့် အာဏာရှိသူများကလည်း အောက်ဘက်သို့ အရေးကိစ္စရှိ၍ ဆင်းလာကြလျှင် သူကြီး ဦးကျော်ဇံလှ အိမ်မှာပင် တည်းခိုနေထိုင် စားသောက်ကာ စခန်းချလေ့ရှိကြလေသည်။





ဦးကျော်ဇံလှသည် ဒိုင်နယ်သူကြီး တစ်ယောက် ဖြစ်သကဲ့သို့ အထက်လူကြီးများနှင့်လည်း အပေါင်းအသင်း ကောင်းသောကြောင့် နာမည်ကောင်း လက်မှတ်များ မကြာခဏ ရကာ သူကြီးရာထူးလည်း မြဲလှပေသည်။

ဦးကျော်ဇံလှ၏အိမ်မှာ ရွာလယ်ပိုင်းလောက်တွင်ရှိပြီး ခမ်းနား ကြီးကျယ်လှသည့် နှစ်ဆောင်ပြိုင်အိမ်ကြီး ဖြစ်၏။

ထိုအိမ်ကြီးမှာ ၎င်း၏နေအိမ်ဖြစ်သလို တိုက်နယ်သူကြီး ရုံးခန်းလည်း ဖြစ်၏။

ထိုအိမ်ကြီးတွင် လာသမျှသည့်သည်များကို အရက်နှင့် အစားအသောက် ကောင်းကောင်းဖြင့် ကျွေးမွေး ဧည့်ခံလေ့ ရှိသောကြောင့် သက်ဆိုင်ရာ အစိုးရအမှုထမ်း၊ အရာထမ်းများ၊ ပုလိပ်များ၊ သစ်တောအမှုထမ်းများ၊ အရာရှိများ၊ မြေတိုင်းဘက်ဆိုင်ရာ အမှုထမ်းတို့ စတည်းချ ပျော်မွေ့ ကျက်စားရာ နေရာလည်းဖြစ်၏။

ထိုအထဲတွင် ဘိုကလေးမြို့ ဂါတ်တဲမှ ဌာနာအုပ် ကိုသောင်းထိုက်ဆိုသည်း တစ်ဦးအပါအဝင် ဖြစ်သည်။

ကိုသောင်းထိုက်မှာ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် ရာထူး ရထားသူဖြစ်ရာ ထိုအရှိန်အဝါနှင့် သူကြီး ဦးကျော်ဇံလှထံသို့ တစ်လ တစ်ခေါက်၊ နှစ်ခေါက်ဆိုသလို လာရောက်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ နယ်မြေကို လာရောက် စစ်ဆေးသည်ဟု အကြောင်းပြသော်လည်း အဓိက,ကတော့ သူကြီး၏သမီးချော မာလာတင်ကို လာရောက် ပိုးပန်းနေခြင်းဖြစ်၏။

ထိုအကြောင်းကို သူကြီး ဦးကျော်ဇံလှနှင့် သူကြီးကတော် ဒေါ်ပန်းမွှေတို့က ရိပ်မိကြသော်လည်း မသိဟန်ပြုထားကြသည်။

ငင်းတို့အနေနှင့် ကိုသောင်းထိုက်လို လူပျို အရာရှိတစ်ဦးနှင့် ဆက်ဆံရသည်ကိုပင် ဝမ်းသာ ကျေနပ်နေသည်။ ကိုသောင်းထိုက်ကလည်း လာလျှင် မြို့မှ မာလာတင်အတွက် အဝတ်အစားနှင့် အလှအပ အသုံးအဆောင် ပစ္စည်းများ ယူဆောင်လာလေ့ ရှိသည်။

မာလာတင်ကလည်း ဒါကိုပင် သဘောကျ ပျော်ရွှင်နေ၏။

"ဟောဒါက တင့်အတွက် ကိုကိုထိုက် ဝယ်လာတဲ့ နာရီလေး၊ ဘယ်လောက်လှသလဲ ကြည့်ပါဦး"

"ဟယ်... လှလိုက်တာ၊ ဒီလောက် တန်ဖိုးကြီးတဲ့ နာရီမျိုး ဝယ်လာတော့ ကိုကိုထိုက် ငွေအများကြီးကုန်မှာပေါ့"

"ဒီလောက်များတော့ ကိုကိုထိုက်က မှုစရာမလိုပါဘူး။ အမှုသည် တစ်ယောက်လောက်ကို နည်းနည်းလောက် ပညာပေးလိုက်တာနဲ့ ဒီလောက် ငွေလောက်ကတော့ အသာကလေး ရနိုင်ပါတယ်"





"ငွေများများရတော့လည်း စုထားပေါ့ ကိုကိုထိုက်ရဲ့နောက် ကိုကိုထိုက် မိန်းမလေး ဘာလေး ယူတော့ သုံးလို့ရတာပေါ့"

"ကိုကိုထိုက်အတွက်က ဒါတွေက ဘာမှပူစရာမရှိပါဘူး။ ရန်ကုန်မှာ ကိုကိုထိုက် မိဘတွေက တိုက်နဲ့ ခြံနဲ့ ချမ်းချမ်းသာသာ နေကြတာပါ၊ တကယ်လို့ ကိုကိုထိုက် ကြိုက်နှစ်သက်တဲ့ မိန်းမတွေ့လို့ လက်ထပ်ရင် အမွေခွဲပေးကြဦးမှာ၊ ကိုယ်ရမယ့် အမွေနဲ့တင် မပူမပင် နေနိုင် စားနိုင်ပါတယ်"

တောသူ ရိုးရိုးအအ မာလာတင်ခမျာ လူလည် ကိုသောင်းထိုက်၏ စကားများကို ကြားရသည်နှင့် သဘောအကျကြီး ကျနေလေတော့သည်။

"ကိုကိုထိုက်ကရော သဘောကျတဲ့လူ တွေ့ထားပြီလားဟင်"

"အင်း...တွေ့တော့ တွေ့ထားပြီ ဆိုပါတော့၊ ဖွင့်တော့ မပြောရသေးပါဘူး"

"ဘယ်သူလဲဟင်... ကျွန်မတို့ ရွာထဲကပဲလား"

"ဟုတ်တယ်လေ... ဒီရွာကပဲ...၊ ကိုယ် ဒီရွာကို ဘာကြောင့် ခဏခဏလာနေတာကို ခုထိ အတင် မရိပ်မိသေးဘူးလား"

"ကိုကိုထိုက် မပြောဘဲနဲ့ အတင်က ဘယ်လိုသိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ချင်ယောင် ဆောင်ကဲ့သူဟာ အနိုးရခက်တယ် ဆိုတာ တယ်ပြီး မှန်တဲ့စကားပဲ၊ အတင်က တကယ် မသိသေးဘူး ဆိုတော့လည်း ကိုကိုထိုက်က ဖွင့်ပြောရမှာပေါ့၊ ကိုကိုထိုက် သဘောကျနေတဲ့သူက တခြား မဟုတ်ပါဘူး။ မာလာတင် ဆိုတဲ့ ဟောဒီက မိန်းမချောလေးပါပဲ"

မာလာတင်မှာ မပြောခင်ကတည်းက အရိပ်အကဲကို သိနေသော်လည်း ယခုကဲ့သို့ အပြောခံရသောအခါ တစ်ကိုယ်လုံး ထူပူသွားပြီး မျက်နှာမထားတတ်အောင်ဖြစ်ကာ ခေါင်းငုံ့ထားလိုက်လေသည်။

ရင်ထဲမှာလည်း တဒိန်းဒိန်း အခုန်မြန်လျက် ရှိနေသည်။

"ကဲ... ဘယ်လိုလဲ၊ ကိုယ့်သဘောကတော့ ဖွင့်ပြောပြီးပြီ၊ အတင်ရဲ့ သဘောက ဘယ်လိုလဲ၊ ပြောပါဦး"

"အို... ကျွန်မက အခုမှ ဆယ့်ရှစ်နှစ်တောင် မပြည့်သေးဘူး၊ ဒီအကြောင်းတွေကို ဘယ်သိပါ့မလဲ၊ နောက်ပြီး လက်ထပ်ဖို့ ကိစ္စကိုလည်း မစဉ်းစားဝံ့သေးပါဘူး"

"မဟုတ်ဘူးလေ... ကိုယ်ပြောတာက အခုချက်ချင်း လက်ထပ်ကြဖို့ မဟုတ်ပါဘူး၊ ကိုယ့်သဘောကို လက်ခံတယ် မခံဘူး သိသာရုံလောက်ပါပဲ၊ လက်ထပ်ဖို့ ကိစ္စကတော့ နောက်မှ လူကြီးတွေနဲ့ တိုင်ပင်ပြီးတော့မှ စီစဉ်ကြတာပေါ့"





ဌာနာအုပ် သောင်းထိုက်က စားနေကျကြောင်ဖားပိပိ ပါးစပ်ဝနား ရောက်လုနေသော အစာကို လက်လွှတ်မပေးလိုဟန်ဖြင့် ဆက်ပြောသည်။

"ဒီအကြောင်းတွေကိုတော့ ကျွန်မ စဉ်းစားပြီးမှ အဖြေပေးပါရစေနော်၊ နောက်အခေါက်လာမှပဲ ကိုကိုထိုက် သိချင်တာတွေ သိရပါစေ့မယ်"

ဟု အချိုသတ်ပြီး စကားပြတ်သွားသဖြင့် ဌာနာအုပ်သောင်းထိုက်မှာ မချင့်မရဲဖြင့် ကျန်ရစ်ခဲ့လေသည်။

သို့သော်လည်း ထိုသတင်းမှာ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး တစ်ရွာလုံး ဟိုးဟိုးကျော်သွားလေတော့သည်။

"ဟဲ့... ဟဲ့... ဟိုသတင်း ကြားပြီးကြပလား၊ အိုကြီးသမီး မာလာတင်လေးကို ဌာနာအုပ်ကလေးနဲ့ ပေးစားကြတော့မယ် ဆိုလား ဘာဆိုလား"

"မဟုတ်သေးပါဘူး အရီးမြရယ်၊ အခုမှ မြန်းကြတဲ့ အဆင့်ပဲ ရှိပါသေးတယ်၊ ယူတာကတော့ ယူကြမှာပါ၊ ဒါပေမယ့် အခုတော့ မဟုတ်ကြသေးပါဘူး"

ထိုသတင်း ထွက်လာသောအခါ စောထီးနှင့် ငမဲအောင်တို့က နီမောင် ရှိရာ ရောက်လာကြပြီး...

"ဟေ့... နီမောင်၊ မင်း မာလာတင်သတင်း ကြားပြီးပြီလား"

ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းလဲ"

"မင်း မိကျောင်းဖမ်းဖို့ချည်း စိတ်ကူးမနေနဲ့ဟ၊ ဒါထက် မင်းနဲ့ မာလာတင် အခြေအနေကရော ဘယ်လိုလဲ"

"တို့က ငယ်ငယ်ကတည်းက သူငယ်ချင်းတွေပဲ၊ အခုလည်း သူငယ်ချင်းပဲပေါ့"

"အချင်းချင်းတွေ အပို ပြောမနေစမ်းပါနဲ့ကွာ၊ မင်း ငယ်ငယ်ကတည်းက မာလာတင်ကို ကျိတ်ပြီး ကြိုက်နေတာ တို့မသိဘူး ထင်လို့လား၊ မာလာတင်ကလည်း သူငယ်ချင်းတွေထဲမှာ မင်းကို မျက်နှာသာ အပေးဆုံးပဲ"

"အခု သူ ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ... အခု မြို့က ဌာနာအုပ် ကိုသောင်းထိုက် ဆိုတဲ့လူက မာလာတင်ကို တောင်းယူတော့မယ် ဆိုလား ပြောနေကြတာ မင်း မကြားမိဘူးလား"

"နီမောင်... မိကျောင်း ထိုးဖို့ချည်း စိတ်ကူးမနေနဲ့ မိကျောင်းက ဘယ်အချိန် ဆင်းဖမ်းဖမ်း ရတယ်၊ အေးတိအေးစက် လုပ်နေလို့ တော်ကြာ ကိုယ့်ရည်းစား သူများနောက် ပါသွားဦးမယ်"

စောထီး၊ ငမဲအောင်တို့က ငယ်သူငယ်ချင်းလည်း ဖြစ်၊ ယခု ကြီးလာတော့လည်း မိကျောင်းဖမ်းဖော် ဖမ်းဖက်များ ဖြစ်ကြသည်။





ထိုကဲ့သို့ ပြောဖန်များလာတော့ နီမောင့်ရင်ထဲမှာ နည်းနည်းတော့ ခိုးလိုးခုလု ဖြစ်လာမိသည်။

တကယ်တော့ မာလာတင်တို့ အခြေအနေ၊ အဆင့်အတန်းနှင့် သူတို့အဆင့်အတန်းက အတော်ကလေး ကွာခြားလှသည်။ နီမောင့်ဘဝက စလွတ်ထိုးသမားဘဝဖြင့် ဝမ်းစာရှာဖွေနေရပြီး မာလာတင်က ရွာတွင် ကြေးရတတ် ကွမ်းထောင်ကိုင် ဖြစ်သည်။

အဆင့်ချင်း မတူသော်လည်း မာလာတင်က သူ့အပေါ်မှာတော့ သံယောဇဉ် ရှိသည်။

သို့ကြောင့်...

မာလာတင်နှင့် တွေ့သောအခါ ပွင့်ပွင့်လင်းလင်း မေးမြန်းလေ၏။

"မာလာတင်... နင် မြို့ကလာတဲ့ ဌာနာအုပ်ဆိုတဲ့ သူနဲ့ ယူကြတော့မလို့ဆို... ဟုတ်လား"

"မဟုတ်တာ နီမောင်ရယ်၊ နင့်ကို ဘယ်သူက ပြောသလဲ"

"နင်တို့သတင်းက တစ်ရွာလုံး သိနေကြတာပဲဟာ၊ နင် ကိုယ်နဲ့ အတွင်းသဘောချင်း မသိရတဲ့လူတွေနဲ့ ယူဖို့ မစဉ်းစားနဲ့နော်၊ တော်ကြာမှ မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး မလုပ်ပါနဲ့ဟယ်၊ ဒါတွေ ငါ သိပါတယ်၊ ဒါထက် မေးပါရစေဦး... ငါ့ဘာသာ ဘယ်သူနဲ့ပဲ ယူယူ နင်က ဘာဖြစ်လို့ လာမေးနေတာလဲ"

"နင့်အတွက် စိုးရိမ်လို့ပေါ့ဟာ"

"ကိုယ့်ရွာက လူတစ်ယောက် မြို့က အရာရှိ အရာခံ တစ်ယောက်နဲ့ အိမ်ထောင်ကျတာ ဂုဏ်ယူစရာ မဟုတ်ဘူးလား"

"မြို့ကလူ ဆိုပေမယ့် ဓာတ်မသိတဲ့လူကို ယူမိလို့ နောက်ပိုင်း စိတ်ဆင်းရဲရမှာ စိုးလို့ပါ"

ထိုစကားကြောင့် မာလာတင်၏ မျက်နှာပေါ်မှာ မဲ့ပြုံးတစ်ချက် ပေါ်လာသည်။

"ဒါဖြင့်... ငါက ကိုယ့်ရွာက လယ်သမားကိုယူပြီး လယ်ထဲ ဆင်းရမယ်ပေါ့။ ဒါမှမဟုတ် ငါးရှာတဲ့လူကို ယူပြီးတော့ ချောင်းထဲ ဆင်းနေတာကို နင်က မြင်ချင်တယ်ပေါ့၊ ဟုတ်လား... နီမောင်"

"နင် ငါ့ရဲ့စေတနာကို မစော်ကားပါနဲ့ မာလာတင်ရယ်၊ နင့်ဘဝကို နင်ကိုယ်တိုင်ပဲ ဆုံးဖြတ်ပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့် ရှိပါတယ်၊ ငါတို့က နံဘေးကနေ စေတနာနဲ့ သတိပေးရုံလောက်ပဲ တတ်နိုင်တာပါ"

ငါပဲပြောပြီး နီမောင် လှည့်ပြန်ခဲ့လေသည်။





ရင်ထဲမှာလည်း ဝမ်းနည်း ကြေကွဲမှုအချို့က တွယ်ငြိကပ်ပါလာ၏။

ငယ်စဉ်ကတည်းက မာလာတင် အပေါ် တိတ်တခိုး စွဲလမ်းခဲ့မှုများနှင့် တစ်ဖက်သတ် မျှော်လင့်ချက်အတွေးတို့က ဝေဒနာအဖြစ် ပြောင်းလဲသွားတော့သည်။

မျှော်လင့်ချက်တစ်ခု ပြိုကွဲ ပျက်စီးသွားသောအခါတွင် ရင်ထဲမှာ ရှိသမျှ ခွန်အားတို့ကိုပါ နုတ်ယူခြင်း ခံရသလို ဖြစ်သွားသည်။

ထိုအခါ လက်ရှိလုပ်နေသည့် အလုပ်ကိုပင် မလုပ်ချင်သော့။ နီမောင်၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ အခြားသူများထံတွင် အခ,စားဘဝဖြင့် ငါးဖမ်းလိုက်ခြင်း ဖြစ်၏။

သို့စေကာမူ... သူ၏ ကျွမ်းကျင်သော အလုပ်မှာ မီကျောင်းဖမ်းသော အလုပ်ပင် ဖြစ်သည်။

ငယ်စဉ်ကတည်းက အဘဦးမွန်ထော်ထံ၌ မိကျောင်းဖမ်းဆီးသော အတတ်ပညာကို လေ့လာ သင်ယူခဲ့ရာ ယခုအခါတွင် ပြိုင်ဘက်ကင်းသော စလွတ်သမားတစ်ယောက်အဖြစ် တစ်ရွာလုံးက အသိအမှတ် ပြုထားကြသည်။

လက်တစ်လုမ်း၊ စလွတ်တစ်ကမ်းမှာရှိသည့် သားကောင်ကို စလွတ်ဖြင့် ထိုးပါက ဘယ်သောအခါမှ လွတ်ရိုးထုံးစံမရှိခဲ့ပေ။



www.burmeseclassic.com

သို့ကြောင့်လည်း တစ်ရွာလုံးမှာရှိသည့် မိကျောင်းဖမ်း သမားများက မိကျောင်းဖမ်းထွက်လျှင် နီမောင်ကို ခေါ်လေ့ ရှိကြသည်။

နီမောင်တို့မိသားစုမှာ အဖေ၊ အမေနှင့် ကျောင်းသား အရွယ် ညီငယ်တစ်ယောက် ရှိသည်။

ထိုမိသားစုများကို သူ တတ်ကျွမ်းသော အလုပ်နှင့်ပင် ရှာဖွေ ကျွေးမွေးခဲ့သည်။

နီမောင်ပါလျှင် မိကျောင်းမရဘဲ ပြန်လာလေ့မရှိသော ကြောင့် တစ်ရွာလုံးက သူ့ကို 'လက်ဖြောင့်စလွတ်သမား' ဟု နာမည် ပေးထားကြသည်။

နီမောင်မှာ အလုပ်ခေါ်ချင်သူများသဖြင့် ထိုအလုပ်မှ ရသောငွေဖြင့် မိသားစုတစ်တွေ စားသောက်ကြသည်။

နီမောင့်ဖခင် ဦးဘရှိန်မှာ အသက်ငါးဆယ်ကျော်အရွယ် ရှိပြီး ယခင်က မိကျောင်းဖမ်းသူတစ်ဦး ဖြစ်ခဲ့သည်။

နောက်တော့ မိကျောင်းအမြီးနှင့် ခါးကို အရိုက်ခံရ သဖြင့် ခါးက သိပ်မသန်တော့သောကြောင့် အလုပ်မှ နားနေ ရပေရာ ထိုနောက်ပိုင်း နီမောင်ကပဲ လုပ်ကိုင်ကျွေးမွေးခဲ့ရသည်။

ယခုတလော နီမောင်တစ်ယောက် အလုပ်ကို သိပ်စိတ် မဝင်စားနိုင်လောက်အောင် စိတ်ထဲမှာ ထိခိုက် ခံစားနေရ လေသည်။





မလွဲမရှောင်သာ လိုက်သွားရလျှင်လည်း တွေးဝေး နေသောကြောင့် အလွဲလွဲ အချော်ချော် ဖြစ်တာ များလာ လေသည်။

"နီမောင်က အရင်လိုမဟုတ်တော့ဘူး။ ဘယ်လိုဖြစ်နေ သလဲ မသိဘူး"

"ဘယ်လိုဖြစ်ရမလဲ... မမီတဲ့ပန်းကို တုံးခု လှမ်းချင် သလို သူက ကိုယ်နဲ့ အဆင့်အတန်းချင်းမတူတဲ့ သူကြီးသမီး မာလာတင်ကို မှန်းနေတာကိုး၊ အခု ဟိုက မြို့ကဌာနာအုပ် တစ်ယောက်နဲ့ လက်ထပ်တော့မယ် ဆိုလား ဘာဆိုလား သတင်းတွေ ထွက်လာတော့ မင်းအကောင် ငါးအရှင်ကို ပြာပုထဲချသလို ဖျပ်ဖျပ်လူးနေတာပေါ့"

"အဲဒါက အရေးမကြီးဘူး၊ အလုပ်ထဲမှာ စိတ်မဝင်စား တော့ သူ့ကိုခေါ်သွားလည်း မိကျောင်းမရတာက များတယ်"

"မရတာက အရေးမကြီးဘူး၊ မိကျောင်း ဖမ်းတယ် ဆိုတာ အသက်အန္တရာယ်နဲ့ရင်းပြီး လုပ်ကြရတာ၊ သူ့အတွက် နေတာ့ ကျန်တဲ့လူတွေပါ ဒုက္ခအရောက်မခံနိုင်ဘူး၊ ဒီပုံ အတိုင်းဆိုရင်တော့ သူ့ကိုမခေါ်ဘဲ တခြားလူ ရှာခေါ်တာ မှ ကောင်းဦးမယ်"

ဟု အချင်းချင်း သတင်းလွှင့်ကာ မိကျောင်းဖမ်းဆင်းသူ များက နီမောင်ကို အလုပ်မခေါ်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နီမောင့်မှာ စိတ်ညစ်နေသည်က တစ်ကြောင်း၊ အလုပ်မရှိသည်က တစ်ကြောင်းကြောင့် ယခင်က မသောက်ဖူးသော အရက်ကိုပင် မူးအောင် သောက်တတ်လာတော့သည်။ မိဘများက သားဖြစ်သူကို ဖျောင်းဖျ ပြောဆိုသော်လည်း မရနိုင်အောင် ဖြစ်နေသည်။

သူနှင့် လုပ်ဖော်ကိုင်ဖက်လည်းဖြစ်၊ အစ်ကိုတစ်ယောက်လို ခင်သော ကိုထွန်းစိန်က...

"စိတ်ညစ်တာတော့ စိတ်ညစ်ပေါ့ကွာ၊ ဒါပေမယ့် အရက်တွေ ဘာတွေတော့ အစ,လုပ်ပြီး မသောက်ပါနဲ့၊ အရက်စွဲသွားရင် မင်းဘဝ ပျက်သွားလိမ့်မယ်"

"ကျွန်တော် အရက် သောက်ချင်လို့ သောက်တာ မဟုတ်ပါဘူး အစ်ကိုထွန်းစိန်ရာ၊ မာလာတင်က ကျွန်တော့် စေတနာကို နားမလည်ဘူး၊ ကျွန်တော့်စေတနာကို စော်ကားတယ်ဗျ"

"အေးပေါ့ကွာ...စော်ကားတော့လည်း သူ့ထိုက်နဲ့သူ့ကံ ထားလိုက်ပေါ့၊ မင်း အခုလိုလုပ်နေတော့ မင်းကို မှီခိုနေရတဲ့ လူတွေ ဘယ်လောက် ဒုက္ခရောက်ကြသလဲ၊ အခုဆိုရင် မင်းအဖေဆိုရင် ခါးမသန်တဲ့ကြားက အလုပ်ဆင်းနေရတယ်"

ထိုစကား ကြားတော့ နီမောင့်မှာ စိတ်မကောင်း ဖြစ်သွားလေသည်။





"ကျွန်တော် နောက်ကို အရက်မသောက်တော့ပါဘူး၊ အလုပ်ဆင်းနိုင်အောင်လည်း ကြိုးစားပါ့မယ်"

"အေးကွာ... ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ မင်း အလုပ်ဆင်းနိုင်တဲ့ရက်ကျရင် ငါ လာခေါ်ပါ့မယ်"

-ဟု ပြောကာ ကိုထွန်းစိန် တစ်ယောက် ပြန်သွားလေသည်။

နီမောင့်မျက်စိထဲမှာ ဝေ့ဝေ့ဝါးဝါး ဖြစ်နေသလို ခေါင်းထဲမှာလည်း တစစ်စစ် ကိုက်ခဲလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၄ )

## နှလုံးသားဒဏ်ရာ

နီမောင် အိပ်ရာမှ ထ,လာတော့ အမေ့ကို တွေ့ရသည်။

"အမေ... အဖေ ဘယ်သွားလဲ"

"မင်းအဖေ အလုပ်လာခေါ်တဲ့လူရှိလို့ လိုက်သွားတယ်"

"ဟင်... အဖေက ခါးကနာနေတာ၊ အလုပ်ဆင်းလို့ ဖြစ်ပါ့မလားဗျာ"

"မဖြစ်တော့လည်း သွားရယ်... အိမ်မှာ စားစရာမှ မရှိတော့ ဒီလိုပဲ လိုက်ရမှာပေါ့"

အမေက သူ့ကို အပြစ်တင်သည့် လေသံမျိုး မပါဘဲ အခြေအနေကို ပြောပြသည်။

အဖေက ခါးနာနေလျက်နဲ့ အလုပ်ဆင်းသွားရသလို အမေကလည်း တရှောင်ရှောင်နှင့် နေမကောင်း ဖြစ်နေခဲ့သည်မှာ ကြာပြီ။





အားဆေးလေး ဘာလေး ဝယ်တိုက်နိုင်လျှင် ကောင်းမှာပဲဟု စိတ်ထဲက သိသော်လည်း ဆေးဝယ်ပေးဖို့ နေနေသာ ရွာထဲမှာ စျေးပေါပေါနှင့်ရသည့် နွားနို့ပင် ဝယ်မတိုက်ဖြစ်ခဲ့။

ရွာထဲက အရိုးမြေ စျေးဆိုင်မှာလည်း ကြွေးယူရတာများလို့ မျက်နှာပူစရာ ကောင်းနေပြီ ဟုတော့ အမေက မကြာခဏ ပြောဖူးသည်။

အိမ်မှာအဆင်မပြေလျှင် တဘက်ကလေး တစ်ထည်ကို ခေါင်းပေါ်တင်ကာ ရွာထဲသို့ ထွက်သွားလေ့ရှိသော အမေသည် သူ၏အရှက်နှင့် သိက္ခာတရားကို ထိုတဘက်ထဲမှာ သိုဝှက် ထားခဲ့လေရော့သလား။

"မနက်က ထွန်းစိန် လာသွားတယ်"

"ဘာပြောသွားသလဲ အမေ"

"မင်း အိပ်ရာကနိုးလို့ အလုပ် လုပ်နိုင်ရင်တော့ သူ့ဆီကိုလာခဲ့ဖို့ မှာသွားတယ်"

အမေက နီမောင့်ကို မကြည့်ဘဲ ပြောနေသော်လည်း အမေ့ရဲ့ ရီဝေနေသော မျက်ဝန်းထဲမှာတော့ တစ်စုံတစ်ခုကို မျှော်လင့်နေဟန် ရှိသည်။

ကိုအချိန်မှာ ညီအငယ် ဖိုးအောင်က အနားရောက် လာသည်။

"အစ်ကို နေမကောင်းရင် ကျွန်တော် နင်းပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လက်တွေ လေးလံ ထိုင်းမှိုင်းပြီး တစ်ကိုယ်လုံး မလှုပ်ချင်အောင် ဖြစ်နေသဖြင့် အိပ်ရာပေါ် ပြန်မှောက်ပေးလိုက်တော့ ဖိုးအောင်က အပေါ်တက်နင်းသည်။

ဖိုးအောင်က ငယ်သေးသော်လည်း အစ်ကို အလုပ်ဆင်းလျှင် ပိုက်ဆံရမည်။ အလုပ်မဆင်းလျှင် ပိုက်ဆံမရဟူသော အသိလောက်ရှိသဖြင့် အစ်ကိုဖြစ်သူ မြန်မြန်နေကောင်းစေရန် စေတနာနှင့် နင်းပေးရှာသည်။

ကျောနှင့် ပေါင်နှစ်ဖက်ကို အနည်းငယ် နင်းပေးလိုက်တော့ တင်းနေသောအကြောများ ပြေလာသည်။

"မင်း ကျောင်းတက်ရတော့မလား"

"ဒီဥပုသ်ကျော်ရင် ကျောင်းက စပြီးလက်ခံပြီ အစ်ကို"

"အင်း..."

"နောက်ပြီး ဆရာက ပြောတယ်၊ ကျောင်းဝင်ကြေးနဲ့ စာအုပ်ဖိုးတွေ သွင်းရမယ်တဲ့၊ နောက်ပြီး ကျောင်းတက်ရင် ကျွန်တော့်မှာ ဝတ်စရာ အင်္ကျီ၊ လုံချည် မရှိဘူး"

ဖိုးအောင်မှာ အစ်ကိုဖြစ်သူက စိတ်လိုလက်ရ မေးနေတုန်း သူလိုချင်တာတွေ အားလုံးပြောပြသည်။

နီမောင် ခေါင်းထဲမှာတော့ ဓားစောကထက်ပိုပြီး လေးလံ ကိုက်ခဲလာသည်ဟု ထင်မိလေသည်။

ထိုအခါ အမေကပါ ဝင်ပြောသည်။





"မင်းညီလေး ဖိုးအောင်မှာ ဝတ်စရာ ပုဆိုး၊ အင်္ကျီ မရှိရှာဘူး၊ သူ့အတွက် အဝတ်အစား ဝယ်မပေးနိုင်တာလည်း ကြာပြီ၊ မင်းလုံချည်၊ အင်္ကျီတွေ ယူဝတ်ပြန်တော့လည်း မတော်မနန်းနဲ့၊ ခမျာ မျက်နှာငယ်ရတယ်"

စိတ်မကောင်း ဖြစ်မိခြင်းနှင့်အတူ လှဲနေရာမှထတော့ ဖိုးအောင်က အောက်သို့ ဆင်းပေးသည်။

အမေက ဆေးလိပ်ခွက်ထဲမှ ပြောင်းဖူးဖက် ဆေးလိပ်အတိုကလေးကိုပင် မီးခြစ်နှင့်မီးညှိပြီး တစ်ဖွာ နှစ်ဖွာ ဖွာသည်။

မီးခိုးငွေ့များက ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဝေ့ဝဲပျံ့နှံ့လျက်။

"မင်းအဖေ အလုပ် လုပ်နိုင်တုန်းကတော့ ဘာမှ ပူစရာမရှိလှပါဘူး၊ အခု သူကလည်း မိကျောင်းအမြီးနဲ့ အရိုက်ခံထားရတော့ ခါးက မသန်တော့ဘူး၊ အမေတို့ မိသားစုက မင်းလုပ်စာကလေး တစ်ခုကိုပဲ မှီခိုစားသောက်နေရတာပါ သားရယ်၊ အခု မင်း အလုပ်မဆင်းလို့သာ မင်းအဖေ အလုပ်ဆင်းသွားရရှာတာ၊ သူ့ခါးက ဒဏ်ရာက မကောင်းလှသေးဘူး"

ထိုစကားကြားတော့ စိတ်ထဲမှာ နင့်သွားလေသည်။

"အမေ... ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် မလုပ်သင့်တာ မဖြစ်သင့်တာတွေကို လုပ်မိလို့ အခုလိုဖြစ်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အမေ့လက်ကို ကိုင်ကာ တောင်းပန်စကား ဆိုသည်။

ထိုအခိုက်အတန့်တွင် နီမောင့်မျက်ဝန်းမှာ မျက်ရည်ကြည်များ ရစ်ဝဲနေသလို အမေ့မျက်လုံးအိမ်မှာလည်း မျက်ရည်များ ရစ်ဝဲနေ၏။

"ကျွန်တော့်အတွက်နဲ့ နောက်ကို အဖေတို့ အမေတို့ စိတ်မဆင်းရဲစေရပါဘူး၊ အရက်လည်း မသောက်တော့ပါဘူး၊ အလုပ်ကိုလည်း ကြိုးကြိုးစားစားနဲ့ ပြန်လုပ်ပါ့မယ်"

ထိုစကား ကြားသောအခါ အမေ့မျက်နှာပေါ်မှာ အပြုံးရိပ်များ ယှက်သန်းနေသလို နံဘေးမှာရှိနေသော ဖိုးအောင်မျက်နှာပေါ်မှာ ပျော်ရွှင်မှုများ ပေါ်နေသည်။

ဆုံးဖြတ်ချက်တစ်ခုသည် အင်အားအဖြစ် ပြောင်းလဲစေနိုင်သည် ဟူသော စကားလိုပင်။

နီမောင့်အနေနှင့် တစ်ခုခုကိုစွန့်၍ တစ်ခုခုကို လုပ်ဖို့ရန် ဆုံးဖြတ်လိုက်သည်နှင့် အနည်းငယ် တက်ကြွမှု ဖြစ်လာလေသည်။

သူ့ကို သွားဖြဲလေးနှင့် မော့ကြည့်နေသော ဖိုးအောင်၏ ခေါင်းကို လက်ဖြင့်ပုတ်ကာ...

"ညီလေး ဘာမှစိတ်မပူနဲ့၊ အစ်ကို အလုပ်ဆင်းရာက ပြန်လာရင် မင်းလိုချင်တာတွေ အားလုံး ဝယ်ပေးမယ်"

ဟု ပြောတော့ ဖိုးအောင်က ခေါင်းညိတ်ပြသည်။





သူ အပြင်ဘက်ထွက်လာတော့ တပေါင်းလ နှောင်းပိုင်း၏ နံနက်ခင်း ထွက်ပြူစ နေရောင်ခြည်သည် အရှေ့ဘက် သစ်တောများအပေါ်မှ ကျော်တက်လာကာ စက်စုရွာအပေါ်သို့ ဖြန့်ခင်းချထားလေသည်။

ယင်းနောက်တော့ မြလေးခင်နှင့် မျက်နှာချင်းဆိုင် တွေ့သည်။

"နင် ဘယ်သွားမလို့လဲ နီမောင်"

"ကိုထွန်းစိန်တို့ဆီ သွားမလို့"

"နင် အလုပ်ဆင်းဖို့ သွားမှာလားဟင်"

"အေး...ဟုတ်တယ်"

"အခုတလော အလုပ်မဆင်းဘဲနဲ့ ဘာတွေ လျှောက်လုပ်နေတာလဲဟင်"

"ငါက ဘာတွေ လုပ်နေလို့လဲ"

"နင့်သတင်းတွေကို ငါ ကြားပါတယ် နီမောင်ရယ်၊ အခု အရက်တွေ ဘာတွေတောင် သောက်နေပြီဆို၊ ဟုတ်လား"

"မဟုတ်ပါဘူးဟာ... တစ်ခါတလေ စိတ်ညစ်လို့ သောက်မိတာပါ"

"ဘာတွေများ ဒီလောက်စိတ်ညစ်စရာရှိလို့ အခုလောက် ဖြစ်နေရတာလဲ၊ ဘာလဲ... မာလာတင် တစ်ယောက်မှ က လူနဲ့ အိမ်ထောင်ပြုတော့မယ်ဆိုလို့ အသည်းကွဲနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ဘာမှမပြောဘဲ မြလေးခင်ကို ကွင်းရှောင်ကာ ရှေ့သို့ ဆက်လျှောက်လာရာ မြလေးခင်ခမျာ နေရာတွင် မတ်တတ်ကလေးရပ်ကာ ကျန်ခဲ့လေသည်။

စိတ်ထဲမှလည်း...

"နင် တစ်နေ့ကျရင် ငါ့ရဲ့စေတနာတွေကို သဘောပေါက်လာမှာပါ နီမောင်ရယ်"

ဟု တိုးတိုးလေး ရေရွတ်နေလေသည်။

သူရောက်သွားတော့ ကိုထွန်းစိန်တို့တစ်တွေ အလုပ်ဆင်းရန် ပြင်နေကြသည်။

ကမ်းစပ်မှာ လှေပြင်သူကပြင်၊ ပစ္စည်းကိရိယာများကို သယ်ချသူက ချနေကြသည်။

သူ့ကို မြင်တော့ ကိုထွန်းစိန်က...

"မနက်က ငါတောင် မင်းအိမ် ရောက်ခဲ့သေးတယ်၊ မင်း မထ,သေးတာနဲ့ အရီးကိုမှာပြီး ပြန်လာတာ"

ဟု ဆီးပြောသည်။

"ကိစ္စရှိလို့လား အစ်ကို"

"မင်းများ အလုပ်ဆင်းနိုင်မလားလို့ လာမေးကြည့်တာပါ၊ အခုတလော ဖောင်ဝင်မြစ်တစ်ကြောမှာ ပါးကွက်မိကျောင်းတစ်ကောင် အတော်ကလေး သောင်းကျန်းနေတယ်၊ ဒီနယ်တစ်ဝိုက်က မိကျောင်းမုဆိုးတွေလည်း လိုက်ကြတာပဲ"





"ရသလား"

"မရဘူး... ပါးကွက် လက်ချက်နဲ့ ခံရတဲ့သူတွေပဲ များတယ်၊ ဒီအနီးတစ်ဝိုက်က ရွာတွေမှာလည်း ပါးကွက်ရန်စွယ်ကြောင့် အသေအပျောက်တွေ ရှိလာတယ်၊ နယ်ကျော်ပြီး ရောက်လာပုံ ရတယ်"

ကိုထွန်းစိန်က စလွတ်ကြိုးခွေများကို သေသပ်အောင် ရှင်းလင်းရင်း ပြောပြသည်။

"ကျွန်တော် အဲဒါတွေ မကြားမိပါလား"

"မင်းက အလုပ်မဆင်းတာ ကြာတော့ ဒီအကြောင်းတွေ ဘယ်သိတော့မလဲ၊ အခုရော အခြေအနေ ဘယ်လိုလဲ"

ကိုထွန်းစိန်က အကဲခတ်သလို တစ်ချက် ကြည့်ရင်း မေးလိုက်သည်။

"အခုတော့ အတော်ကလေး ကောင်းသွားပါပြီ၊ ကျွန်တော် လိုက်ခဲ့ရမလား"

"ဖြစ်ပါ့မလား... မင်းက အလုပ်ပြတ်နေတာ ကြာပြီ"

"ရပါတယ်... ကျွန်တော် ကြိုးစားလုပ်ပါ့မယ်"

ကိုထွန်းစိန် အပါအဝင် လုပ်ဖော်ကိုင်ဖက်များကတော့ သူ့အခြေအနေကို အကဲခတ်ပြီး သိပ်အားရပုံ မရှိချေ။

သို့သော်လည်း ဘာမှတော့ မပြောကြပေ။

အားလုံး စီစဉ်ပြီးသောအခါ လှေစ,ထွက်ကြသည်။ နီမောင်၊ ကိုထွန်းစိန်နှင့် သိန်းဒီတို့ သုံးယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က စလွတ်ထိုးရန် လှေဦးမှ နေရာယူပြီး ကိုထွန်းစိန် က လှေဝမ်းအလယ်မှ နေသည်။

သိန်းဒီကတော့ ပဲ့ပိုင်းမှ တက်မကိုင်ပေးရန် တာဝန် ယူလေသည်။

လူသုံးယောက် လှော်တက်တစ်ချောင်းစီကိုင်၍ တက်ညီ လက်ညီ လှော်လာသော လှေကလေးသည် စက်စုချောင်းထဲမှ ထွက်လာလေသည်။

ဖောင်ဝင်မြစ်ရိုး ရောက်တော့ ညနေပိုင်း အချိန်ပင် ရောက်နေသည်။

မြစ်ရိုး တစ်လျှောက်မှာတော့ လှေသွားလှေလာများ ရှင်းနေလေသည်။

သူတို့သည် ထော်စီထော်ပိုင်ဘက် ရောက်သောအခါ လှေကို ခေတ္တနားပြီး အသင့်ယူလာသော အစားအသောက် များကို စားသောက်ရင်း အချိန် စောင့်ကြလေသည်။

မိကျောင်းထိုးရာတွင် နေ့အခါထက် ညအခါက ပို၍ အခွင့်အရေး ကောင်းသောကြောင့် ညဦးပိုင်းအချိန် ရောက် သည်အထိ အနားယူရင်း စောင့်ကြခြင်းဖြစ်၏။

နေဝင်ရီတရောအချိန် ရောက်သောအခါ အရက်ပဲ သောက်ချင်သလိုလို၊ မာလာတင်ကိုပဲ သတိရသလိုလို ဖြစ်လာသောကြောင့် စိတ်ကို တင်းထားရလေသည်။





"ပါးကွက်ကို စတွေ့ကြတာက ဒီးဒုတ်ကျွန်းသောင်မှာ ရင်တွန်း တွန်းနေတဲ့လူတွေပဲ၊ သူတို့ပြောတဲ့ စကားအရ ဆိုရင်တော့ ခေါင်းသုံးတောင်အောက် မလျော့ဘူးတဲ့၊ ဒီးဒုတ် ကျွန်း သောင်ပေါ်မှာ တက်အိပ်နေလိုက်တာ လောင်းလှေကြီး တစ်စင်း မှောက်ထားတဲ့ အတိုင်းပဲတဲ့"

"အတော်ကြီးတာပဲ"

"ဟုတ်တယ်၊ အကောင်ကြီးသလို ပါးရည် နပ်ရည်က လည်း အတော်ရှိတယ်၊ သူ့ကိုလိုက်ဖမ်းတဲ့ မိကျောင်းမုဆိုး တွေ သူ့လက်ချက် အတော်ကလေး ခံကြရတယ်"

"လူတွေ ဝင်ဆွဲတယ်ဆိုတာ ရွာကလူတွေလား"

"မဟုတ်ဘူး... ထင်းဖြတ်ဖို့ ဆင်းလာတဲ့ လှေပေါ်က လူနဲ့ ရေစပ်မှာ ဘဝင်းပိတ်နေတဲ့ ယုတ္တေကိုဆွဲတာ၊ အနီး ကပ် တွေ့လိုက်တဲ့ လူတွေပြောတာတော့ အဲဒီမိကျောင်းကြီးရဲ့ ထဲမှာ ဖြူဖြူအကွက်ကြီး ပါတယ်လို့ ပြောကြတယ်"

"ဒါကြောင့် သူ့ကို ပါးကွက်လို့ခေါ်ကြတာ ဖြစ်မှာပေါ့"

"ဟုတ်တယ်ကွ... အဲဒီမိကျောင်းကြီးသာ ရလိုက်လို့ တော့ တို့တစ်တွေ ဖြစ်လောက်အောင်ရကြမှာ သေချာတယ်"

ဟု ကိုထွန်းစိန်က အားတက်သရော ပြောနေလေသည်။

နီမောင်ကတော့ ဘာမှမပြောဘဲ အမှောင်ရိပ်များ လွှမ်းစ ပြုနေသော ဖောင်ဝင်မြစ်ပြင် တစ်ကြောသို့ လှမ်းမျှော်ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေပြင်ပေါ်မှာ ဝေ့ဝေ့ဝါးဝါး မြင်နေရသော သစ်တုံးများ၊ အမှိုက်သရိုက်နှင့် ဒိုက်ပုံများမှာ သားကောင်နှင့် ယိုးမှားစရာ ဖြစ်နေတော့သည်။

လေတိုက်သဖြင့် လှိုင်းကြက်ခွပ်ကလေးများက တဖျပ် ဖျပ်နှင့် လှုပ်ခတ်သွားသည်ကိုပင် စိတ်မချစွာ လှမ်းကြည့် မိသည်။

သူ့လက်သည် စလွတ်နှင့် ဝေးနေသည်မှာ အတော် ကြာခဲ့ပြီ။ စလွတ်မကိုင်ဘဲ အရက်ခွက် ကိုင်ခဲ့မိသောအဖြစ် ကိုလည်း နောင်တ,ရမိသလို ခံစားရသည်။

"ဒါထက်... မင်းက အလုပ်နဲ့ လက်နဲ့ ပြတ်နေတော့ အရင်ကလို လက်စ,လက်နတွေ မှန်ပါဦးမလား"

ကိုထွန်းစိန်၏ စကားက အနည်းနှင့်အများ ဆိုသလို မိမိ စိတ်ကို နာကျင်သွားစေသည်။

"ရပါတယ်... ကျွန်တော် ကြိုးစားပါ့မယ်"

"အေးကွာ... တို့ကတော့ မင်းကို အရင်အတိုင်းပဲ ပြန်မြင်ချင်ပါတယ်၊ တို့တစ်တွေ အရင်ကလိုပဲ ပျော်ပျော်ပါးပါး ပြန်ပြီး အလုပ် လုပ်ကြတာပေါ့"

"စိတ်ချပါ... ဒါထက် ရေစစ်တော့မယ်၊ ကျွန်တော်တို့ မိကျောင်းတက်ခိုနိုင်တဲ့ ဖျိုက်တောတွေထဲမှာ ထောင်ချောက် တွေ ဆင်ထားရင် မကောင်းဘူးလား၊ မိကျောင်း ဆိုတာ





သိပ်ပါးနပ်တဲ့ အကောင်မျိုး၊ မြစ်ထဲ ချောင်းထဲမှာ သူ့ကို လူတွေက လိုက်ရှာနေမှန်းသိရင် ကမ်းစပ်က ဖျိုက်တော တွေထဲ တက်ခိုရင် ခိုနေတတ်တာ"

"အေး... ကောင်းသားပဲ"

ထိုသို့ပြောကာ ထောင်ချောက်များဆင်ရန် စီစဉ်နေ ကြစဉ် ရေလယ်ဘက်မှ မည်းမည်းသဏ္ဌာန် တစ်ခုက အရွေ့ရွေ့နှင့် လှေရှိရာသို့ ချဉ်းကပ်လာသည်ကို နီမောင် သတိမပြုမိပေ။ အနားရောက်မှ ကိုထွန်းစိန်က သတိပြုမိ သွားပြီး...

"ဟေ့... နီမောင်"

ဟု သတိပေးလိုက်၍ လှည့်ကြည့်လိုက်ရာ မိမိနောက် ဘက်မှ 'ဝိုး'ခနဲ တက်လာသော မည်းမည်းသဏ္ဌာန်ကြီး တစ်ခုကို တွေ့လိုက်ရသဖြင့် လှေဝမ်းထဲသို့ဝပ်ကာ ငုံ့ရှောင် လိုက်သည်။

"ဝိုး..."

"ဝုန်း..."

မိကျောင်းအပြီးက သူ့ကိုကျော်ပြီး ရေထဲသို့ ပြန်ကျ သွားသည်နှင့် နီမောင် စလွတ်ကို ကိုင်ပြီး နေရာမှ ထရပ် ကာ ရေလှိုင်း လှုပ်သွားသောနေရာကို စလွတ်နှင့် ထိုးချ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒုတ်'ဟူသော အသံ မြည်ရမည့်အစား ရေကိုသာ ထိုးမိသော 'စွပ်'ခနဲ အသံကိုသာ ကြားရသဖြင့် ထိချက်လွဲသွားပြီကို သိလိုက်သဖြင့် စလွတ်ကြိုးကို အလျင်အမြန်ပြန်ဆွဲတင်သည်။

အခြေအနေ စောင့်ကြည့်သော်လည်း နောက်ထပ်ဘာမှ မထူးတော့ပေ။

"တို့အတွက် ပွဲဦးထွက် စိန်ခေါ်မှုတစ်ခုလို့ပဲ သဘောထားပေါ့ကွာ၊ တကယ်လို့ နောက်ထပ် စိန်ခေါ်မှုတွေနဲ့တွေ့ရင်သာ ကိုယ့်ဘက်က အလစ်မခံရဖို့ အရေးကြီးတယ်၊ တကယ်တော့ သတိ ဆိုတာ အသက်ကို ကာကွယ် စောင့်ရှောက်ပေးတဲ့ ကိုယ်ရံတော်တစ်ဦး ဆိုရင်တောင် မမှားဘူး"

ကိုထွန်းစိန် စကားက သူ့ကို သွယ်ဝိုက်သောနည်းနှင့် သတိပေးနေသယောင် ရှိသည်။

ဖောင်ဝင်မြစ်ရိုးမှာတော့ မိုးချုပ်ခဲ့ချေပြီ။





## အခန်း ( ၅ )

# ထောင်ချောက်အတွင်းမှ အသက်လုပွဲ

အတွေးအာရုံထဲမှာ နစ်မျော နေခိုက်မှာပင် သူ့အာရုံထဲမှာ မာလာတင်၏ ပုံရိပ်က ပေါ်လာသည်။

"ငါက သူ့ကို သတိရနေတော့ရော သူက ငါ့ကို သတိရနေမှာတဲ့လား။

ငါက သူ့အပေါ် စေတနာ ထားနေလို့ရော သူက စေတနာကို အသိအမှတ် ပြုမှာမို့လား။

နောက်ပြီး ငါက သူ့အပေါ်မှာ သံယောဇဉ် ထားနေလို့ရော သူက ငါ့သံယောဇဉ်ကို သိမှာတဲ့လား။

မညီမျှတဲ့ အခြေအနေတစ်ခုကို ညီမျှဖို့ ဇွတ်အတင်း ဖန်တီးနေတာ ငါ့အပြစ်လား။



www.burmeseclassic.com

www.burmeseclassic.com



ငါက စိတ်ချမ်းသာစရာ မရှိတာကို အတင်းစိတ်ချမ်းသာအောင် ကြိုးစားချင်နေတယ်။ တကယ် စိတ်မချမ်းသာကြရတာက ငါ့မိဘတွေ ဆိုတာရော သတိရမိရဲ့လား"

ဟု တွေးမိရင်း ရင်ထဲမှာ နင့်နေသလို ခံစားရသည်။

"ဘဝတစ်ခုကို စိတ်ချမ်းသာမှုရှိအောင် မကြိုးစားဘဲ ဖွတ်အတင်း စိတ်ချမ်းသာချင်ဖို့ ကြိုးစားနေတာ ငါ့အမှားပဲ၊ ဒီကနေ့ကစပြီး ငါ့အမှားတွေကို ပြင်ပြီး အရင်လိုဘဝမျိုး ပြန်ရအောင် ကြိုးစားရမယ်"

အတွေးသည် ဆုံးဖြတ်ချက် အဖြစ်သို့ ပြောင်းသွားသောအခါ ရင်တဲ၌ အင်အားတစ်ခု တိုးပွားလာသလို ခံစားလိုက်ရသည်။

စောစောက နွမ်းလျနေဟန် ရှိသော မျက်နှာပေါ်မှာ တင်းမာမှု အရိပ်အရောင်များ ပေါ်လာသည်။

ဆုံးဖြတ်ချက်နှင့်အတူ မေးရိုးများ ထောင်လာသည် အထိ အံကြိတ်ထားလိုက်သည်။

"ဖောင်း"

လှေနှင့် မလှမ်းမကမ်းနေရာဆီမှ အာရိုက်သံတစ်ချက် ပေါ်ထွက်လာသည်။

ထိုအသံကြောင့် အတွေးစ ပြတ်သွားသလို သတိနှင့် ပတ်ဝန်းကျင်ကို တစ်ချက် ကြည့်လိုက်သည်။





မသက်သာစရာမျိုးတော့ မတွေ့ရပေ။

မိကျောင်း အာရိုက်သံနှင့် ကသပေါင်းငါး အာရိုက်သံမှာ အတူတူပင် ဖြစ်သော်လည်း မိကျောင်း အာရိုက်သံက ပိုကျယ်သည်။

တစ်နေရာမှ နောက်ထပ် အာရိုက်သံတစ်သံ ပေါ်လာပြန်သည်။

"ဖောင်း"

ထိုအသံကြောင့် လှေဝမ်းအလယ်၌ ခေတ္တ မှေးနေကြသော ကိုထွန်းစိန်နှင့် သိန်းဒီတို့ နှစ်ယောက် ထ,လာကြသည်။

"ဘာအသံလဲ"

"ကသပေါင်းပါ"

"ရေတက်တော့မလား"

"ဒီတက်နေပြီ... ရေဦးတန့်သွားပြီ"

ထိုအခါ နှစ်ယောက်စလုံး ထ,လာပြီး ကျားမီးအုပ် ပြင်သူကပြင်၊ လှေတက်ပြင်သူကပြင်၊ မှိန်း၊ ဓားနှင့် စလွတ်၊ စလွတ်ကြိုးခွေများကို စနစ်တကျဖြစ်အောင် ပြင်သူက ပြင်ကြရင်း အလုပ်ရှုပ်သွားကြသည်။

ယခုလို ရေတက်ဦး ရေဦးလည်စ အချိန်မျိုးတွင် မိကျောင်း ထွက်လိုက်ရန် အကောင်းဆုံးအချိန်မျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းက နီမောင် အစီအစဉ်ဖြင့် ထောင်ချောက် ဆင်တန်သည့်နေရာတွင် ဆင်၊ သုတ်ကိုင်း ထောင်သည့်နေရာ ထောင်၊ ညုပ်မောင်း ဆင်တန်သည့်နေရာဆင်နှင့် သူ့နေရာနှင့် သူ အစီအစဉ်များ လုပ်ထားပြီးကြလေပြီ။

ယခု ရေတက်ဦးအချိန်တွင် ကျားမီးရောင်ကို အသုံးပြု ကာ မိကျောင်း လိုက်ရှာကြမည် ဖြစ်သည်။

ညအမှောင်ထဲ၌ မီးရောင်ကိုသုံးပြီး မိကျောင်းရှာရတာ နေ့အခါ ရှာရတာထက် လွယ်ကူသည်။

မိကျောင်းသည် အများအားဖြင့် ရေပေါ်၌ ခေါင်းဖော် နေလေ့ရှိရာ မီးရောင်ဖြင့် ထိုးကြည့်လျှင် ၎င်း၏မျက်လုံးကို အရင်မြင်ရသည်။

မိကျောင်း၏မျက်လုံးမှာ မီးရောင်ဖြင့်တွေ့လျှင် ရဲရဲနီ နေတတ်သည်။

အဝေးမှကြည့်လျှင် မော်တော်ကား နောက်မီးနှစ်လုံး ကဲ့သို့ လှမ်းမြင်ရသည်။

ထို့ပြင် ရေအောက်မှ လှေအနီးသို့ မိကျောင်းချဉ်းကပ် လာလျှင်လည်း ရေလှိုင်းကလေးများကို အလွယ်တကူ မြင်နိုင်လေသည်။

သူတို့သည် ကျားအုပ်ဆောင်း မီးရောင်ကို အသုံးပြု၍ မိကျောင်း၏ သဲလွန်စကို လိုက်လံ ရှာဖွေကြသော်လည်း





သောင်ပြင်များပေါ်နှင့် ကမ်းစပ်တစ်လျှောက်တွင် ကျက်စား နေသည့် မိကျောင်း အကောင်ငယ်လေးများလောက်သာ တွေ့ရပြီး သူတို့ လိုက်ရှာနေသော ပါးဖြူမိကျောင်းကြီးကိုတော့ အစ,အနမျှပင် မတွေ့ကြရပေ။

ဒါပေမယ့် ရေဝက် တက်အချိန်လောက် ရောက်သော အခါ ဗျိုက်တောကွေ့ တစ်နေရာ၌ မီးရောင်အောက်တွင် ထူးခြားသော အခြေအနေတစ်ခုကို တွေ့ကြရသည်။

ကမ်းစပ်တစ်နေရာရှိ ဗျိုက်တောထဲမှ သူတို့ရှိရာသို့ လှမ်းကြည့်နေသော နီရဲနေသည့် မျက်လုံးအစုံကို မီးရောင် အောက်၌ တွေ့ကြရသဖြင့် တစ်ဦးနှင့်တစ်ဦး အချက်ပြကာ ထိုနေရာသို့ ချဉ်းကပ်သွားသည်။

အနားရောက်တော့ စောစောက မြင်နေရသော မျက်လုံး အစုံက ပျောက်ကွယ်သွားသည်။

အနီးပတ်ဝန်းကျင် တစ်ဝိုက်သို့ လိုက်လံရှာဖွေကြစဉ် တစ်နေရာအရောက်တွင် ရေအောက်မှ ဝဲခနဲတက်လာသော မည်းမည်းသဏ္ဌာန်တစ်ခုက နောက်ဘက်မှ လှေလှော်နေ သော သိန်းဒီကို ရိုက်ချလိုက်သည်။

"ဝုန်း"

"ဟော့"



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံရှိသူများမို့ ရေသံကြားသည်နှင့် လှေဝမ်းအတွင်းသို့ ဝပ်ပေးလိုက်ရာ မည်းမည်းသဏ္ဍာန်ကြီးက လှေပေါ်မှကျော်ကာ ရေထဲသို့ ‘ဝုန်း’ခနဲ ပြန်ကျသွားတော့သည်။

ထိုအခြေအနေမှာပင် နီမောင်က အသင့်ချထားသော စလွတ်ကို ကောက်ယူပြီး ရေလှိုင်း လှုပ်ခတ်သွားသော နေရာသို့ မှန်းကာ ထိုးသည်။

“ဒုတ်”

“ဝုန်း... ဝုန်း...ဝုန်း”

စလွတ်ထိသံနှင့်အတူ ရေလှိုင်းခတ်သံတို့မှာ တစ်ဆက်တည်း ပေါ်လာသလို ရေထဲမှာ ကြီးမားသော သတ္တဝါကြီးတစ်ကောင် လူးလိမ့်သွားရာမှ ပေါ်လာသော ရေပွက်ကြီးများကို တွေ့လိုက်ရပြီး စလွတ်က ပြန်ကန်ထွက်လာသည်။

နီမောင်က စလွတ်ကို ကြိုးမှ ပြန်ဆွဲယူလိုက်ပြီး အဆင်သင့် ကိုင်ထားလိုက်သည်။

ကိုထွန်းစိန်က ထိုနေရာသို့ မီးရောင်နှင့် အသေအချာစိုက်ထိုးပြထားရာ ရေလှိုင်း ရေပွက်များ ပြန်ငြိမ်သွားသောအခါ ထိုနေရာတစ်ဝိုက်တွင် သွေးကွက်ကြီးများကို တွေ့ကြရသည်။

အတန်ကြာအောင် စောင့်ကြည့်သော်လည်း နောက်ထပ် အခြေအနေ မထူးတော့ပေ။





သွေးညှီနံ့များက ထိုနေရာတစ်ဝိုက်မှာ ပျံ့နှံ့နေသည်။

“နီမောင်... မင်းထိုးလိုက်တဲ့ စလွတ်ချက် ထိသွားပုံရတယ်ကွ”

“ဒီအတိုင်းဆိုရင်တော့ ဒီကောင်ကြီး ရေထဲမှာ ဆက်နေလို့ မရတော့ဘူး၊ ကမ်းပေါ်ကို တက်ပြေးတော့မှာ သေချာတယ်၊ ဒီအတိုင်းဆိုရင်တော့ သူ့နောက်ကို ခြေရာခံလိုက်လို့ ပိုလွယ်သွားပြီ”

ထို့နောက်...သုံးယောက်သား သတိ ဝီရိယကြီးစွာဖြင့် နေရာအနှံ့ လှည့်ပတ်ရှာကြသော်လည်း ပါးဖြူမိကျောင်းကြီး၏ အရိပ်အရောင်ကိုမှ မတွေ့ကြရတော့ပေ။

အကယ်၍သာ စောစောက နီမောင် ထိုးလိုက်သော စလွတ်ချက် ထိသွားသော မိကျောင်းမှာ သူတို့ရှာနေသော ပါးဖြူမိကျောင်းကြီးမှန်ပါက ဒဏ်ရာကြောင့် ရေထဲမှာ ကြာရှည်နေနိုင်တော့မည် မဟုတ်ပေ။

သွေးထွက်နေသောဒဏ်ရာနှင့် ရေထဲမှာ ဆက်နေလျှင် သွေးညှီနံ့ကြောင့် သွေးကြိုက်သော ငါးမန်းများ ရောက်လာပြီး ဝိုင်းဝန်း ကိုက်ခဲကြမည်။

သို့မဟုတ်ပါက သွေးတစိမ့်စိမ့် ထွက်နေသော ဒဏ်ရာကို ငါးပူတင်းများက လိုက်ကိုက်နေသောကြောင့် ရေထဲမှာ ကြာရှည်မနေနိုင်ဘဲ ကုန်းပေါ်သို့ တက်ပြေးရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့တစ်တွေသည် လှေတစ်စင်းနှင့် တစ်ညလုံး လိုက်ရှာကြသော်လည်း နောက်ထပ် ဘာမှမတွေ့ကြရတော့ပေ။ ရေတက်ရာမှ ရေပြည့်။

ရေပြည့်ရာမှ ယခု ရေပြန်ကျသွားရာ ရေစစ်အချိန်သို့ပင် ပြန်ရောက်ကာနီးပြီ။ အချိန်ကလည်း မိုးလင်းကာနီး အရုဏ်တက်ချိန်သို့ပင် ရောက်နေချေပြီ။

ရေစစ်သွားပြီး သောင်ကမ်းများ ပြန်ပေါ်လာသော အချိန်တွင် မိမိတို့ထောင်ထားသော ထောင်ချောက်များကို လိုက်လံ ကြည့်ရှုကြသောအခါ တစ်ခုမှ အခြေအနေ မပျက်သည်ကို တွေ့ကြရသည်။

လဗတစ်ပင် သောင်ချက်နေရာမှာ ထောင်ထားသော ထောင်ချောက်တစ်ခုတွင် လေးငါးပိဿာခန့် အလေးချိန်ရှိသည့် ဖွတ်ကြီးတစ်ကောင် မိနေသောကြောင့် ဖြုတ်ယူလာခဲ့သည်။

"မိကျောင်း ထောင်ပါတယ်၊ ကြံကြံဖန်ဖန် ဖွတ်မိရတယ်လို့ကွာ"

ကိုထွန်းစိန်က မကျေမနပ် ရေရွတ်သည်။

"မိကျောင်းရယ်၊ ဖွတ်ရယ်၊ အိမ်မြှောင်ရယ်က အရွယ်အစားချင်းသာ မတူတာ၊ ပုံသဏ္ဌာန်ချင်းက အတူတူပဲလေ၊ ဖွတ်ရတော့ ဟင်းစားရတာပေါ့၊ တကယ်လို့ အိမ်မြှောင်မိနေရင် မခက်ပေဘူးလား"





ကြံကြံဖန်ဖန် ဝင်ပြောလိုက်သော သိန်းဒီ စကားကြောင့် ရယ်လိုက်ကြသည်။

ထို့နောက် အခြားနေရာများသို့ လိုက်လံ ကြည့်ရှုကြရာ ပသီဗျိုက်တောကွေ့ရှိ ထောင်ချောက်နေရာသို့ ရောက်လာကြသည်။ ထိုနေရာသည် ငမန်းဝဲနှင့် နီးသောနေရာလည်း ဖြစ်၏။

ထိုနေရာသို့ ရောက်သောအခါ မှုန်ဝါးသော အလင်းရောင်နှင့်ပင် ထောင်ချောက်တံခါး ကျနေသည်ကို လှမ်းမြင်ရသည်။ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ သောင်စပ်၌ လှေကို ချည်ထားပြီး မီးအုပ်ဆောင်းကို ပြင်သည်။

စလွတ်နှင့် ဓား၊ လှံတို့ကို အကြောင်းရှိက အဆင်သင့် ဖြစ်စေရန် ပြင်သည်။ လှေကပ်ထားသောနေရာနှင့် ထောင်ချောက် တံခါးနှင့်က မဝေးလှပေ။

လက်ဖြင့်လှမ်းကိုင်ပြီး အတွင်းသို့ လှမ်းကြည့်၍ရသည်။

မီးရောင်ဖြင့် ထောင်ချောက်အတွင်းသို့ နှံ့စပ်အောင် ထိုးကြည့်ကြသည်။

အပေါ်ကမ်းစပ်ဘက်မှာ လမုပင်များ အုပ်ဆိုင်းနေသည်က တစ်ကြောင်း၊ အနည်းငယ် ဝေးနေသောကြောင့် ကောင်းစွာ လှမ်းမမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



အပင်အောက်၌ ထိုးထိုးထောင်ထောင် ထွက်နေသော လမုဖော့များကိုသာ မြင်ရသည်။

လတာပြင် တစ်ဝိုက်မှာတော့ ကိုင်းတောများရှိသည်။

ကိုင်းပင်များက ရေဖိထားသောကြောင့် ထောင်သည့်နေရာကထောင်၊ လဲသည့်နေရာက လဲနေသည်။

ကိုင်းတော ဒီဘက်မှာတော့ လတာပြင်သာ ရှိတော့သည်။ လတာပြင်ပေါ်မှာတော့ ဗေဒါဒိုက်ပုံကြီးက ဟိုနေရာတစ်ပုံ၊ ဒီနေရာတစ်ပုံ ရှိနေသည်။

ကိုထွန်းစိန်က လက်ထဲတွင် လှံမတစ်ဖက်၊ မီးအုပ်ဆောင်း တစ်ဖက်နှင့် ထောင်ချောက်ထဲသို့ အသေအချာလိုက်လံရှာဖွေသော်လည်း ထောင်ချောက်ထဲတွင် မိကျောင်းမဆိုထားနှင့် ဖွတ်တစ်ကောင်မျှပင် မရှိပေ။

ထိုအခြေအနေကို ကြည့်ပြီး ကိုထွန်းစိန်က ကျေနပ်ဟန် မတူပေ။

"ဘယ်လိုဖြစ်တာလဲ... ထူးဆန်းလှချည်လား၊ ထောင်ချောက်တံခါး မောင်းကျနေလျက်နဲ့ အထဲမှာ ဘာကောင်မှ မရှိဘူး"

"ရေလှိုင်းပုတ်ပြီး မောင်းချက်ပြုတ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒီမောင်းချက်က တော်ရုံနဲ့မပြုတ်နိုင်ဘူး၊ အကောင်အတော်ကြီးမှပြုတ်မယ်၊ မကျေနပ်ဘူး... ငါ ဆင်းကြည့်မယ်"





နီမောင်က တားဖို့ စိတ်ကူးလိုက်စဉ်မှာပင် ကိုထွန်းစိန်က စိတ်မြန်လက်မြန်နှင့် ထောင်ချောက်အတွင်းသို့ ခုန်ချသွားတော့သည်။

သူ့လက်ထဲမှာ မီးအုပ်ဆောင်းနှင့် လှံမ တစ်လက်သာ ပါသွားသည်။ နီမောင်က မီးရောင်နှင့် လှမ်းမြင်နေရသော နေရာကို လှေပေါ်မှ လှမ်းကြည့်နေသည်။

အနိမ့်ဆုံး နေရာလောက်မှာပင် ရေက ဒူးဆစ်သာသာလောက်သာရှိပြီး ထိုနေရာ တစ်ဝိုက်မှာလည်း ထူးခြားမှု မတွေ့ရပေ။

ပေါ်နေသော သောင်ပြန့် မျက်နှာပြင်သည် အပျိုမတစ်ယောက်၏ ညိုညက်သော ပါးပြင်သဖွယ် ညီညာစွာ ရှိနေသည်။

ထိုသောင်ပြန့်ပေါ်မှာလည်း ကဏန်းခြေရာနှင့် ငါးဖျံဒိုက်ရာမှလွဲ၍ အခြား ထူးခြားမှုမရှိပေ။

ကိုထွန်းစိန် ဆင်းသွားပြီးသည့်နောက် နီမောင် အာရုံထဲမှာ တစ်ခုခုကို သင်္ကာမကင်း ဖြစ်နေသည်။

ကျွမ်းကျင်မှုနှင့် လုပ်သက် အတွေ့အကြုံများက တစ်ကျော့ ပြန်နိုးထလာသည်။

"သိန်းဒီ... ဓာတ်မီးနဲ့ သောင်ပြန့်ပေါ်ကို ပြန်ထိုးထားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် သိန်းဒီက လှေပေါ်မှာ အပို ဆောင်ထားသော ခတ်ခဲဖြင့် ထိုးရသည့် လက်နှိပ်မီးဖြင့် သောင်ပြန့်ပေါ်ကို ထိုးပေးထားသည်။

လက်နှိပ်မီး အလင်းရောင်က သောင်ပြင်တစ်လျှောက် ပြေးတက်သွားသည်။

ကိုထွန်းစိန်၏ လှုပ်ရှားမှုကို ကြည့်ရုံနှင့် ရေရှိသော ကမ်းစပ်ပိုင်းတွင် သားကောင် မရှိမှန်း သိသာသည်။

နီမောင် စိတ်မချဘဲ သင်္ကာမကင်း ဖြစ်နေသည်က သမန်းဖျိုက်နေရာပင် ဖြစ်၏။

ထိုနေရာတစ်ဝိုက်သည် အလင်းရောင် အားနည်းနေ၏။

ကိုထွန်းစိန်က သမန်းဖျိုက်တောရှိရာသို့ တက်သွားပြီး လှံတစ်ဖက်၊ မီးအိမ်တစ်ဖက်နှင့် ရှာသည်။

အတန်ကြာအောင် ရှာကြည့်ပြီး အတွင်းမှာ ဘာမှ မရှိကြောင်း လက်ခါပြသည်။

နီမောင်က စလွတ်ကို ကိုင်ထားရင်း စိတ်ထဲ၌ ဘဝင် မကျအောင် ဖြစ်နေသည်။

ထောင်ချောက် ကျနေပါလျက်နဲ့ သားကောင်ကို မတွေ့ရ။ အတွင်း၌ မိထားပြီးသော မိကျောင်းက တောထဲကိုများ တက်သွားလေသလားဟု တွေးနေသည်။

ထိုအခိုက် ကိုထွန်းစိန်က အပေါ်မှ ပြန်ဆင်းလာသည်။





ကိုထွန်းစိန် လတာပြင် အလယ်နေရာသို့ ရောက်လာသောအခါ လတာပြင်အလယ်၌ အလျားလိုက်တင်နေသော ဗေဒါဒိုက်ပုံကြီးက တဖြည်းဖြည်း လှုပ်ရှားလာသည်။

ပြီးတော့ ကြွတက်လာသည်။

"ဟင်..."

ထိုအခြေအနေကို ကိုထွန်းစိန်က မြင်ဟန်မတူပေ။

လှေပေါ်မှ အခြေအနေ ကြည့်နေသော နီမောင်က သတိပြုမိသွားသည်။

လက်နှိပ်မီးရောင်က ထိုဒိုက်ပုံနေရာသို့ ရောက်သွားတော့ ဒိုက်ပုံအောက်မှ တဖြည်းဖြည်း ကြွတက်လာသော မိကျောင်းတစ်ကောင်၏ ဦးခေါင်းကြီးကို အရင်မြင်ရသည်။

မီးရောင်နှင့် ထိလိုက်တော့ မျက်လုံးနှစ်လုံးက ဟင်္သာပြဒါးခဲကဲ့သို့ ရဲရဲနီနေလေသည်။

ကိုထွန်းစိန်က မိကျောင်း အမြီးပိုင်းဘက် ရောက်နေတော့ ထိုအခြေအနေကို မမြင်ပေ။

"ကိုထွန်းစိန် ရှေ့ဆက်မတိုးနဲ့၊ အဲဒီနေရာမှာ ရပ်နေ"

နီမောင် လှမ်းအော်လိုက်တော့ ကိုထွန်းစိန်က နေရာမှာ ရပ်တန့်လိုက်သည်။

သို့သော် သူရပ်လိုက်သည့် နေရာက မိကျောင်းအမြီး နေရာ။ ပထမ အပေါ်မှာတင်နေသော ဒိုက်ပုံများ လွင့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ နောက် ရွှံ့စက်များ စင်ထွက်လာပြီး 'ဝုန်း' ခနဲ မြည်သံနှင့်အတူ မိကျောင်း၏ ကြီးမားသောအမြီးကြီးတစ်ခုက ကိုထွန်းစိန်ကို ရိုက်ချလိုက်သည်။

"အား..."

အမြီးရိုက်ချက် ထိသွားသောကြောင့် လူတခြား၊ လှံ တခြား၊ မီးအိမ်တခြားဖြစ်ကာ လတာပြင်ပေါ်သို့ ပစ်လဲ ကျသွားတော့သည်။

ထိုအချိန်တွင် ဒိုက်ပုံများအောက်၌ ဝပ်နေသော မိကျောင်းကြီးက လတာပြင်ပေါ် တက်လာပြီ။

"သြော်... ဒင်းက တန်ပြန် ထောင်ချောက်ဆင်ပြီး ဒီအထဲမှာ ဝင်စောင့်နေတာကိုး၊ တွေ့ကြတာပေါ့ကွာ"

မိကျောင်းက နွံထဲမှ မထနိုင်သော ကိုထွန်းစိန် ရှိရာ ဘက်သို့ ခေါင်းပြန်လှည့်သည်။ လက်ထဲမှာ ကိုင်ထားသော စလွတ်ကို လက်ဖြင့်ကိုင်ကာ ချိန်ဆလိုက်သည်။

၁၅ လံမျှဝေးသော စလွတ်ချက်ကို ဒီတစ်ချက်နှင့် ထိအောင် ထိုးနိုင်ပါမှ၊ လွဲသွားလျှင် ကိုထွန်းစိန်တစ်ယောက် မိကျောင်းစာ ဖြစ်ပြီ။

"သိန်းဒီ... ငါ့ကို သေသေချာချာ မီးထိုးပြထား"

သိန်းဒီက မိကျောင်းနေရာကို မီးရောင်ဖြင့် သေသေ ချာချာ ထိုးပြထားသည်။





မိကျောင်းကြီးက ပါးဖြူကြီးဖြစ်ပြီး ကိုထွန်းစိန် ရှိသော နေရာသို့ပင် ရောက်တော့မည်။

"လက်ဖြောင့်စလွတ်သမား နီမောင်ဆိုတဲ့ ငါ့ရဲ့ဘဝမှာ ပစ်မှတ်ကို လွဲချော်ထုံးစံ မရှိဘူး"

ဟု စိတ်ကိုတင်းကာ စလွတ်ကိုဆ၍ ပစ်ထိုးလိုက်သည်။

"ဗိုး..."

စလွတ် ဖြတ်သွားသောအသံနှင့်အတူ 'ဒုတ်' ဟူသော အသံပါ ဆက်တိုက် ကြားလိုက်ရသည်။

အဖျားတွင် အသွားထစ်ပါသော စလွတ်သွားက မိကျောင်းကျောထဲသို့ တစ်ဝက်လောက် နစ်မြုပ်ဝင်သွားသည်။

စလွတ် ထိလိုက်သည်နှင့် မိကျောင်းက လတာပြင် ပေါ်မှာ လူးကျလေရာ စလွတ်ကြိုးများက အလိုလို ရစ်ပတ် သွားသည်။

"နီမောင်ဆိုတာ ငါပဲကွ"

ဟု ကြွေးဝါးကာ ဓား၊ လှံတို့နှင့် ကြိုးခွေတို့ကို ယူကာ အတွင်းသို့ ခုန်ဆင်းသွားသည်။

သိန်းဒီကလည်း နောက်မှ ဆင်းလိုက်လာသည်။

ထောင်ချောက်တံခါး ပိတ်ထားပြီး ဖြစ်သောကြောင့် ထိုထောင်ချောက်အတွင်းမှာ ရောက်နေသော မိကျောင်း တစ်ကောင်ကို မိကျောင်းဖမ်း ကျွမ်းကျင်သော လူသုံးယောက် တို့ ဖမ်းဆီးရသည့် အလုပ်ကတော့ သိပ်မခက်လှတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရေထဲမှမိကျောင်းက ကုန်းပေါ် ရောက်နေမှတော့ မိမိတို့ဘက်က တစ်ပန်းသာနေပြီ။

တဖြောင်းဖြောင်းနှင့် လိုက်ကိုက်နေသော မိကျောင်း ပါးစပ်ထဲသို့ ကမ်းစပ်၌ရှိသော လမုသားဖော့များ ပစ်ထည့်ခြင်းဖြင့် ပြန်ဟ,မရအောင် ဆေ့သွားစေသည်။

ပါးစပ်မကိုက်နိုင်တော့လျှင် အမြီးရိုက်အားကို ရှောင်၍ မိကျောင်းကျောပေါ်သို့ ခုန်တက်ကာ မြီးဒူးနားမှာ နေရာယူ၍ နောက်လက်နှစ်ချောင်းကိုလှန်၍ လက်ပြန်တုပ်ခြင်း၊ ပါးစပ်ကို နှုတ်သီးမှ ကြိုးချည်ခြင်း၊ အမြီး မရိုက်နိုင်အောင် လက်ပြန် တုပ်၍ မျောသားဖြင့် ပူးချည်ခြင်း၊ နောက်ဆုံး မိကျောင်းကြီး၏ ခြေ၊ လက်၊ ပါးစပ်၊ အမြီးတို့ကို မလှုပ်နိုင်အောင် ကနစိုမျော နွယ်ကြိုးများဖြင့် အပြီးသတ် တုပ်နှောင်လိုက်ပြီးသောအခါ ယခုတလော ဖောင်ဝင်တစ်ကြောတွင် လူတွေကို ဒုက္ခပေး နေသော ပါးဖြူမိကျောင်းကြီး တစ်ကောင်၏ ဇာတ်လမ်းမှာ လည်း ပြီးဆုံးသွားလေတော့ပြီ။

ထိုအချိန်တွင် သစ်တောများအပေါ်မှ ကျော်၍ နံနက်ခင်း အလင်းရောင်များ ဖြာတက်လာချေပြီ။





## အခန်း (၆)

# မမြင်ရသော သံယောဇဉ်

နီမောင်တို့တစ်တွေ ပါးဖြူမိကျောင်းကြီးကို ဖမ်းမိလာသည်ဆိုသော သတင်းက စက်စုတစ်ရွာလုံးသာမက အနီး နားကျင် ရွာများကပါ စိတ်ဝင်စားကြသဖြင့် လာရောက် ကြည့်ရှုကြလေသည်။

ကိုထွန်းစိန်က အရှင်ဖမ်းမိလာသော မိကျောင်းကြီးကို ကနစိုမျောသားများ၊ နွယ်ကြိုးများဖြင့် တုပ်နှောင်ကာ ၎င်းအိမ် ရှေ့ ကွက်လပ်၌ ငုတ်တိုင်များ စိုက်ကာ ထားလေသည်။ မိကျောင်းတို့၏ သဘာဝမှာ အစာရေစာမကျွေးဘဲ ရက်ပေါင်း များစွာ တုပ်နှောင်ထားသည့်တိုင် ရက်ပေါင်းများစွာကြာအောင် အသက်ရှင်နေနိုင်ကြသည်။

တစ်နယ်လုံးက စိတ်ဝင်စားနေသော ပါးဖြူမိကျောင်း ကြီးကို ဖမ်းမိလာသောကြောင့် စိတ်ဝင်စားကြသလို မိကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ရအောင် ထိုးလာနိုင်သော နီမောင် သတင်းကလည်း ပျံ့နှံ့လာသည်။ ဖခင်ဖြစ်သူ ဦးဘရှိန်က သားဖြစ်သူ၏ အောင်မြင်မှုအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

"အဖေ ပင်ပန်းချင် ပင်ပန်းပါစေ၊ ဒါပေမယ့် ငါ့သား ဒီအခြေအနေမျိုး ပြန်ရောက်သွားတာတော့ ဝမ်းသာပါတယ်"

"ကျွန်တော် မှားပါတယ် အဖေ၊ ကျွန်တော့်အတွက် ကြောင့် အဖေ အလုပ်ပြန်လုပ်နေရတာ စိတ်မကောင်းပါဘူး"

"ရပါတယ်ကွယ်... အဖေက မင်းအပေါ်မှာ ဘယ်လို အပြစ်မတင်ပါဘူး။ ယောကျ်ားတစ်ယောက်ဆိုတာ ဆင်းရဲတာ ချမ်းသာတာနဲ့ မဆိုင်ဘူး။ သူ့ရဲ့နာမည် ဂုဏ်သတင်း မွှေးပျံ့ နေဖို့ကသာ အရေးကြီးတယ်၊ တို့တစ်တွေ အတွက်ကတော့ အလုပ်နဲ့ နာမည်ဂုဏ်သတင်း မွှေးပျံ့တာ ပိုကောင်းတာပေါ့"

"စိတ်ချပါ အဖေ... ကျွန်တော် နောက်ထပ် ဒီလို အမှားမျိုး မဖြစ်အောင် ကြိုးစားပါ့မယ်၊ အဖေလည်း နောက်ကို အလုပ်မဆင်းပါနဲ့တော့"

အဖေက ကျေနပ်သော အပြုံးဖြင့် ခေါင်းညိတ်ပြသည်။ မလှမ်းမကမ်းနေရာမှ နားထောင်နေသော အမေကလည်း ပီတိအပြုံးတွေနှင့်။

ဒါပေမယ့် နှစ်ယောက်စလုံး၏ မျက်လုံးအိမ်မှာတော့ မျက်ရည်ကြည်များ ရစ်ဝဲလျက် ရှိနေသည်။





...ဖမ်းမိလာသောအခါ ကိုထွန်းစိန်တို့ မိကျောင်း... စံစမ်းကြသည်။ မိကျောင်း ဝယ်ချင်သူတွေက လာရောက်... ကိုထွန်း...

သို့သော် ကိုထွန်းစိန်က မရောင်းသေးပေ။ ...စိန်က မိကျောင်းရောင်းချမည့်ကိစ္စကို သူတစ်ယောက်တည်း သဘောဖြင့် မဆုံးဖြတ်ဘဲ နီမောင်နှင့် တိုင်ပင်သည်။

"ကျွန်တော့်သဘော ပြောရရင်တော့ ရွာကလူတွေ ပေးတဲ့ဈေးက မမှန်ဘူး ထင်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်သင့်သလဲ နီမောင်"

"ဒီသတင်းကို မြို့ကလူတွေကြားရင် ရောက်လာမှာပဲ၊ ဘိုကလေးမှာ မိကျောင်းကိုယ်စားလှယ်တွေရှိတော့ ဘယ်နည်းနဲ့မှ နေကြမှာ မဟုတ်ဘူး"

"ဒီလိုဖြင့် သူတို့ရောက်လာလို့ အရောင်းအဝယ်လုပ်တဲ့ အခါ မင်းပါ ငါနဲ့အတူ ရှိနေမှဖြစ်မယ် နီမောင်"

"စိတ်ချပါ"

နောက်နှစ်ရက်ခန့် ကြာသောအခါ သဘောင်္တစ်စင်းနှင့် မြို့မှအဖွဲ့များ ရောက်လာကြလေတော့သည်။

၎င်းတို့မှာ မိကျောင်းဖမ်း လိုင်စင်ရထားသော ဦးလူရွှေ ခေါင်းဆောင်သော အဖွဲ့သားများ ဖြစ်ကြသည်။

၎င်းတို့သည် သူကြီးဦးကျော်ဇံလှ အိမ်မှာပင် တည်းခိုကြကာ ကိုထွန်းစိန်တို့ ဖမ်းမိထားသော ပါးဖြူမိကျောင်း ကြီးကို လာရောက် ကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးဖြူမိကျောင်း... ကြီးမှာ အရွယ်အစား၊ အလုံးအထည် ကြီးလှသော... ကြောင့် သူတို့တစ်သက်တွင် ဒီလောက်ကြီးမား ...သော မိကျောင်းမျိုးကို မတွေ့ဖူးကြသေးပေ။

ဦးလူရွှေ ကိုယ်တိုင်က မိကျောင်းကို မြင်သည်နှင့် သူ့အတွက် အကျိုးအမြတ် များစွာရမည်မှန်း ရိပ်မိသဖြင့် များစွာ စိတ်ဝင်စားနေလေသည်။

"ဒီမိကျောင်းကို ရောင်းမှာ မဟုတ်လား"

"ဈေးသင့်ရင်တော့ ရောင်းမှာပါ"

နီမောင့် စကားကြောင့် ဦးလူရွှေက တစ်ချက် ကြည့်သည်။

"ဘယ်လောက် မှန်းထားလို့လဲ"

"ဦးလေးတို့က ဘယ်ဈေးနှုန်း ပေးမှာလဲ"

ဦးလူရွှေက အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"တစ်ပေကို နှစ်ရာ့ငါးဆယ်ဈေး ပေးမယ်၊ ဒါက ကျုပ်တို့ ဖြတ်တဲ့ဈေး မဟုတ်ပါဘူး၊ အစိုးရအဝယ်ဒိုင်တွေက သတ်မှတ်ပေးတဲ့ ဈေးပါပဲ"

"ကျွန်တော်တို့ကတော့ တစ်ပေကို လေးရာလောက်ရှ ရောင်းမယ်လို့ စိတ်ကူးထားပါတယ်"

"ဒီဈေးလောက်ကတော့ ဘယ်နည်းနဲ့မှ မပေးနိုင်ပါဘူး ဒီမှာ မောင်ရင့်ကို တစ်ခုပြောမယ်၊ ကျုပ်က ဒီမြို့နယ်





အတွက် မိကျောင်းဖမ်းလိုင်စင် ရထားတဲ့သူပဲ၊ ဒီနယ်တစ်ဝိုက်ကရတဲ့ မိကျောင်းတွေကို ကျုပ်ဆီမှာပဲ ရောင်းခွင့်ရှိတယ်၊ တခြားလူတွေမှာ ရောင်းခွင့်မရှိဘူး၊ အဲဒီလိုရောင်းရင် တားပိုင်ခွင့်၊ ဖမ်းဆီးပိုင်ခွင့် ရှိတယ်"

ဟု ခြိမ်းခြောက်သော လေသံမျိုးဖြင့် ပြောသည်။

"ကျွန်တော်တို့ အလုပ်သမားတွေ အတွက်တော့ ကိုယ့်အသက်နဲ့ရင်းပြီး ရလာတဲ့ မိကျောင်းကို ကြိုက်ဈေး မရရင်တော့ ဘယ်နည်းနဲ့မှ မရောင်းနိုင်ပါဘူး"

ထိုစကားကြောင့် ဦးလူရွှေမှာ ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားလေတော့သည်။

"ဒါထက်... မင်းတို့က မရောင်းဘဲ ဘာလုပ်ကြမှာလဲ. အေး... တစ်ခုတော့ရှိတယ်၊ မင်းတို့ရထားတဲ့ မိကျောင်းကို တခြားကုန်သည်တွေကို ရောင်းခွင့်မရှိဘူးနော်၊ ရောင်းချင်းရောင်းရင် ငါ့ဆီမှာပဲ ရောင်းရမှာ၊ တကယ်လို့ တခြားလူကို ရောင်းရင် ရောင်းတဲ့သူရော ဝယ်တဲ့သူပါ ဖမ်းမယ်၊ ပစ္စည်းကိုလည်း အလကား သိမ်းမယ်၊ ဒါပဲ"

ဟု ပြောကာ ပြန်သွားကြလေသည်။

စက်စု တစ်ရွာလုံးမှာ မြို့မှလာကြသည့် မိကျောင်းဝယ်ယူသူများကို နီမောင်တို့က မိကျောင်းမရောင်းဘဲ ပြန်လွှတ်လိုက်သော သတင်းက စိတ်ဝင်စားစရာ ဖြစ်ကြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… ကိုထွန်းစိန်တို့ ဖမ်းမိလာတဲ့ ပါးဖြူမိကျောင်းကြီးကို လာဝယ်ကြတာ မရောင်းလိုက်ဘူးလို့ ကြားတယ်၊ ဘာဖြစ်လို့လဲဟဲ့"

"ကျွန်မတို့လည်း ဘယ်သိပါ့မလဲတော်၊ ပြောသံကြားတာကတော့ အဲဒီလိုမရောင်းရင် လူကိုလည်း ဖမ်းမယ်၊ မိကျောင်းကိုလည်း အလကားယူမယ် ဆိုလား…"

"ဒါဖြင့်… သူတို့က ဘာဖြစ်လို့ မရောင်းကြတာလဲ"

"ကိုထွန်းစိန်ကတော့ ဘာမှမပြောဘူးတဲ့၊ နီမောင်က မရောင်းဘူးလို့ ပြောလွှတ်လိုက်တာတဲ့"

"ဒီကောင်လေးတော့ ဒုက္ခ ရောက်တော့မှာပဲ၊ ရောင်းစရာရှိ ရောင်းလိုက်တာမဟုတ်ဘူး၊ တော်ကြာ ကိုယ့်ပစ္စည်းနဲ့ကိုယ် ဒုက္ခရောက်တော့မှာပဲ"

"နီမောင်က လူတစ်မျိုး၊ ပိုက်ဆံ ဘယ်လောက်ပေးပေး သူရောင်းချင်မှ ရောင်းမှာ၊ စိတ်မထင်ရင်လည်း အလကားပေးချင်ပေးမယ့် လူစားမျိုး"

ဟု ရွာထဲမှာလည်း ထိုအကြောင်းက သတင်းတစ်ခုလိုဖြစ်နေတော့သည်။ သူကြီး ဦးကျော်ဖံလှအိမ် ရောက်နေကြသော ဦးလူရွှေတို့ တစ်တွေကလည်း မပြန်ကြသေး။

သူတို့ကလည်း နီမောင်တို့ အခြေအနေကို အကဲခတ်ကာ စောင့်ကြည့်နေကြသည်။





သူတို့စိတ်ထဲမှာတော့ ဒီလောက်ကြီးပြီး တန်ဖိုးများသော မိကျောင်းတစ်ကောင်ကို သူတို့မှလွဲ၍ အခြားသူများက ဝယ်နိုင်မည် မဟုတ်ဟု တွက်ထားကြသည်။

အချို့ကလည်း နီမောင်ကို အပြစ်တင်သလိုစကားမျိုး ပြောကြသည်။

"ရေထဲက အလကားရတဲ့ ပစ္စည်းကိုများ ဝယ်တဲ့လူရှိတုန်း ရောင်းလိုက်တာမဟုတ်ဘူး၊ တော်ကြာမှ လူပါ ဒုက္ခရောက်မယ်"

"မင်းတို့ကလည်းကွာ… ဒီလိုတော့ မပြောပါနဲ့၊ ရေထဲကသတ္တဝါ ဆိုပေမယ့် မိကျောင်းတစ်ကောင် ရအောင်ဖမ်းဖို့ ဘယ်လောက် အသက်အန္တရာယ် နီးတယ်ဆိုတာမင်းတို့လည်း အသိသားနဲ့"

ထိုသို့ ပြောနေကြသည့် အထဲမှာမှ မြလေးခင် တစ်ယောက်ကတော့ နီမောင်တို့ဘက်မှာ ရှိနေသည်။

"နီမောင်… နင်တို့ရလာတဲ့မိကျောင်းကို မြို့ကလာတဲ့သူတွေကို မရောင်းလို့ ပွစိပွစိ ပြောနေကြတယ်၊ အဲဒီလူတွေကလည်း သိပ်ကျေနပ်ကြပုံ မရဘူး"

"မကျေနပ်လည်း နေပေါ့ဟာ၊ ကိုယ့်ပစ္စည်းပဲ၊ ကိုယ်ရောင်းချင်မှ ရောင်းမှာပေါ့၊ သူတို့ပေးတဲ့ဈေးက မြို့ပေါက်ဈေးထက် အတော်ကလေး နည်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မှန်ပါတယ်၊ သူတို့က ပိုက်ဆံရှိတဲ့လူတွေဆိုတော့ တော်ကြာ သူကြီးနဲ့ပေါင်းပြီး နင်တို့ကို ဒုက္ခပေးမှာ စိုးလို့ပါ"

"ဒီလို မတရား လုပ်လာရင်တော့လည်း ဘယ်ခံမလဲ မြလေးခင်ရယ်၊ ဒီလိုတိုင်းသာ ငုံ့ခံနေရရင်တော့ တစ်သက်လုံး လူ့အောက်ကကို ထွက်ရမှာ မဟုတ်ဘူး"

"နင့်ရဲ့ စိတ်ဓာတ်ကိုတော့ ငါ သိပါတယ်၊ လေးလည်း လေးစားပါတယ်"

"နင်က ဘာကို လေးစားတာလဲ"

"ယောကျ်ားတစ်ယောက်အနေနဲ့ မဟုတ်မခံ စိတ်ဓာတ် ရှိတာကို သဘောကျတာပါ"

"ငါကလည်း နင့်ကို သဘောကျပါတယ်"

ထိုစကားကြောင့် မြလေးခင် မျက်နှာလေးမှာ ရှက်ကိုး ရှက်ကန်း ဖြစ်သွားလေသည်။

"နင်က ဘာကို သဘောကျတာလဲ"

"လုတာကို သဘောကျတာပါ"

"နီမောင်နော်... စကား အကောင်းပြောနေရင်း ဖောက်, ဖောက်မလာနဲ့"

"အလကားစတာပါ မြလေးခင်ရယ်၊ နင့်ကို သဘောကျတာက တခြားမဟုတ်ပါဘူး၊ မဟုတ်မခံ စိတ်ဓာတ်ကို သဘောကျတာပါ"





"တော်သေးတာပေါ့"

"စိတ်ပူမနေပါနဲ့ မြလေးခင်ရယ်၊ ငါ့အနေနဲ့ နောက်ထပ် ဘယ်မိန်းကလေးကိုမှ အဲဒီလိုစကား မပြောတော့ဘူးလို့ ဆုံးဖြတ်ထားပြီးသားပါ"

"သေချာရဲ့လား နီမောင်၊ တခြားလူနဲ့ တွေ့ရင်သာ မပြော ရှိရမယ်၊ မာလာတင်နဲ့ တွေ့ရင်တော့ ထပ်ပြောချင် ပြောဦးမှာ မဟုတ်လား"

"ငါ့ကို မခနဲ့ပါနဲ့ မြလေးခင်ရယ်၊ ဥပမာတစ်ခု ပြောရရင် လေးညို့က ပစ်လွှတ်လိုက်တဲ့ မြားတစ်စင်းရဲ့ စူးဝင်မှု ဒဏ်ချက်ဟာ လေးညို့ကြိုးရဲ့ ခတ်အားပြင်းထန်မှုအပေါ်မှာ မူတည်ပါတယ်၊ ခတ်အားပြင်းရင် ပြင်းသလောက် စူးဝင်မှု များသလိုပါပဲ၊ ငါက တစ်ဖက်သားရဲ့အပေါ်မှာ စေတနာရှေ့တွ တအားပေးမိတော့ ဟိုဘက်ကလာတဲ့ ဆန့်ကျင်ဘက် ရလဒ် တွေကလည်း ဘဝကို အထိနာစေတာပေါ့"

နီမောင်ထံမှ ထိုစကားကြားပြန်တော့လည်း မြလေးခင် မှာ စောစောကလို မဟုတ်တော့ဘဲ သူမ မျက်နှာပေါ်မှာ စိတ်မကောင်းသော အမူအရာလေးများ ပေါ်လာလေသည်။

"ငါပြောတာနဲ့ နင် စိတ်မကောင်း ဖြစ်သွားသလား နီမောင်၊ ငါက တမင်ပြောတာ မဟုတ်ပါဘူး"

"နင့်ကို ငါ စိတ်မဆိုးပါဘူး၊ အသုံးမကျခဲ့တဲ့ ငါ့ဘဝ ကိုသာ တွေးပြီး စိတ်မကောင်း ဖြစ်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အခုလာတာ တခြားမဟုတ်ဘူး၊ အဖေက နင့်ကို တွေ့ချင်တယ်ဆိုလို့ လာခေါ်တာပါ"

"ကျွန်ုပ်တော့ သားမက်လောင်းကို ယောက္ခမကိုယ်တိုင်က အိမ်ခေါ်ပြီး ကြည့်တော့မယ်နဲ့ တူပါရဲ့"

"ပြောပြန်ပလား... ပေါက်ကရစကား၊ ကဲဟယ်... ကဲဟယ်"

ပြောပြောဆိုဆိုနှင့် မြလေးခင်က နီမောင် ကျောပြင်ကို တအုန်းအုန်းနှင့် ထုလေတော့သည်။

သို့စေကာမူ သူမ မျက်နှာပေါ်မှာတော့ ကျေနပ်မှု အပြုံးရိပ်ကလေးများ ယှက်သန်းနေလေသည်။

မြလေးခင်တို့အိမ် ရောက်တော့ သူမ၏ဖခင် ဦးဘိုးမြ နှင့် အခြားရွာသား နှစ်ယောက်၊ သုံးယောက်တို့လည်း ရှိနေကြသည်။

"လာဟေ့... နီမောင်၊ မင်းရဲ့သတင်းကတော့ တစ်ရွာလုံးကို မွှေးနေတာပဲကွ"

"ဘာသတင်းလဲ ဦးလေးမြရဲ့"

နီမောင်က သူတို့နားမှာ ဝင်ထိုင်ရင်း မေးလိုက်သည်။

"ဘာသတင်း ရှိရမလဲကွာ... တစ်နယ်လုံးက စိတ်ဝင်စားနေတဲ့ ပါးဖြူမိကျောင်းကို ရအောင်ထိုးခဲ့တာရော မိကျောင်း ကိုယ်စားလှယ်တွေကို မိကျောင်းဈေး မရလို့ မရောင်းဘူးလို့ ပြောလိုက်တဲ့ သတင်းတွေရောပေါ့"





"ဒါကတော့ ဦးလေးမြရယ်... သူတို့ဖြတ်တဲ့ဈေးက မြို့မှာ ပေါက်ဈေးထက် တစ်ဝက်လောက် ကွာနေတာကိုး ဘယ်ရောင်းနိုင်ပါ့မလဲ၊ သူတို့က လွယ်လွယ်လေးနဲ့ အမြတ်လိုချင်နေကြတာ၊ ကျွန်တော်တို့က မိကျောင်းတစ်ကောင်ရဖို့ အသက်နဲ့ ရင်းရတာ မဟုတ်လား"

"ဒါတော့ မှန်တာပေါ့ကွာ၊ ဒါပေမယ့် မှန်တိုင်းလည်း သူတို့က ကြိုက်ကြမယ် မထင်ဘူးကွ"

"မကြိုက်လည်း မရောင်းရုံပဲ ရှိတာပေါ့၊ ကိုထွန်းစိန်ကလည်း ကျွန်တော့်သဘော လွှဲထားတော့ ကျွန်တော်ကတော့ စိတ်ကြိုက်ဈေး မရရင် မရောင်းဘူးဗျာ၊ ဒါထက် ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ ဘာကိစ္စရှိလို့လဲ ဦးလေးမြ"

"မင်းနဲ့ တိုင်ပင်စရာ ရှိလို့ကွ"

"ဘာများပါလိမ့်"

"တခြားတော့ မဟုတ်ဘူး... ဦးဘဖဲတို့ သားအဖ သုံးယောက် ဟိုတလောတုန်းက မေန်းဝဲဘက်မှာ ပင်လယ်ငါးရှာ သွားငုပ်ကြရင်းနဲ့ ထူးဆန်းတာတွေ တွေ့ခဲ့ရလို့ကွ၊ ကဲ... ဦးဘဖဲ ပြောပြလိုက်ဗျာ"

ဟု ပြောလိုက်ရာ ဦးဘဖဲက သောက်လက်စ လက်ဖက်ရည်ကြမ်း ပန်းကန်ကို ပြန်ချလိုက်ပြီး ၎င်းတို့ ကြုံတွေ့ခဲ့သည့် အဖြစ်အပျက်များကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကွာ... ရေအောက်ရောက်မှ အနီရောင်အလင်းတန်းတွေ ရေအောက်က ဖြာထွက်လာတာ တွေ့ရတာနဲ့ ကျော်လှနဲ့ ကျော်မြတို့လည်း ကြောက်ပြီး ပြန်တက်ပြေးခဲ့ရတယ်ကွ"

"အဲဒီသတင်းကို ကြားနေတာကတော့ ကြာပါပြီ၊ ကျွန်တော်တို့နဲ့တော့ တစ်ခါမှ မကြုံသေးဘူး၊ အဲဒီအလင်းရောင်တွေက ဘယ်နေရာက ထွက်လာတဲ့ အလင်းရောင်တွေ ဖြစ်မလဲ ဘကြီးဖံ"

နီမောင်က ပြန်မေးလိုက်သည်။

"အေး... ငါတို့လည်း အဲဒါသိချင်လို့ မင်းတို့နဲ့လာပြီး တိုင်ပင်တာပေါ့ဟ"

"ဘယ်လိုလုပ်ကြမလဲ"

"ငါ့သဘောကတော့ မင်းတို့နဲ့အတူ အဲဒီနေရာသွားပြီး ကြည့်ချင်လို့ လာပြီး တိုင်ပင်တာကွ"

ထိုစကား ကြားသောအခါ ဦးဘိုးမြနှင့် နီမောင်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ဘယ်လိုလဲ နီမောင်... သွားကြမလား"

"သွားချင်လည်း သွားကြတာပေါ့၊ အခြေအနေ တစ်ခုခုတော့ သိကြရမှာပေါ့"





"ဒါပေမယ့်... တစ်ခုတော့ ရှိတယ်နော်၊ အဲဒီနေရာက မေန်းဝဲနဲ့ နီးတော့ သတိ စီရိယတော့ ထားကြရလိမ့်မယ်"

"ဒီအတွက်တော့ စိတ်မပူနဲ့၊ နီမောင်တစ်ယောက်လုံး ပါလာမှတော့ သူ ကြည့်ပြီး စီစဉ်လိမ့်မယ်၊ ဘယ်နေ့ဘယ်ရက် သွားမယ်ဆိုတာသာ အစီအစဉ် ဆွဲကြပေရော့"

ဟု ပြောဆို တိုင်ပင်ပြီးနောက် နီမောင်တို့လည်း ပြန်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၇ )

## သန်းခေါင်ယံ ဧည့်သည်များ

ပထမဦးစွာ နားထဲသို့ ဝင်လာသော အသံများမှာ ခွေးဟောင်သံများပင် ဖြစ်သည်။

ခွေးဟောင်သံများမှာ သာမန်ရိုးရိုး ဟောင်နေခြင်းမျိုး မဟုတ်ဘဲ တစ်စုံတစ်ရာကို တွေ့သဖြင့် ရူးရူးဝါးဝါး ဟောင်နေသော အသံမျိုး ဖြစ်သည်။

ခဏကြာတော့ ခွေးဟောင်သံများက တဖြည်းဖြည်း နှင့် နီးလာသည်။

နီမောင့်နားထဲမှာ ထိုအသံများကို ကြားနေရသော် လည်း လူက အိပ်ပျော်နေဆဲပင် ရှိသေး၏။

သို့စေကာမူ သူ့မျက်စိထဲမှာ အိပ်မက်လိုလို မြင်ကွင်း အချို့ကို မြင်နေရသည်။





ခွေးဟောင်သံများက တဖြည်းဖြည်း နီးလာပြီး သူ့အိမ် ခြံဝင်းအနီးသို့ ရောက်လာသည်။

သူ ကြည့်လိုက်တော့ ခြံဝမှ လူသုံးယောက် ဝင်လာ နေသည်ကို လှမ်းမြင်ရသည်။

"အချိန်မတော်ကြီး ဘယ်က ဧည့်သည်တွေပါလိမ့်၊ အဖေနဲ့ အမေတို့ကို နှိုးလိုက်ဦးမှ"

ဟု စိတ်ကူးပြီး ကြည့်လိုက်တော့ အိမ်ပေါ်မှာ ဘယ်သူမှ မရှိဘဲ သူတစ်ယောက်တည်း ရှိနေလေသည်။

အဖေတို့ အမေတို့ ဘယ်ရောက်သွားကြပါလိမ့်။

စဉ်းစားနေဆဲမှာပင် ဧည့်သည် သုံးယောက်က အိမ် ပေါက်ဝ ရောက်လာလေပြီ။

သုံးယောက်စလုံးမှာ သူ မမြင်ဖူးသော လူများဖြစ်ပြီး ရှေးခေတ် အဝတ်အစားများ ဝတ်ဆင်ထားကြသည်။

ရှေ့ဆုံးမှလူကြီးက သျှောင်တစောင်းကို ထုံးထားပြီး ခေါင်းပေါင်းပဝါကို ပေါင်းထားသည်။

ပိုးရင်ဖုံးအင်္ကျီ၊ တောင်ရှည်ပုဆိုးတို့ကို ဝတ်ဆင်ထား လေသည်။ နှုတ်ခမ်းမွေးကားကားနှင့် ခံ့ညားသောအသွင် တည်း ရှိသည်။

အလယ်မှ ရပ်နေသည့် မိန်းကလေးက အသက် ဆယ်ဝန်းကျင် အရွယ်ခန့်ရှိပြီး လှပချောမောသူ တစ်ယောက် ဖြစ်သည်။ ရင်ဖုံးအင်္ကျီနှင့် ထဘီတို့ကို ဝတ်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှလူကြီးကတော့ သျှောင်ထုံး အသေးလေးကို ထိပ်တည့်တည့်မှာ တင်ထုံးထားပြီး တဘက် တစ်ထည်ကို လည်း ပတ်ထားသေးသည်။

ကရင် သင်တိုင်းအရှည် အင်္ကျီကို ဝတ်ဆင်ထားပြီး ပုဆိုးကွက်တုံးကို ခပ်တိုတို ဝတ်ထားသည်။

နှုတ်ခမ်းမွေးများက အဖြူရောင်ပင် သမ်းနေချေပြီ။ ၎င်းတို့သုံးယောက်က အိမ်ပေါက်ဝ,သို့ ရောက်သောအခါ ရပ်တန့်လိုက်ကြသည်။

"ကျုပ်တို့ ခရီးဝေးက လာကြတဲ့သူတွေပါ၊ အိမ်ထဲကို တဆိတ်လောက် ဝင်ခွင့်ပေးပါ"

ဟု ရှေ့ဆုံးမှ လူကြီးက ခွင့်တောင်းလေသည်။

"ဩော်... ရပါတယ်၊ ဝင်ခဲ့ကြပါ... ထိုင်ကြပါ"

နီမောင်က ဧည့်သည်များကို အိမ်ပေါ်သို့ ဖိတ်ခေါ်ရင်း အိမ်ပေါ်သို့ ကြည့်ပြန်တော့လည်း အဖေရော၊ အမေရော နောက်ဆုံး ညီဖြစ်သူကိုပါ မတွေ့ရသဖြင့် စိတ်ထဲမှာ အလွန် အဆန်းလို ဖြစ်နေလေသည်။

ဧည့်သည်များက ဧည့်ခန်းမှာ ထိုင်လိုက်ကြသည်။

"အချိန်မတော်ကြီး ဘယ်ကများ လာကြတာပါလဲ"

"ကျုပ်တို့နေတဲ့နေရာက မဝေးလှပါဘူး၊ မိန်းမလှကျွန်း တစ်ဝိုက်ကပါပဲ"





နီမောင့် စိတ်ထဲမှာတော့ မိန်းမလှကျွန်း တစ်ဝိုက်တွင် လူနေအိမ်ခြေ မရှိသောကြောင့် ဟိုးအောက်ဘက် ကဒုံကနီ ဘက်လောက်က ဒါမှမဟုတ် အမာရွာဘက်က လာတာ ဖြစ်မည်ဟု တွေးလိုက်မိသည်။

"ဟို... ကျွန်တော့်ဆီကို လာကြတာ ဘာကိစ္စရှိလို့ လဲဟင်"

"တခြားတော့ မဟုတ်ပါဘူးကွယ်၊ အခု မောင်ရင်တို့ ဖမ်းမိထားတဲ့ မိကျောင်းကြီးကို ဘာလုပ်ကြမှာလဲကွယ့်"

"ကျွန်တော်တို့ကတော့ မိကျောင်းဖမ်းမိလာရင် ရောင်း လိုက်တာပါပဲ၊ အခုလည်း ရောင်းဖို့ ဈေးစကား ပြောနေကြ တုန်းပါ"

"မောင်ရင်က အဲဒီမိကျောင်းကြီးကို ဘယ်လောက်ရမှ ရောင်းမှာလဲကွယ့်"

ထိုသို့မေးသဖြင့် နီမောင်မှာ အပြောရခက်သွားသည်။

"ပြောပါမောင်ရဲ့... အားမနာပါနဲ့"

"ဘယ်လောက်ရယ်လို့တော့ တိတိကျကျ မသတ်မှတ် ရသေးပါဘူး၊ ဒါထက်... ဦးကြီးတို့က ဘာကြောင့် မေးနေ ရတာလဲ"

"တခြားတော့ မဟုတ်ပါဘူးကွယ်၊ အဲဒီမိကျောင်းကြီး ကို ဦးကြီးတို့က ဝယ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ…ဦးကြီးတို့က မိကျောင်းဝယ်မလို့… ဟုတ်လား"

"ဟုတ်ပါတယ်ကွယ့်… ဈေးသင့်မြတ်ရင် ဝယ်ချင်လို့ပါ"

"ဘာ… ဘာလုပ်ဖို့လဲဟင်"

"ဒီလိုကွယ့်… ဒီမိကျောင်းက ဦးကြီးတို့ မွေးထားတဲ့ ဦးကြီးတို့ပိုင်တဲ့ မိကျောင်းကွယ့်"

"ဗျာ…"

"မအံ့ဩပါနဲ့ကွယ်… သူက စည်းပျက်ပြီး လူတွေပိုင်နက်ကို ရောက်သွားလို့သာ အခုလို အဖမ်းခံရတာပါ။ ဒါကြောင့်… သူ့ကို ဦးကြီးတို့က အလကား ပြန်မယူပါဘူး။ ကျသင့်တဲ့ တန်ဖိုးပေးပြီး ပြန်ဝယ်ယူမှာပါ"

"ဟို… ဟို…"

နီမောင်မှာ အထူးအဆန်း ကြားရသော စကားများကြောင့် ဘာပြန်ပြောရမှန်း မသိတော့အောင် အံ့ဩနေသည်။

"ဒီလိုလုပ်ပါ မောင်ရင်… မောင်ရင်တို့ ဒီမိကျောင်းကြီးကို ရောင်းရင်လည်း ငွေကြေးအနေနဲ့ ဘယ်လောက်မှ များများမရနိုင်ပါဘူး။ အဲဒီတော့ ဒီမိကျောင်းကြီးကို ကျုပ်တို့ကိုပေးပါ၊ မောင်ရင်တို့အတွက် ရွှေငွေရတနာပစ္စည်းတွေ ရနိုင်အောင် ကျုပ်တို့က လမ်းပြပေးပါ့မယ်"

"ဘယ်လို လမ်းပြပေးမှာလဲဟင်"





"မိကျောင်းတွေ ဆိုတာ လူတွေကို ဖမ်းစားပြီးရင် လူတွေဝတ်ဆင်တဲ့ လက်ဝတ်လက်စား ရတနာတွေကို သူတို့ရဲ့ မိကျောင်းသိုက်ထဲမှာ ထားလေ့ရှိတယ်၊ ဒီပါးဖြူမိကျောင်းကြီးဟာ သူ့သက်တမ်းတစ်လျှောက် သတ်စားခဲ့တဲ့လူတွေ မနည်းလှတော့ဘူး။ အဲဒီလူတွေရဲ့ လက်ဝတ်ရတနာတွေကို သူ့ရဲ့ မိကျောင်းသိုက်ထဲမှာပဲ ထားတော့ အခုဆိုရင် အများကြီး ရှိနေတာပေါ့"

"ဟင်…"

နီမောင်မှာ ထူးဆန်းစွာ ကြားနေရသော စကားများကြောင့် ယုံရအခက်၊ မယုံရအခက် ဖြစ်နေသည်။

"ဘာမှစိတ်မပူပါနဲ့ မောင်ရင်၊ ဒီမိကျောင်းကြီးကို ပြန်လွှတ်ပေးပါမယ်လို့သာ ကတိပေးပါ၊ ကျုပ်တို့က ရတနာတွေရှိတဲ့ မိကျောင်းသိုက် နေရာကို ပြပေးပါ့မယ်"

"သူ့ကို လွှတ်ပေးလိုက်ရင် သူက လူတွေကို သတ်စားဦးမှာပေါ့"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ မောင်ရင်က သူ့ကို ပြန်လွှတ်ပေးလိုက်တာနဲ့ သူ လူတွေရှိတဲ့နေရာကို မလာအောင် ကျုပ်တို့ ထိန်းပေးပါ့မယ်၊ သူ့ကိုလည်း လူတွေရှိတဲ့အရပ်မှာ နောက်ထပ် မတွေ့စေရဖို့ ကတိပေးပါတယ်"

နီမောင်က လူကြီးထံမှ ကတိစကား ကြားရသောအခါ အတန်ငယ် စဉ်းစားပြီးနောက်…



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ... မိကျောင်းကြီးကို ကျွန်တော် ပြန်လွှတ်ပေးပါ့မယ်"

ဟု ပြောလိုက်သည်။

ထိုစကား ကြားသောအခါ ညှိသည် သုံးယောက်စလုံး၏ မျက်နှာပေါ်ဝယ် ကျေနပ်မှု အရိပ်အရောင်များ ပေါ်လာကြသည်။

"ဒီစကား ကြားရတာ ဝမ်းသာပါတယ် မောင်ရင်၊ ဒီလိုဆိုရင် ကျုပ်တို့ကလည်း ကတိအတိုင်း ရတနာတွေရှိတဲ့ မိကျောင်းသိုက်နေရာကို ပြပေးပါ့မယ်၊ ကျုပ် လက်ညှိုးထိုးပြတဲ့ နေရာကိုသာ မှတ်ထားပါတော့"

ဟု ပြောကာ အပြင်တစ်နေရာသို့ လက်ညှိုးထိုးပြရာ နီမောင်က လှမ်းကြည့်လိုက်တော့ ပထမဦးစွာ ဖောင်ဝင်မြစ်ကြီးကို အရင်မြင်ရသည်။

ထိုမှ ဒီးဒုတ်ကျွန်း။

ဒီးဒုတ်ကျွန်း အလွန်ရောက်တော့ မေန်းဝဲကြီးကို တွေ့ရပြန်သည်။

မေန်းဝဲကြီး၏ အရှေ့ဘက်တစ်နေရာတွင် ချောက်ကမ်းပါးတန်း တစ်တန်းရှိပြီး တစ်နေရာမှာတော့ ကမ်းစပ်တွင် ပေါက်နေသည့် ကြီးမားလှသော ကမ္ဘလာပင်ကြီး တစ်ပင်ကို တွေ့ရသည်။





ကမ္ဘလာပင်ကြီးမှာ ကြီးလှသောကြောင့် အခြားသစ်ပင်များအပေါ်သို့ ကျော်တက်နေပြီး အကိုင်းအခက်များက ရေထဲသို့ပင် ကိုင်းကျနေသည်။

"အဲဒီ ကမ္ဘလာပင်ကြီးရဲ့ အောက်ခြေမှာ လိုဏ်ခေါင်းတစ်ခု ရှိတယ်၊ အဲဒီ လိုဏ်ခေါင်းထဲကနေ ဝင်သွားရင် မိကျောင်းသားရဲတွင်းကို ရောက်သွားလိမ့်မယ်၊ သားရဲတွင်းထဲကို ရောက်သွားရင် တွေ့တဲ့ရွှေငွေရတနာတွေကို အားလုံးယူနိုင်ပါတယ်၊ အဲဒီပစ္စည်းတွေက ပိုင်ရှင်မဲ့ ပစ္စည်းတွေပါပဲ"

"အဲဒီနေရာက မေန်းဝဲနဲ့နီးတော့ ကျွန်တော် သွားယူလို့ ဖြစ်ပါ့မလား"

ထိုအခါ ကရင်သင်တိုင်းအင်္ကျီ ဝတ်ထားသော လူကြီးက ဝင်ပြောလေသည်။

"ဒီအတွက် ဘာမှစိတ်မပူပါနဲ့၊ ဘယ်လိုအန္တရာယ်မျိုးမှ မတွေ့ရအောင် ကျုပ်တို့ စောင့်ရှောက်ပေးပါ့မယ်"

ထိုလူကြီးက ကရင်စကားသံဝဲဝဲဖြင့် ဝင်ပြောလေရာ နီမောင်မှာ အံ့သြသွားလေတော့သည်။

"ဒါထက်... ဦးကြီးတို့က အဲဒီဘက်က လာကြတာဆိုတော့ ကျွန်တော် သိချင်တာလေးများ မေးလို့ရမလား"

"မေးပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ မြေနှင်းဝဲရဲ့ အနားမှာ ရေအောက်က အနီရောင်တွေ တစ်ခါ တစ်ခါ ပေါ်လာတာ ဘာကြောင့်လဲဟင်"

"အဲဒီ အနီရောင်တွေက တခြားမဟုတ်ပါဘူး၊ ရေအောက်တစ်နေရာမှာ ပတ္တမြားကြီး တစ်လုံးရှိတယ်၊ ရေစစ်တဲ့အချိန် အဲဒီပတ္တမြားကြီး ရှိတဲ့နေရာကို နေရောင်ခြည် ဖြာကျလာရင် ရေအောက်က အနီရောင်တွေ တက်လာတာပါ၊ ဒါပေမယ့် အချိန်တိုင်းတော့ တွေ့ရမှာ မဟုတ်ဘူး"

"ဘာကြောင့်လဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ အဲဒီပတ္တမြားကြီး ရှိတဲ့နေရာက ကမာကောင်ကြီး တစ်ကောင်ရဲ့ ပါးစပ်ထဲမှာပါ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဒီနေရာကို လူတစ်စု ရောက်လာကြတယ်၊ သူတို့နဲ့ အတူပါလာတဲ့ နန်းစဉ်ပတ္တမြားကြီး တစ်လုံးဟာ အမှတ်မထင် ရေထဲကျသွားရာက ကမာကောင်ကြီး တစ်ကောင်ရဲ့ ပါးစပ်ထဲကို ရောက်သွားခဲ့တယ်"

"ဟင်..."

"အဲဒီ ကမာကောင်ကြီးကလည်း ရေအောက်ကျောက်ဆောင် နှစ်ခုကြားမှာ ညပ်နေတာဆိုတော့ နေရာမရွှေ့တော့ဘူး၊ ကမာကောင်ကြီး ပါးစပ်ဟထားတဲ့ အချိန်နဲ့ အပေါ်က နေရောင်ခြည် ထိုးကျလာတဲ့ အချိန်နဲ့ ရေစစ်နေတဲ့အချိန်





သုံးခု တိုက်ဆိုင်ခဲ့ရင် ပတ္တမြားကြီးဆီက ဖြာထွက်လာတဲ့ အနီရောင်တွေကို တွေ့ကြရတာပါ"

ထိုစကားကြောင့် နီမောင်မှာ တအံ့တဩ ဖြစ်သွားလေသည်။

"မောင်ရင့်ကို တစ်ခုတော့ သတိ ပေးရဦးမယ်၊ ဒီအကြောင်းတွေကို မသမာတဲ့လူတွေသိရင် အန္တရာယ်များလိမ့်မယ်၊ တကယ်လို့ အဲဒီပတ္တမြားကြီးကို တွေ့လို့ဖြစ်စေ၊ ရလို့ဖြစ်စေ ကိုယ်ကျိုးအတွက် မသုံးစွဲလေနဲ့"

"ဘာကြောင့်လဲ... ဦးကြီး"

"ဒီပတ္တမြားကြီးရဲ့ မူလပိုင်ရှင်တွေက သူတို့ပစ္စည်းကို မြတ်စွာဘုရားအတွက် ရည်စူးထားတာဆိုတော့ ဘုရားကိစ္စတွေမှာပဲ အသုံးပြုရမယ်၊ ကျန်တဲ့ကိစ္စတွေမှာ မသုံးထိုက်ဘူး၊ တကယ်လို့ ကိုယ့်ကျိုးအတွက် သုံးမယ်ဆိုရင်လည်း ဘေးအန္တရာယ်ဆိုးတွေနဲ့ မုချတွေ့ရမှာပဲ"

ဟု ပြောပြလေသည်။

"စိတ်ချပါ... ဦးကြီး၊ တကယ်လို့ အဲဒီပစ္စည်းကို ရခဲ့ရင်တောင် ကျွန်တော် ကိုယ်ကျိုးအတွက် လုံးဝ မသုံးစွဲပါဘူးလို့ ကတိပေးပါ့မယ်"

"သာဓုကွယ်... သာဓု... သာဓု..."

ထို့နောက်...



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည် သုံးယောက်တို့က ပြန်ရန် နေရာမှ ထကြလေသည်။

"ဦးကြီးတို့ ပြန်ကြတော့မှာလား၊ ကျွန်တော် မိကျောင်းကြီးကို အခု ညတွင်းချင်းပဲ သွားလွှတ်ပေးရမှာလား"

"ဒီလိုလည်း မဟုတ်သေးပါဘူးကွယ်၊ မောင်ရင်လေး အဲ့နေ့နဲ့ လွှတ်ပေးပါမယ်လို့ ကတိပေးထားပြီးရင် တော်ပါပြီ၊ မိကျောင်း သားရဲတွင်းထဲက ရွှေငွေ ရတနာတွေ ရပြီးမှပဲ လွှတ်ပေးလိုက်ပါ၊ ဩော်... ဒါထက်... မောင်ရင်လေးကို မှာခဲ့ရဦးမယ်၊ အခု ဦးကြီးတို့ မင်းဆီကို လာတဲ့အကြောင်းရယ်၊ မိကျောင်းသားရဲတွင်း အကြောင်းရယ်၊ ပတ္တမြားကြီးအကြောင်းရယ် ဘယ်သူမှ အသိမပေးလေနဲ့၊ မင်းအတွက် အန္တရာယ်တွေ ရောက်လာလိမ့်မယ်"

ဟု ထပ်မံ သတိပေးပြန်လေသည်။

"စိတ်ချပါ... ဦးကြီး"

ထို့နောက် ညှော်သည် သုံးယောက်တို့က နီမောင်ကို နှုတ်ဆက်ပြီးနောက် အမှောင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြလေတော့သည်။

ထိုအခါမှ အိပ်ပျော်ရာမှ ဖျတ်ခနဲ ပြန်နိုးသတဲ့သို့ ဖြစ်လာသည်။





ကပျာကယာ အိပ်ရာမှထပြီး ကြည့်လိုက်တော့ အဖေ၊ အမေနှင့် ဖိုးအောင်တို့သုံးယောက်မှာ အသီးသီး အိပ်မောကျနေသည်ကို တွေ့ရလေသည်။

သူသည် ဆန်းကြယ်သော အိပ်မက် အကြောင်းကို တွေးကာ တအံ့တဩ ဖြစ်နေမိလေသည်။

အဝေးဆီမှ သန်းခေါင်ယံ တွန်လိုက်သည့် ကြက်တွန်သံများကို ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

# သားရဲတွင်းမှ လက်ဝတ်ရတနာများ

နံနက် လင်းသောအခါ ကိုထွန်းစိန် ဆီသို့ သွားကာ အိပ်မက် အကြောင်းများကို ပြောပြရလေသည်။

အဘယ့်ကြောင့် ဆိုသော်...

ဖမ်းဆီး ရထားပြီးသား မိကျောင်းကြီး တစ်ကောင်ကို ဒီအတိုင်း ပြန်လွှတ်ပေးရမည့်ကိစ္စမှာ ဘယ်လိုနည်းနှင့်မှ တွေးတွေး မဖြစ်နိုင်သောကိစ္စမျိုးပင် ဖြစ်၏။

ထို့ပြင် မိကျောင်းကြီးမှာ သူ့ထက် ကိုထွန်းစိန်က ပိုမိုသက်ဆိုင်ပေရာ ကိုထွန်းစိန် သဘောမတူဘဲ ဘယ်လိုမှ လွှတ်ပေးရန် မဖြစ်နိုင်ပေ။

သူပြောစကား နားထောင်ပြီးတော့ ကိုထွန်းစိန်က...

"နီမောင် ညက မင်းအရက်ပြန်သောက်ပြီး အိပ်လို့များ မြင်မိမြင်ရာ၊ ကြားမိကြားရာတွေ ကြားရော့သလားကွ"





ဟု မေးသည်။

"မဟုတ်ပါဘူး... အစ်ကိုရာ၊ ကျွန်တော် အရက်လုံးဝ မသောက်တော့ပါဘူး။ ညကတော့ သူတို့သုံးယောက် အိမ်ပေါ် တက်လာတာကို ကျွန်တော့်မျက်စိနဲ့ သေသေချာချာကို မြင်နေရတာပါ"

"အိပ်မက် မက်နေတာလား"

"မဟုတ်ဘူး... ကိုယ့်အိမ်ကို ဧည့်သည်လာသလိုကို မြင်နေရတာ"

"အင်း... ဆန်းတော့ အတော်ဆန်းတယ်၊ ကဲ... ပြောပြပါဦး... သူတို့က ဘာတွေ ပြောသွားတာလဲ"

နီမောင်က ညကလာသော လူကြီး ပြောသွားသည့် အကြောင်းအရာများကို ပြန်ပြောပြလိုက်သည်။

စကားဆုံးတော့ ကိုထွန်းစိန်က...

"အင်း... စိတ်ဝင်စားဖို့တော့ အကောင်းသားဟ၊ ဝိညာဉ်လောကတို့၊ ပရလောကတို့ ဆိုတာတွေကလည်း အတော်ကလေး ဆန်းကြယ်တာ ဆိုတော့ မယုံလို့လည်း မရဘူး၊ နောက်ပြီး... သူတို့ ပြောသွားတာတွေကလည်း အမှန်တွေ ဖြစ်နိုင်တယ်ကွ"

ဟု တွေးတွေးဆဆ ပြောသည်။

"ဘယ်လိုမှန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ခပ်ငယ်ငယ်က လူကြီးသူမတွေ ပြောသံကြားတာက မြေနီးဝဲနားတစ်ဝိုက်မှာ မိကျောင်းသားရဲတွင်းကြီးတစ်တွင်း ရှိတယ်လို့ ကြားဖူးတယ်၊ ဒါပေမယ့် ဘယ်နေရာမှာ ရှိမှန်းသာ မသိကြတာ၊ နောက်ပြီး အဲဒီနေရာ တစ်ဝိုက်မှာလည်း ရေငန်ပိုင် အရှင်သခင်တွေရဲ့ နတ်မိကျောင်းကြီးလည်း ရှိတယ်လို့ ပြောတယ်"

"ဒါဖြင့် ကျွန်တော်တို့ ဖမ်းမိထားတဲ့ ပါးဖြူမိကျောင်းကြီးက လူကြီးတွေပြောတဲ့ နတ်မိကျောင်းဆိုတာများ ဖြစ်နေရော့သလား"

"ဒီလိုလည်း အတပ်ပြောလို့ မရသေးဘူးကွ၊ ဟုတ်မဟုတ်ကတော့ သူတို့ပြောတဲ့အတိုင်း သွားကြည့်မှ သိရမှာပေါ့"

"ဒါဖြင့် ကျွန်တော်တို့ မိကျောင်းသားရဲတွင်းကို သွားကြည့်ကြမှာပေါ့၊ ဟုတ်လား... အစ်ကို"

"အေး... သွားကြည့်တာကတော့ မမှားဘူးပေါ့ကွာ၊ သူတို့ပြောတဲ့အတိုင်း ဟုတ်တော့လည်း ဖမ်းထားတဲ့မိကျောင်းကြီးကို ပြန်လွှတ်ပေးလိုက်တာပေါ့၊ မဟုတ်တော့လည်း ရောင်းပစ်လိုက်တာပေါ့ကွာ၊ အေး... ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ တို့ချည်းပဲ သွားလို့တော့ မသင့်ဘူး"

"ဒါဖြင့်... ဘယ်လိုလုပ်မလဲ"





"အတွေ့အကြုံရှိတဲ့ လူကြီးတစ်ယောက် လောက်တော့ ပါမှ သင့်မယ်"

"ဒါဖြင့် အဘဦးမွန်ထော်ကို အကျိုးအကြောင်းပြောပြပြီး ခေါ်သွားကြတာပေါ့"

"ဒါ့အပြင်... အရေးအကြောင်းပေါ်ရင် အားကိုးရတဲ့ အဖော် နှစ်ယောက်လောက်လည်း ခေါ်ခဲ့ဦးမှ"

"လွယ်ပါတယ်... စောထီးနဲ့ ငမဲအောင်တို့ နှစ်ယောက်ကို ခေါ်ခဲ့မယ်၊ သူတို့နှစ်ယောက်က နှုတ်လည်း လုံတယ်၊ အရေးအကြောင်းရှိရင်လည်း အားကိုးရတာပေါ့"

ဟု ပြောဆို တိုင်ပင်ပြီး ခရီးထွက်ရန် ပြင်ကြလေသည်။ အဘဦးမွန်ထော်ကို သွားခေါ်တော့ ချက်ချင်းလိုက်လာသလို စောထီးနှင့် ငမဲအောင်တို့ကလည်း မငြင်းကြပေ။

နောက်တစ်နေ့ နံနက်စောစော ရေကျချိန်တွင် လှေတစ်စင်းနှင့် ငါးယောက်သား ခရီးထွက်ခဲ့ကြလေသည်။ ဦးမွန်ထော်၊ ကိုထွန်းစိန်၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့ပင် ဖြစ်၏။

လှေပေါ်မှာ စလွတ်၊ ဓား၊ လှံ၊ မိုန်း အစရှိသည့် လက်နက်များ ယူဆောင်လာကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်က လှော်တက် တစ်ချောင်းစီဖြင့် လှေကို လှော်ကြပြီး အဘ ဦးမွန်



www.burmeseclassic.com

www.burmeseclassic.com



ထော်နှင့် ကိုထွန်းစိန်တို့ နှစ်ယောက်က လှေဝမ်းအလယ်မှ ထိုင်လိုက်လာကြသည်။

သူတို့လှေသည် စက်စု ချောင်းဝ,မှ ထွက်ပြီးနောက် ရေစုန်အတိုင်း အောက်ဘက်သို့ စုန်ဆင်းလာကြသည်။

လှိုင်းလေ ကင်းစင်နေသော ဖောင်ဝင်မြစ်ရေပြင်သည် ပကတိအလှများ ပေါ်လွင်လျက် ရှိသည်။

မျက်စိတစ်ဆုံး တစ်မျှော်တစ်ခေါ် မြင်နေရသော မိန်းမလှကျွန်းကြီးမှ ညို့မှိုင်းနေသော သစ်တောစိမ်းစိမ်းများက သဘာဝ သစ်တောများ၏ အလှကို ဖော်ပြနေကြသည်။

မိန်းမလှကျွန်းသည် ရေငန်ပိုင်ဦးရှင်ကြီး ဇာတ်တွင် အဓိက ပါဝင်သော နေရာဖြစ်ပြီး ကျုံတုံးမြို့စားကြီး ဗညားဓေယျနှင့် ပတ်သက်သော မျောက်တစ်ရာ ဘုရားကို အကြောင်းပြုပြီးတော့လည်း လူသိများ ထင်ရှားခဲ့သော နေရာတစ်ခု ဖြစ်ခဲ့လေ၏။

နီမောင်တို့ တစ်တွေကို သယ်ဆောင်လာသော လှေကလေးသည် ဖောင်ဝင်မြစ်ရိုးအတိုင်း အောက်ဘက်သို့ စုန်ဆင်းလာကြလေသည်။

"ဝိညာဉ်လောကဆိုတာ အင်မတန် ဆန်းကြယ်တယ် သူတို့နဲ့ ပတ်သက်ရင်လည်း သတိထားရတယ်၊ ပေါ့ဆော့ ဆဆ မလုပ်သင့်ကြဘူး"





"ဘာကြောင့်လဲ... အဘထော်"

"ဘာကြောင့်လဲ ဆိုတော့ ပရလောကလို့ ခေါ်တဲ့ ဝိညာဉ်တွေမှာ အနည်းနဲ့ အများဆိုသလို ဖန်ဆင်းနိုင်တဲ့ ကမ္မဇိဒ္ဓိတန်ခိုး ရှိကြတယ်၊ အနိမ့်ဆုံး ဖုတ်၊ ပြိတ္တာ၊ ကျတ်၊ သရဲ၊ တစ္ဆေ ဆိုတဲ့ နာနာဘာဝတွေမှာတောင် လူတွေ ကြောက်အောင်၊ လန့်အောင် ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းနိုင်ကြတယ်"

"ဟုတ်ကဲ့... ဆက်ပြောပါဦး အဘ"

"သူ့ထက် အဆင့်မြင့်တဲ့ ဥစ္စာစောင့်၊ ရုက္ခစိုး၊ နတ်တွေ ပရလောကသားတွေကျပြန်တော့ လူတွေနဲ့ အတူနေလို့ ရတယ်၊ လူတွေကို ပြောချင်တာတွေ ပြောနိုင်ကြတယ်၊ နောက်တစ်ချက်က သူတို့ သတိပေးချင်တာတွေကိုလည်း ကိုယ်ထင်ပြလို့ဖြစ်စေ၊ အိပ်မက်ပေးလို့ဖြစ်စေ သတိပေးတတ်ကြတယ်၊ အဲဒီလို သတိပေးလာခဲ့ရင် ပေါ့ပေါ့လျော့လျော့ နေကြရဘူး"

"နေရင် ဘယ်လိုဖြစ်သလဲ အဘ"

"သူတို့က မလုပ်သင့် မလုပ်ထိုက်တာကို သတိပေးပါလျက်နဲ့ ဖွတ်တိုးလုပ်ရင်တော့ အသက်ဘေးအန္တရာယ်ကြုံဖို့ သာများတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကား ကြားသောအခါ ကိုထွန်းစိန်နှင့် နီမောင်တို့ နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပခုံးတွန့်လိုက်ကြလေသည်။

"ဒါဖြင့်... ကျွန်တော့်ဆီလာတာ ဘာတွေဖြစ်နိုင်မလဲ အဘ"

"ဒီကျွန်းနေရာ တစ်ဝိုက်နဲ့ သက်ဆိုင်တဲ့ ဝိညာဉ် လောကသားတွေ ဖြစ်မှာပေါ့ကွယ်၊ သူတို့က မင်းတို့ကို မမှားသင့်တာ မမှားရအောင် အပေးအယူသဘောမျိုးနဲ့ အခုလို လာပြောတယ်ဆိုတာ အတော်ကံထူးတယ်လို့ ဆိုရမယ်။"

"ဘာကြောင့်လဲ... အဘ"

"ပရလောကသားတွေဆိုတာ လူတွေနဲ့ ဘဝချင်းမတူ အဆင့်ချင်း မတူတော့ သူတို့အနေနဲ့ လာချင်တိုင်း လာလို့ မရဘူး၊ ပြောချင်တိုင်းလည်း ပြောလို့မရဘူး။ အခု ကိုယ်တိုင် ရောက်လာပြီး ပြောပြတယ်ဆိုတော့ ဘဝဆက် ပဋ္ဌာန်းဆက် ရှိလို့ နေမှာပေါ့ကွာ"

ဟု ပြောပြလေသည်။

သူတို့တစ်တွေသည် စကားတပြောပြောနှင့် လှော်လာ ကြရာ ရေစစ်ကာနီး အချိန်လောက်တွင် ငမန်းဝဲနှင့် မနီးမဝေး နေရာသို့ ရောက်လာကြသည်။





နေရောင်ခြည်က မြစ်ရေပြင်ပေါ်သို့ စူးစူးရှဲရှဲ ထိုးကျ နေရာ အလင်းရောင်များက တဖျပ်ဖျပ် ထ,နေလေ၏။

ရေစစ်ချိန်လည်း ဖြစ်သောကြောင့် တစ်ခါတစ်ရံ ရေအောက်မှ ပေါ်လာတတ်သည်ဆိုသော အနီရောင် အလင်း တန်းများကို တွေ့လိုတွေ့ငြား ကြည့်ကြသော်လည်း မတွေ့ ရပေ။

နီမောင့်စိတ်ထဲမှာတော့ ပတ္တမြားကြီးကို ပါးစပ်တွင်းမှာ ငုံထားသည့် ကမာကောင်ကြီး ပါးစပ်ဟနေသည့် အချိန်နှင့် ကြုံကြိုက်မှ အနီရောင် အလင်းတန်းများ ပေါ်လေ့ရှိသည်ဟု အိပ်မက်ထဲမှလူကြီး ပြောသွားသောစကားများကို သတိရနေ မိသည်။

ထိုနေရာတစ်ဝိုက်တွင် တွေ့မြင်ရသော မြင်ကွင်းများမှာ ညက အိပ်မက်ထဲတွင် တွေ့မြင်ခဲ့ရသည့် မြင်ကွင်းများနှင့် ထပ်တူထပ်မျှ တူညီနေသည်။

ငမန်းဝဲနေရာ ရောက်တော့ အရှေ့ဘက်သို့ လှမ်းကြည့် လိုက်သောအခါ ချောက်ကမ်းပါးတန်းတစ်ခုရှိပြီး ထိုကမ်းပါး ထိပ်တွင် အလွန်ကြီးသော ကမ္ဗလာပင်ကြီးတစ်ပင်ကို လှမ်းမြင် နေလေသည်။

"ညက ပြောသွားတာ မိကျောင်းသားရဲတွင်း ရှိတဲ့ နေရာဟာ အဲဒီကမ္ဗလာပင်ကြီး ရှိတဲ့နေရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က လှေလှော်နေရာမှ အရှေ့ဘက်ကမ်းတွင် လှမ်းမြင်နေရသည့် ကမ္ဗလာပင်ကြီးရှိရာကို လက်ညှိုးထိုးပြ တော့ အံ့သြသွားကြသည်။

ဈာစောပိုင်းက မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြစ်နေဟန် ရှိသော ကိုထွန်းစိန်၏ မျက်နှာပေါ်မှာပင် အံ့သြမှု အရိပ် အရောင်များ ပေါ်လာလေသည်။

သူတို့သည် နီမောင် ပြောသည့်အတိုင်း လှေကို ကမ္ဗလာပင်ကြီးရှိသည့် နေရာသို့ လှော်သွားကြသည်။

ကမ္ဗလာပင်ကြီးက အတော်ကြီးသောကြောင့် အမြစ် များက ရေတစ်ဝက် ကုန်းတစ်ဝက်ပေါက်နေပြီး ဖော့ချွန်များက လည်း တစ်ပြင်ကျယ်ကြီး ရှိနေကြသည်။

အကိုင်းအခက် အချို့က ရေစပ်အထိ ကိုင်းကျနေကြ သည်။

"ညက အိပ်မက်ထဲမှာ တွေ့ရတာ ဒီအပင်ကြီးပဲ ဒီအပင်ကြီးရဲ့အောက်မှာ သားရဲတွင်းထဲကိုသွားတဲ့ လိုဏ်ခေါင်း ရှိတယ်လို့ ပြောသွားတယ်"

ယခုအချိန်ထိ နီမောင် ပြောသည့်စကားများမှာ မှန်နေ သောကြောင့် ယခုပြောသည့် စကားမှာလည်း မှန်လိမ့်မည်ဟု ယုံကြည်နေကြသည်။

သို့ကြောင့်...





လှေကို ကမ္ဗလာကိုင်း တစ်ကိုင်းတွင် ကြိုးချည်ထား လိုက်ကြသည်။ ပြီးလျှင် နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်သား ရေထဲဆင်းရန် ပြင်ကြလေသည်။

"မင်း အိပ်မက်ထဲကအတိုင်းဆိုရင် သားရဲတွင်းထဲက မိကျောင်းက မင်းတို့ ဖမ်းမိထားပြီ ဆိုပါတော့၊ အတွင်းမှာ မိကျောင်းရှိမှာ မဟုတ်ဘူး၊ ဒါပေမယ့် အခြားတစ်ကောင်က ရောက်ချင် ရောက်နေမှာဆိုတော့ သတိ ဝီရိယထားပြီး လုပ်ကြ"

ဟု ဦးမွန်ထော်က အတွေ့အကြုံများသူပီပီ သတိပေး သည်။ သုံးယောက်သား ဓားမြှောင်တစ်လက်စီ ခါးမှာ ချိတ် ဆွဲပြီး ရေအောက်သို့ ဆင်းကြလေသည်။

နေ့အချိန် နေရောင်ခြည် ရှိနေသည်ကတစ်ကြောင်း၊ ရေစစ်ချိန် ရေကလည်း ကြည်လင်နေသောကြောင့် ရေအောက် ပတ်ဝန်းကျင် မြင်ကွင်းများကို ကြည်လင်စွာ မြင်နေရသည်။

မလှမ်းမကမ်းနေရာမှ ကူးခတ်သွားလာနေသော ငါးများ ကိုပါ လှမ်းမြင်နေရသောကြောင့် ငမန်းဝဲဘက်မှ ဆန့်တက် လာမည့် ငါးမန်းများ အန္တရာယ်အတွက်လည်း အတန်အသင့် စိတ်ချနေရပေသည်။

ရေအောက်ရောက်တော့ ကမ္ဗလာပင်ကြီး၏ အပင် အောက် တည့်တည့်လောက်တွင် မြောက်ဘက်သို့ တက်သွား သော လိုဏ်ခေါင်းပေါက်ဝ တစ်ခုကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား တစ်ယောက်နှင့် တစ်ယောက် လှမ်းကြည့်ပြီး အချက်ပြကာ နီမောင်က ရှေ့ဆုံးမှ အရင်ဝင်သွားရာ နောက်မှ နှစ်ယောက်ကလည်း ရှေ့ဆင့် နောက်ဆင့် ကူးဝင်လာကြသည်။

လိုဏ်ခေါင်း အတွင်းဘက်မှာတော့ အလင်းရောင်သိပ်မရှိသောကြောင့် မှောင်နေသည်။

သို့သော်လည်း အလေ့အကျင့် ရှိထားကြသူများမို့ သတိထားကာ ရှေ့သို့ တိုးဝင်သွားနိုင်ကြသည်။

လိုဏ်ခေါင်း ဆုံးသွားသောအခါ ရေမျက်နှာပြင်ပေါ် ရောက်သွားကြသည်။

ကြည့်လိုက်တော့ မည်းမှောင်နေသော လိုဏ်ဂူအတွင်းသို့ ရောက်နေမှန်း သိကြရသည်။

မိကျောင်းသားရဲတွင်းမှာ ရေပြင်အောက် ရေထွက်သော လိုဏ်ခေါင်းများအတွင်း၌ ပြုလုပ်ထားလေ့ရှိရာ ယခု မြင်နေရသည့် လိုဏ်ခေါင်းမှာ နှစ်ပေါင်းများစွာကတည်းက ရှိနေသော လိုဏ်ခေါင်းတစ်ခု ဖြစ်ဟန်ရှိပေသည်။

သုံးယောက်သား ရေထဲမှ ကုန်းပေါ်တက်လိုက်ကြသည်။ ဂူကြမ်းပြင်ပေါ်မှာတော့ လူအရိုးများ၊ တိရစ္ဆာန်တို့၏ အရိုးများက ပြန့်ကျဲလျက် ရှိနေသည်။





အပုပ်နံ့နှင့် သွေးညှီအနံ့များကလည်း လှိုင်နေတော့သည်။ အချို့မှာအရိုးကျနေပြီး အချို့မှာ ပုပ်ပွနေဆဲပင်ရှိသေး၏။

အဆိုးဆုံးက လေဝင်ပေါက်နည်းနေသော လိုဏ်ခေါင်းထဲ၌ အပုပ်နံ့များကလှိုင်နေရာ အသက်ရှူရန် ခက်ခဲခြင်းပင်ဖြစ်၏။

အရိုးများကတော့ လူရိုးနှင့် ကျွဲ၊ နွား၊ ဝက်၊ ဆတ်၊ ဒရယ် အစရှိသည့် တိရစ္ဆာန်အရိုးများ ဖြစ်သည်။

"ဒီထဲမှာ ကြာကြာဆက်နေရင် အပုပ်နံ့တွေကြောင့် အသက်ရှူကျပ်ပြီး သေသွားနိုင်တယ်၊ မြန်မြန်လေး လုပ်ကြရအောင်"

ဟု ပြောပြီး ဂူပတ်ဝန်းကျင်ကို အကဲခတ်ကြည့်တော့ မိမိတို့အတွက် အန္တရာယ်ဖြစ်စေလောက်သော တစ်စုံတရာ မတွေ့ကြရသဖြင့် အနည်းငယ် စိတ်သက်သာရာ ရသွားပြီး လိုက်လံရှာဖွေကြသောအခါ အရိုးစုများကြား၌ ပြန့်ကြဲနေသော ရွှေငွေရတနာအချို့ကို တွေ့ကြရလေသည်။

"နီမောင်... မင်း အိပ်မက်ထဲမှာ တွေ့ရတဲ့အတိုင်း ရွှေ ငွေ လက်ဝတ်လက်စားတွေ တွေ့ရပြီဟ၊ ဟိုလက်ပြတ်ကြီး တစ်ဖက်မှာ ရွှေလက်ကောက်တွေ ဝတ်ထားတာ အများကြီးပဲ၊ ဟိုမှာလည်း လက်စွပ်ကြီးဟ၊ ဒီဘက်မှာလည်း ဆွဲကြိုးတွေ နည်းပါလား၊ ကဲ... ပြောနေကြာတယ်၊ တွေ့သမျှ ရတနာပစ္စည်းတွေကို ရှာဖွေပြီး ကောက်ယူကြစို့ဟေ့၊ ဟန်ကျတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား အရိုးစု၊ အရိုးပုံများကြားတွင် ပုံ့ကြဲနေသော လက်ဝတ် ရတနာများကို လိုက်လံ ရှာဖွေကာ ကောက်ယူကြလေသည်။

ပစ္စည်း အမျိုးအမည်များမှာလည်း အမျိုးအမည်စုံလှသည်။ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ နားကပ်၊ ခြေချင်း၊ ဘယက် အစရှိသော လက်ဝတ်ရတနာများဖြစ်ကာ အချို့လက်ဝတ်ရတနာများတွင် အဖိုးတန် ကျောက်မျက်ရတနာများ ပါလေသည်။

သုံးယောက်သား သားရဲလိုဏ်ဂူအတွင်း နေရာအနှံ့အပြား၌ ပြန့်ကျဲနေသည့် ရတနာပစ္စည်းများကို ကောက်ယူပြီးနောက် နီမောင်က ဂူအတွင်းဘက်သို့ လှည့်ကာ…

“ဦးကြီးတို့ ညွှန်ပြတဲ့အတိုင်း လက်ဝတ်ရတနာတွေကို ရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကတိပေးထားတဲ့အတိုင်း ဒီညမှာပဲ မိကျောင်းကြီးကို ပြန်လွှတ်ပေးပါ့မယ်”

ဟု အသံကျယ်ကျယ်နှင့် အော်ပြောလိုက်ပြီးနောက် သုံးယောက်သား သားရဲတွင်းထဲမှ ပြန်ထွက်ခဲ့ကြလေသည်။





အခန်း ( ၉ )

# ရတနာများနှင့် ဆန်းကြယ်သော ပြောင်းလဲမှု

ညသည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။

လဆုတ်ရက် ဖြစ်သောကြောင့် လရောင်က ရှိသည်ဆိုရုံကလေး ရှိနေရာ ပတ်ဝန်းကျင်တစ်ဝိုက် ဝိုးတဝါးအလင်းရောင်ကလေးမျှသာ ရှိနေသည်။

ထိုအချိန်တွင် ကိုထွန်းစိန်၏ အိမ်ရှေ့တွင် လူလေးယောက်တို့မှာ အလုပ်ရှုပ်နေကြလေသည်။

၎င်းတို့သည် ၀တ်တိုင်များစိုက်ကာ ကြိုးများဖြင့် တုပ်နှောင်ထားသော မိကျောင်းကြီးကို ကြိုးဖြုတ်ပြီး ကမ်းစပ်ရောက်အောင် ဆွဲခေါ်ချလာကြသည်။

ပါးဖြူမိကျောင်းကြီးမှာ စလွတ်ဒဏ်ရာတစ်ချက် ရထားသည်မှလွဲပြီး ပကတိ အသက်ရှင်နေဆဲပင် ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့တစ်တွေက တုပ်နှောင်ထားသည့် ကြိုးများကို ဖြုတ်နေကြတော့ ပိတ်ထားသော မျက်လုံးနှစ်ဖက်ကို တစ်ချက် ဖွင့်ကြည့်သည်။

နောက် ပြန်ပိတ်သွားသည်။

ငုတ်တိုင်မှာ ချည်ထားသည့်ကြိုးများ ပြုတ်ထွက်သွားစေကာမူ ကနစိုမျောတိုင်နှင့် ပူးချည်ထားသော ကြိုးများကိုတော့ မဖြုတ်ဝံ့ကြသေးပေ။

ရှေ့နှစ်ယောက်၊ နောက်နှစ်ယောက် မ,ယူလာပြီး ရေစပ်၌ ချထားကြလေသည်။

သူတို့ ရေစပ်ရောက်တော့ အဝေးမှ လှော်လာသော လှေတစ်စင်းကို လှမ်းမြင်ရလေသည်။

အမှောင်ထဲမှာမို့ ဘယ်သူ ဘယ်ဝါမှန်း မသဲကွဲသော်လည်း အနားရောက်လာတော့မှ တစ်ညက အိပ်မက်ထဲမှာ တွေ့လိုက်ရသော လူကြီး နှစ်ယောက်နှင့် အမျိုးသမီး တစ်ယောက်ဖြစ်မှန်း မှတ်မိသွားလေသည်။

"ဟော... ဦးကြီးတို့ပါလား"

"မောင်ရင် ရတနာပစ္စည်းတွေ ရခဲ့တယ်မဟုတ်လား"

လှေဦးမှ ထိုင်လိုက်လာသောလူကြီးက လှမ်းမေးသည်။

"ရခဲ့ပါတယ် ဦးကြီး... ဒါကြောင့် ကတိအတိုင်း ဒီမိကျောင်းကြီးကို ပြန်လွှတ်ပေးမလို့ပါ"





"ကတိစကားကို တည်ကြည်တော့ ကောင်းတာပေါ့ ကွယ်၊ ဒါထက် အခု လွှတ်ပေးကြမှာလား"

"ဟုတ်ပါတယ်... ဒါထက် ဦးကြီးတို့က ဘာကိစ္စရှိလို့ ရောက်လာကြတာလဲ"

"တခြားတော့ မဟုတ်ပါဘူးကွယ်၊ ဒီကောင်ကြီးကို လာခေါ်ကြတာပါ။ နောက်ကို လူတွေကို မနှောင့်ယှက်ဖို့လည်း ဆုံးမပေးရမယ်လေ"

ထိုစကားကြားသောအခါ ကိုထွန်းစိန်တို့ သုံးယောက်မှာ မျက်လုံးပြူးသွားကြလေသည်။

"ဒါထက်... မောင်ရင်လေးကို မှာခဲ့ရဦးမယ်"

"ဘာများပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ ရေအောက်က ပတ္တမြားကြီးကို ဆင်းကြည့်ကြဖို့ မောင်ရင်လေးတို့ တိုင်ပင်နေကြတယ် မဟုတ်လား"

"ဗျာ..."

တစ်နေ့က ဦးဘိုးမြတို့အိမ်မှာ အနီရောင် အလင်းတန်းများတွေ့သော ဖရေအောက်သို့ ဆင်းကြည့်ရန် တိုင်ပင်နေကြသည်ကို ဒီလူကြီးတွေ ဘယ်လိုများ သိသွားတာပါလိမ့်ဟု စိတ်ထဲမှ တွေးမိလေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ အဲဒီပတ္တမြားကြီးကို ရခဲ့သည်ဖြစ်စေ၊ တွေ့ခဲ့သည်ဖြစ်စေ ဘယ်တော့မှ ကိုယ်ကျိုးအတွက် မသုံးလေနဲ့"

"ဒါဖြင့် ဘယ်လို လုပ်ရမယ်ဆိုတာ တစ်ခါတည်းသာ ပြောခဲ့ပါ ဦးကြီး"

"ဒီပတ္တမြားကြီးကို မက်မောကြလို့၊ လိုချင်ကြလို့ လောဘသားတွေ အန္တရာယ်ဆိုးတွေနဲ့တွေ့ပြီး သေကြဖို့ အကြောင်းတွေ ရှိသေးတယ်၊ ဒါကတော့ ဝဋ်ကြွေးကံကြမ္မာတွေ ပါလာတော့လည်း ဒီလိုပဲ ပေးဆပ်ကြရမှာပဲ၊ အဲ... တစ်ခုတော့ သတိ ပေးခဲ့မယ်၊ အဲဒီ မကောင်းမှုတွေထဲမှာ ကိုယ်မပါစေနဲ့"

"ဟုတ်ကဲ့ပါ... ဦးကြီး"

"ကိုင်း... ကျုပ်တို့ သွားတော့မယ်"

ထိုသို့ ပြောဆိုနှုတ်ဆက်သည်နှင့် နီမောင်တို့ တစ်တွေလည်း မိကျောင်းကြီး ကိုယ်ပေါ်တွင် တုပ်နှောင်ထားသော ကြိုးနှင့် သစ်သားချောင်းများကို ဓားဖြင့် ခုတ်ဖြတ်တောက်ဖယ်ရှားပေးလိုက်ကြလေသည်။

အနှောင်အဖွဲ့များ လွတ်ကင်းသွားသော်လည်း မိကျောင်းကြီးက နေရာမှာ မလှုပ်မယှက် ငြိမ်နေဆဲပင်။





နီမောင်တို့ကလည်း မလှမ်းမကမ်းမှ အခြေအနေကို စောင့်ကြည့်နေကြလေသည်။

ခဏကြာတော့ လှသုံးဦးကို တင်ဆောင်ထားသော လှေသည် နီမောင်တို့ကို နှုတ်ဆက်ပြီးနောက် ကမ်းစပ်မှ တရွေ့ရွေ့ ထွက်ခွာသွားလေသည်။

ထိုအခါမှ မိကျောင်းကြီးလည်း တဖြည်းဖြည်း လှုပ်ရှားလာကာ ရေစပ်ဘက်သို့ ဦးခေါင်းလှည့်ကာ ဆင်းသွားလေတော့သည်။

ရေထဲရောက်တော့ နှုတ်သီး ပေါ်ရုံလေး ဖော်ကာ လှေနောက်သို့ ကူးလိုက်သွားလေတော့သည်။

မြင်ကွင်းမှ ပျောက်သွားတော့မှ နီမောင်တို့လေးယောက်လည်း ကမ်းပေါ်သို့ ပြန်တက်လာကြသည်။

"ငါတစ်သက်မှာ ဒီလောက်ထူးဆန်းတဲ့ အဖြစ်မျိုးတွေ တစ်ခါမှ မတွေ့ဖူးသေးဘူး၊ အခု ကိုယ်တွေ့ကြုံလို့သာ ယုံရတော့တယ်"

ဟု ကိုထွန်းစိန်က တအံ့တသြ ပြောသည်။

"အဲဒါက အရေးမကြီးဘူး၊ ဒီအကြောင်းတွေကို ကျွန်တော်တို့တစ်တွေကလွဲလို့ ဘယ်သူမှ မသိစေဖို့ အရေးကြီးတယ်နော်"

နီမောင်က သတိပေးလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မိကျောင်းကြီးတစ်ကောင်လုံး ပျောက်သွားတာ သူတို့ယုံအောင် ဘယ်လိုပြောရမလဲကွ"

"ကြိုးတွေပြတ်ပြီး လွတ်သွားတယ်လို့ပဲ ပြောရမှာပဲ။ မဟုတ်ရင် ကျွန်တော်တို့ မိကျောင်းသားရဲတွင်းထဲက လက်ဝတ် ရတနာတွေ ရလာတာ သိကုန်ကြရင် ပြဿနာတွေက ရှုပ်လာနိုင်တယ်"

"စိတ်ချပါကွာ... ဘယ်သူမှ မသိစေရပါဘူး၊ ဒါထက် နီမောင်... ဟိုတစ်နေ့က မင်းတို့ အရှိုးမြဲရဲ့အိမ်မှာ တိုင်ပင်ကြတယ်ဆို၊ ရေအောက်က အလင်းရောင် ဖြာတက်တဲ့အချိန် စောင့်ပြီး ရေထဲ ဆင်းကြည့်ကြမလို့ဆို"

"ဟုတ်တယ်ဗျ"

"ဒီလိုဆိုရင် ငါလည်း လိုက်ခဲ့မယ်ကွာ...၊ မင်းတို့ ဟိုလူကြီးတွေ ပြောသွားတာကတော့ ရေအောက်မှာ ပတ္တမြား ကြီး ရှိသတဲ့၊ အဲဒီ ပတ္တမြားကြီးရလိုက်ရင်တော့ တစ်ချီတည်း အပွပဲ"

"အဲဒီလိုဆိုရင်တော့ မဖြစ်ဘူးထင်တယ်၊ ဟိုလူကြီးတွေ ပြောသွားတာ ခင်ဗျားလည်း ကြားတယ်မဟုတ်လား၊ အဲဒီ ပစ္စည်းက ကိုယ်အကျိုးအတွက် သုံးလို့မရဘူးလို့ တစ်ခါတည်း မှာသွားတာ မကြားလိုက်ဖူးလား"





"အလကား စတာပါကွာ၊ ငါက ဗဟုသုတဖြစ်အောင် လိုက်ကြည့်ချင်တာပါ"

ဟု ကိုထွန်းစိန်က စကားကို ပြန်လျှော့ချသွားသည်။

"လိုက်ချင်လည်း လိုက်ခဲ့ပေါ့ဗျာ...၊ ကျွန်တော်တို့ သွားတော့ ခင်ဗျားကို ဝင်ခေါ်ပါ့မယ်"

"အေးပါကွာ"

ထို့နောက်...

ကိုထွန်းစိန်နှင့် နီမောင်တို့သည် သားရဲတွင်းထဲမှ ရလာသော လက်ဝတ်ရတနာများကို တစ်ဝက်စီ ခွဲယူကြသည်။ ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့ကိုလည်း သင့်တော် သလောက် ခွဲပေးလိုက်သည်။

အချင်းချင်း တိုင်ပင်ပြီးနောက် မိကျောင်းကြီးကို ကြိုးပြတ်ပြီး ပြန်လွတ်သွားပြီဟု သတင်းလွှင့်ထားလိုက်ကြ သည်။

ထိုသတင်းကို ကြားသောအခါ သူကြီးဦးကျော်ဇံလှ နေအိမ်တွင် ရောက်နေကြသော ဦးလူရွှေတို့အဖွဲ့မှာ မျက်လုံး ပြူး မျက်ဆံပြူး ဖြစ်သွားကြလေတော့သည်။

သူတို့တစ်တွေစိတ်ထဲမှာ နီမောင်တို့ ဖမ်းမိထားသော မိကျောင်းကြီးကို သူတို့အဖွဲ့မှလွဲပြီး ကျန်တဲ့ အဝယ်ဒိုင်များက ဝယ်နိုင်ကြဘဲ အချိန်တန်လျှင် သူတို့လက်ထဲကိုပင် ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာရမည်ဟု ကျိန်းသေတွက်ထားကြရာ ယခုတော့ မိကျောင်းကြီး လွတ်သွားသည့် ဆိုသောသတင်းက မယုံနိုင်စရာဖြစ်နေတော့သည်။

"ဘယ့်နှယ်လဲ... နီမောင်တို့ ဖမ်းမိထားတဲ့ မိကျောင်းကြီး ပြန်လွတ်သွားပြီလို့ သတင်းကြားပါလား။ ဖြစ်နိုင်ပါ့မလား"

"သူတို့ပြောတာကတော့ ချည်ထားတဲ့ကြိုးတွေ ပြတ်ပြီး လွတ်ထွက်သွားတယ်လို့ ပြောတာပဲ"

"ဒီလိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ကျုပ်တို့ကို မရောင်းချင်လို့များ အခြားတစ်ဦးဦးကို လက်သိပ်ထိုးခေါ် ရောင်းလိုက်တာ ဖြစ်ရမယ်"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"ထွန်းစိန်နဲ့ နီမောင်ကို ခေါ်မေးကြည့်ရင် ကောင်းမယ်ထင်တယ်"

"အဲဒီလို ခေါ်မေးမယ်ဆိုရင် နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်းမခေါ်ဘဲ တစ်ယောက်ချင်း ခေါ်မေးတာ ပိုကောင်းမယ်၊ ဒါမှ သူတို့စကားချင်း ရှေ့နောက်ညီ,မညီ ချိန်ဆလို့ရမယ်"

ဟု အကြံပေးသဖြင့် သူကြီးဦးကျော်ဖံလှက နီမောင့်ကို အရင်ခေါ်မေးသည်။

"နီမောင် မင်းတို့ ဖမ်းထားတဲ့ မိကျောင်းကြီး ဘယ်ရောက်သွားပြီလဲ"





"ညက ကြိုးတွေပြတ်လို့ လွတ်သွားပါပြီ"

"မင်းပြောတာ အမှန်ပဲလား။ ဒီမှာရောက်နေတဲ့ အဝယ်တော်တွေကို မရောင်းချင်လို့ တခြားတစ်ယောက်ယောက်ကို လက်သိပ်ထိုး ရောင်းလိုက်တာ မဟုတ်လား"

"ဒီလောက်ကြီးတဲ့ မိကျောင်းကြီး တစ်ကောင်ကို ညတွင်းချင်း ရောင်းဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်တို့ ဘယ်သူ့ကိုမှ မရောင်းပါဘူး"

ဟု ပြောသည်။

နီမောင်ကို ဘယ်လိုမှ မေးမရတဲ့အဆုံး ပြန်လွှတ်လိုက်တာ နောက်တစ်ရက်တွင် ကိုထွန်းစိန်ကို ခေါ်ပြန်သည်။

ကိုထွန်းစိန် ရောက်လာတော့...

"သူကြီး ကျွန်တော့်ကို ခေါ်တယ်ဆိုလို့ လာခဲ့တာပါ"

ဟု ကြောက်ရွံ့နေသော လေသံဖြင့် ပြောသည်။

"တခြား မဟုတ်ပါဘူးကွယ်၊ ဒီမှာ မြို့ကရောက်နေတဲ့ ဒါ့ရဲ့မိတ်ဆွေတွေက မင်းနဲ့ အသိအကျွမ်း မိတ်ဖွဲ့ချင်လို့ ခေါ်ခိုင်းလိုက်လို့ပါ"

ထိုစကားကြားသောအခါ ကိုထွန်းစိန်မှာ များစွာအံ့သြသွားလေသည်။

သူကြီးက သူ့ကို ခေါ်ဆိုရခြင်းအကြောင်းမှာ မိကျောင်းကြီး ပျောက်သွားသောကိစ္စကို ခေါ်မေးလိမ့်မည်ဟု စိတ်က



www.burmeseclassic.com

www.burmeseclassic.com



ထင်နေသော်လည်း ဒီရောက်ကာမှ အထင်နှင့်အမြင် တစ်လွဲ ဖြစ်နေသဖြင့် အံ့သြသွားမိခြင်း ဖြစ်၏။

နောက်တော့ သူ့ကိုခေါ်သွားပြီး အစားအသောက်များ ကျွေးကာ အရက်တိုက်သည်။

ကိုထွန်းစိန်ကလည်း မ ကြိုက်တတ်သူ တစ်ဦးဖြစ် စိတ်ကြိုက်သောက်သည်။

ပထမကတော့ ဦးကျော်ဖလှတို့က မိကျောင်းဖြ ပျောက်သွားသော အကြောင်းကို လုံးဝမမေးဘဲ မိကျောင်းကို ဘယ်ပုံဘယ်နည်း ဖမ်းပုံများကို မေးကြသည်။

ကိုထွန်းစိန်ကလည်း အာပေါင်အာရင်း သန်သန်ပြ မိကျောင်းတစ်ကောင်ရဖို့ အဘယ်မျှ သက်စွန့်ဆံဖျား ဖမ်း ရပုံများကို စီကာပတ်ကုံး ပြောပြလေတော့သည်။

"ဒါကြောင့်လည်း သူများတွေ ဖမ်းဝံ့တဲ့ မဖမ်းနိုင် ပါးဖြူမိကျောင်းကြီးကို ရအောင်ဖမ်းနိုင်ခဲ့တာပေါ့၊ အဲဒီလော ကြီးတဲ့ မိကျောင်းကြီးကိုရော ဘယ်လိုများ ဖမ်းဆီးခဲ့သ ကွယ့်"

ထိုသို့မေးသောအခါ အရှိန်ရနေပြီဖြစ်သော ကိုထွန်း က ထောင်ချောက်ထဲမှ ပါးဖြူမိကျောင်းကြီးကို ဘယ ဘယ်နည်း သက်စွန့်ဆံဖျား ဖမ်းဆီးခဲ့ရပုံကို အာ ပြောပြလေတော့သည်။





"ဒါထက် အဲဒီပါးဖြူမိကျောင်းကြီးက နတ်မိကျောင်းလို့ ပြောသံကြားတယ်"

"ဟုတ်တော့... ဟုတ်တယ်ဗျ"

သူက နတ်မိကျောင်း ဖြစ်လျက်နဲ့ မင်းတို့ဖမ်းတာ ကြောင့်ရတာလဲ"

"ကျွန်တော်လည်း သိပ်တော့ မသိဘူး သူကြီးရဲ့၊ သူတို့ပြောသံ ကြားတာတော့ နယ်ကျော်လာ်လို့ ဆိုလား၊ စည်းကျော် လို့ ဆိုလားပဲ"

"ဘယ်သူတွေက ပြောတာလဲကွယ့်"

"ကို... နီမောင့်ဆီလာတဲ့ ညွှံသည်သုံးယောက်က ပြောသွားသံ ကြားလိုက်ရတာပါ"

ထိုစကား ကြားသောအခါ သူကြီး ဦးကျော်ဖလှသာ မက နံဘေးနားမှာ ရှိနေကြသော ဦးလူရွှေတို့ တစ်တွေပါ စိတ်ဝင်စားသွားကြလေသည်။

အ ပါ သော သူကြီး ဦးကျော်ဖလှက အရက် တစ်ခွက် ကိုထွန်းစိန်ရှေ့သို့ ချပေးလိုက်သည်။

"ကဲ... သောက်လည်းသောက်ကွာ၊ မင်းသိတဲ့ ထူးထူး ဆန်းဆန်း အကြောင်းလေးတွေကိုလည်း ပြောပါဦး၊ ဟို ဒါကက် နီမောင့်ဆီလာတဲ့ ညွှံသည်သုံးယောက် ဆိုတာ သသူတွေလဲ၊ မိကျောင်းဝယ်မယ့် သူတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"မိကျောင်း ဝယ်မယ့်သူတွေ မဟုတ်ဘူး၊ သူတို့ကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး၊ မတွေ့ဖူးဘူး၊ သူတို့ ကြည့်ရတာ ဇာတ်ထဲကလူတွေ ဝတ်တဲ့ အဝတ်အစားမျိုးတွေ ဝတ်ထားတာဗျ"

"ဟင်..."

ပို၍ စိတ်ဝင်စားလာကြသည်။

"ဆက်ပြောပါဦးကွ... အဲဒီလူတွေက နီမောင့်ဆီ လာပြီးတော့ ဘာတွေ ပြောသွားကြတာလဲ"

ထိုအခါ အရက်မူးစ ပြုနေပြီဖြစ်သော ကိုထွန်းစိန်က မိကျောင်းသားရဲတွင်းထဲမှ ရွှေငွေရတနာများ ရခဲ့ပုံ၊ ထိုသို့ ရသဖြင့် မိကျောင်းကြီးကို ပြန်လွှတ်ပေးရပုံ၊ ထိုလူသုံးယောက်တို့က မိကျောင်းကြီးကို လာခေါ်သွားကြပုံများကို စီကာပတ်ကုံး ပြောပြသည့်အပြင်...

"ဒါတင် မကသေးဘူး... ငမန်းဝဲနားမှာ ပတ္တမြားကြီး တစ်လုံး ရှိတယ်ဆိုတာပါ ပြောပြသွားသေးတယ်"

ဟု သူသိသမျှ အားလုံး ပြန်ပြောပြလိုက်လေတော့သည်။

"ဒါဖြင့် မိကျောင်းသားရဲတွင်းထဲက ရွှေငွေလက်ဝတ်လက်စားတွေ မင်းတို့ ရလာကြတယ်ပေါ့"

"ရတယ်... အဲဒီလိုရလို့ ကျွန်တော်တို့ ခွဲဝေယူလိုက်ပြီးကြပြီ"





"ဒါဖြင့် မင်းဆီမှာရှိတဲ့ လက်ဝတ်လက်စားတွေတော့ ရှိတယ် မဟုတ်လား"

ထိုစကားကို ဝင်မေးလိုက်သူမှာ ဦးလူရွှေ ဖြစ်သည်။

"ရှိပါတယ်"

"ဈေးသင့်မြတ်မယ် ဆိုရင် အဲဒီပစ္စည်းတွေကိုလည်း ရောင်းမှာ မဟုတ်လား"

"ရောင်းမှာပေါ့ဗျာ... ကျွန်တော်တို့က တစ်နေ့လုပ်မှ တစ်နေ့စားကြရတာ၊ မိကျောင်းကြီး မရောင်းရမှတော့ ရတဲ့ ပစ္စည်းတွေကိုပဲ ရောင်းချ စားသောက်ရမှာပေါ့"

"ဒီလိုဆိုရင် အတော်ပဲပေါ့၊ မောင်ရင်တို့ဆီက မိကျောင်း မဝယ်ရတော့လည်း ရတဲ့ ရွှေငွေရတနာတွေပဲ ဝယ်ပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ သေသေချာချာတော့ ကြည့်ချင်သေးတယ်၊ ဘယ်မှာထားသလဲ"

"ကျွန်တော့်အိမ်မှာ သေသေချာချာ သိမ်းထားပါတယ်။ သွားပြန်ယူလိုက်ရမလား"

"မယူနဲ့... မယူနဲ့၊ တို့ကိုယ်တိုင် လိုက်ကြည့်ပါ့မယ်"

ဟု ပြောဆိုကာ သူကြီး ဦးကျော်ဖလှနှင့် ဦးလူရွှေတို့ နှစ်ယောက်မှာ ကိုထွန်းစိန် အိမ်သို့ လိုက်လာကြလေသည်။

အိမ်သို့ရောက်သောအခါ ကိုထွန်းစိန်က သူသိမ်းထားသော ရတနာပစ္စည်းအထုပ်ကို ယူလာပြီး ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အထုပ်ကို ဖြေကြည့်လိုက်သောအခါ အတွင်း၌ လက်ဝတ်လက်စား ရတနာများကို တွေ့ရသော်လည်း အားလုံးမှာ ရွှေမဟုတ်ဘဲ ကြေးဖြင့် ပြုလုပ်ထားသည့် ရတနာများချည်း ဖြစ်နေလေတော့သည်။

"ဟင်..."

သေချာအောင် အလင်းရောင်မှာ ကြည့်သော်လည်း ဘယ်လိုမှ မမှားနိုင်ဘဲ ကြေးနီချောင်းဖြင့် ပြုလုပ်ထားသည်ကိုသာ တွေ့ကြရလေသည်။

"ထွန်းစိန်... မင်းပစ္စည်းတွေက ရွှေအစစ်မှ မဟုတ်ပဲဟ၊ ကြေးနဲ့ လုပ်ထားတာတွေပါလား"

"မဟုတ်ဘူး သူကြီး... မဟုတ်ဘူး၊ မနေ့က ပစ္စည်းတွေကို ခွဲဝေယူကြတဲ့အထိ ရွှေတွေမှ ရွှေတွေပဲ၊ အခုမှ ဘယ်လိုဖြစ်သွားရတယ် မသိဘူး"

"ထွန်းစိန်ရယ်... မင်းက ရွှေနဲ့ကြေးကို ခွဲခြားတတ်လို့လားကွ"

"သူကြီးကလည်း ကျွန်တော် ဒီလောက်တော့ မအသေးပါဘူး။ ရွှေမှ ရွှေအစစ်တွေပါဗျ"

"ဒါဖြင့်... အခု ဘယ်လိုကြောင့် ကြေးတွေ ဖြစ်နေရတာလဲ၊ ကေန္တ ခတ်သိဓာတ်ယောက်ယောက်က မင်းဆီက ရွှေတွေနဲ့ ကြေးတွေကို လဲယူလိုက်ပြီနဲ့ တူတယ်"





ထိုစကားကြောင့် ကိုထွန်းစိန်မှာ စောစောက သောက်ထားသော အရက်ရှိန်ကလေးပင် ပြယ်သလို ဖြစ်လာသည်။

သူမှတ်မိသလောက်တော့ ယခု ကြေးထည်ပစ္စည်းများ ဖြစ်နေသော လက်ဝတ်လက်စားများမှာ သူ့အတွက် ခွဲတမ်းရလာသော ပစ္စည်းများပင် ဖြစ်၏။

မနေ့က ကြည့်တုန်းက ရွှေထည်ပစ္စည်းများ ဖြစ်မှန်း သေသေချာချာ သိပါလျက်နှင့် ယခု ဘာကြောင့် ကြေးထည်တွေ ဖြစ်နေရတာလဲ။

"မဟုတ်ဘူး... မဟုတ်ဘူး... တစ်ခုခုတော့ မှားနေပြီ"

တစ်ယောက်တည်း သွေးရူးသွေးတန်း ရေရွတ်နေသည်။

"မဟုတ်ဘူး... ဒါ... မဟုတ်ဘူး၊ တစ်ခုခုတော့ မှားနေပြီ"

"ဘာတွေ မှားနေတာလဲ"

"ဒါကို သူကြီးတို့ မသိဘူး၊ ကျွန်တော် သိတယ်"

"မင်းက ဘာသိတာလဲ၊ ပြောပါဦးကွယ့်"

ကိုထွန်းစိန်က ဘာပြောရမှန်းမသိအောင် မျက်လုံးပြူးမျက်ဆံပြူး ဖြစ်နေသည်။

ထိုအခြေအနေကို ရိပ်မိတော့ ဦးကျော်ဇံလှက...

"ဒီလိုဆိုရင် မနေ့က မင်းတို့နဲ့အတူ ဝေစုရတဲ့ စောထီးတို့ ငမဲအောင်တို့ဆီမှာလည်း ပစ္စည်းတွေ ရှိချင်ရှိနေဦးမှာပေါ့"

ဟု မေးတော့ ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်...

သူကြီးဦးကျော်ဖုံလှက စောထီးနှင့် ငမဲအောင်တို့ကို အခေါ်လွှတ်လိုက်သည်။

မနေ့ကရသည့် ပစ္စည်းများကိုပါ ယူလာခဲ့ရန် တစ်ပါတည်း မှာလိုက်ရာ အတန်ကြာတော့ စောထီးနှင့် ငမဲအောင်တို့ ရောက်လာကြသည်။

နှစ်ယောက်စလုံးမှာ သူကြီးက အခေါ်ခိုင်းသည်ဆိုသောကြောင့် အနည်းငယ် ကြောက်လန့်နေကြဟန် ရှိသည်။

သူတို့သည် သူကြီးနှင့်အတူ ကိုထွန်းစိန်ကိုပါ တွေ့လိုက်ရသောအခါ တအံ့တဩ ဖြစ်သွားကြသည်။

သူတို့နှစ်ယောက်ကို မြင်တော့ ကိုထွန်းစိန်တစ်ယောက် မျက်နှာပျက်သွားလေသည်။

သူကြီး ဦးကျော်ဖုံလှက စောထီးနှင့် ငမဲအောင်တို့ကို အကျိုးအကြောင်းမေးပြီး ၎င်းတို့ရထားသော ရတနာပစ္စည်း အချို့ကို တောင်းယူပြီး ကြည့်သောအခါ ရွှေရည်ရွှေသား ကောင်းမွန်လှသည့် လက်ဝတ်ရတနာပစ္စည်းများ ဖြစ်နေသည်ကို တွေ့ကြရသောအခါ ပိုမိုအံ့သြကြရလေသည်။

ကိုထွန်းစိန် တစ်ယောက်မှာတော့ သွေးရူးသွေးတန်း ဖြစ်နေတော့သည်။





အခန်း ( ၁၀ )

# ရေအောက်မှ လမ်းပြပေးသူ

ဖောင်ဝင် မြစ်ရေပြင်ပေါ်တွင် လှေတစ်စင်း လှော်ခတ်လာသည်။ လှေပေါ်မှာတော့ အဘဦးမွန်ထော်၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့ လေးယောက်သာပါလာပြီး ကိုထွန်းစိန် တစ်ယောက်တော့ ပါမလာတော့ပေ။

တကယ်တော့ ယခုတစ်ခေါက်ခရီးတွင် ကိုထွန်းစိန်ပါ လိုက်ရန် တိုင်ပင်ထားသော်လည်း အခြေအနေ မကောင်းသောကြောင့် ကိုထွန်းစိန်ကို မခေါ်တော့ဘဲ တိတ်တဆိတ် ထွက်လာကြခြင်း ဖြစ်ပေသည်။

မူလတိုင်ပင်စဉ်က ဦးဘိုးမြပါခေါ်ရန် စီစဉ်ထားသော်လည်း အခြေအနေက အေးအေးဆေးဆေး မဟုတ်တော့သဖြင့် လေးယောက်သား လျှို့လျှို့ဝှက်ဝှက်ဖြင့် ရွာမှ ထွက်ခဲ့ကြရခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးမြ တစ်ယောက်တော့ မေန်းဝဲဘက်ဆင်းရင် သူ့ကိုပါ ခေါ်ဖို့ ပြောထားပါလျက်နဲ့ မခေါ်ဘဲ ထွက်လာခဲ့လို့ သိရင် စိတ်ကောင်းမယ် မထင်ဘူး"

"မတတ်နိုင်ဘူးကွယ်... သူ့ကိုအသိပေးရင် ကျန်တဲ့ လူတွေပါ သိကုန်ကြမှာပေါ့၊ နောက်မှပဲ အပြစ်တင်ရင်လည်း ခံရမှာပဲ"

သူတို့ ရွာမှထွက်လာသောအချိန်မှာ မိုးမလင်းသေးပဲ အရုဏ်တက်အချိန် ဖြစ်သည်။

သို့ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များက ဖုံးလွှမ်းနေဆဲပင် ရှိသေး၏။

ချောင်းရိုး တစ်လျှောက်မှာတော့ ကောင်းကင်မှ အလင်းရောင် အချို့ကြောင့် ဝိုးတဝါး မြင်ရလေသည်။

သူတို့ ချောင်းထဲမှ ထွက်လာသောအချိန်တွင် သူတို့ ရှေ့မှ လှော်သွားသော လှေတစ်စင်းကို ဝိုးတဝါး လှမ်းမြင် ရသည်။ သူလို ငါလို ခရီးသွားလှေတစ်စင်းလို့ပင် ထင်လိုက် မိသည်။

သူတို့လှေက ရေစီးအတိုင်း ခပ်မှန်မှန် လှော်လာသလို ရှေ့မှလှေကလည်း မှန်မှန်ပင် လှော်သွားလေသည်။

အတန်ငယ် ဝေးနေသည်က တစ်ကြောင်း၊ အလင်း ရောင်ကလည်း အားနည်းနေသောကြောင့် လှေပေါ်မှာ





လူဘယ်နှစ်ယောက်ပါသည်၊ ဘယ်သူတွေဖြစ်သည်ကိုတော့ သဲကွဲစွာ လှမ်းမမြင်ရပေ။

"ဒါထက်... အဘထော်... ကျွန်တော်ကို့ငါးယောက် ပစ္စည်းတွေကို အတူတကွ ခွဲယူခဲ့ကြပြီးမှ ကျွန်တော်တို့ လေးယောက်ဆီက ပစ္စည်းတွေက ဘယ်လိုမှ အခြေအနေ မပြောင်းဘဲ ကိုထွန်းစိန်ဆီက ပစ္စည်းတွေကျမှ ဘာကြောင့် ကြေးထည်ပစ္စည်းတွေ ဖြစ်ကုန်တာလဲဟင်"

– ထိုအခါ ဦးမွန်ထော်က ပါးစပ်ထဲမှာ ငုံထားသော ကွမ်းတံတွေးများကို ပျစ်ခနဲ ထွေးထုတ်လိုက်ပြီး...

"ကတိသစ္စာပျက်လို့ အခုလို ဖြစ်ရတာပဲ"

ဟု တိုတိုတုတ်တုတ် ပြန်ပြောသည်။

"ဘယ်လို ကတိသစ္စာ ပျက်တာလဲ အဘထော်ရဲ့"

"လူပဲဖြစ်ဖြစ်၊ ပရလောကသားပဲဖြစ်ဖြစ် ကတိ ပေး ထားပြီးရင် မဖျက်ရဘူး၊ ဖျက်ရင် ကိုယ်ပဲပျက်ရလေ့ ရှိတယ်၊ မင်းတို့ ရွှေငွေရတနာတွေရဖို့ ပရလောကသားတွေက လာပြီး အကူအညီ ပေးကြတယ်"

"ဟင်...ဒါဖြင့် ကျွန်တော့်ဆီ လာပြောသွားတဲ့လူတွေ က ပရလောကသားတွေပဲပေါ့၊ ဟုတ်လား...အဘထော်"

"မင်းက သိကြားမင်း တွေ့နေတာတောင် နကင်းနဲ့လား လို့ မေးချင်သေးလို့လား၊ ညကြီးအချိန်မတော် ရွှေခေတ်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေ ဝတ်လာတဲ့ လူတွေကိုများ မင်းဆိုက်ဖာတ်သမားတွေ လာနေတယ်လို့ ထင်နေတာလား"

"ကတိသစ္စာ ပျက်တာကရော"

"သူတို့က ကတိအတိုင်း ရတနာပစ္စည်းတွေ ရနိုင်မယ့်နေရာကို ညွှန်ပြပေးခဲ့တယ်၊ အဲဒီလို ညွှန်ပြပေးလို့လည်း ရကြတယ်၊ မင်းတို့က ဒီအကြောင်းတွေကို ဘယ်သူ့မှ မပြောပါဘူးလို့ ကတိပေးရတယ်၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"အဲဒီလို ကတိပေးထားပါလျက်နဲ့ ထွန်းစိန်က ကတိမတည်ဘဲ ဒီအကြောင်းတွေကို တခြားလူတွေကို လျှောက်ပြောတာဟာ သူ့ဘက်က ကတိပျက်တာပဲ၊ အဲဒီလို ကတိပျက်လို့ သူ့ရဲ့ ရထားပြီးသား ရတနာပစ္စည်းတွေ ဆုံးရှုံးသွားတယ်၊ ဒါကိုမှ သတိမရဘဲ ထပ်တိုးလာရင်တော့ သူ့ရဲ့ အသက်ပါ ဆုံးရလိမ့်မယ်"

ထိုစကားကြောင့် နီမောင့်စိတ်ထဲမှာ စိမ့်ခနဲ ဖြစ်သွားလေသည်။

"ဒါကြောင့် အဘက သူ့ကိုမခေါ်ဘဲ တမင်ချန်ထားတာပေါ့၊ ဟုတ်လား"

"သူ့ကိုမချန်လို့ မဖြစ်တော့ဘူးလေ၊ သူက ကတိပျက်ရုံတင်မကဘူး၊ လောဘသားတွေနဲ့ပါ အပေါင်းအသင်းဖြစ်နေပြီဆိုတော့ ဝေးဝေးကရှောင်နိုင်လေ အကောင်းဆုံး"





လေးယောက်သား စကားတပြောပြောနှင့် လှေလှော်လာကြရာ နံနက်လင်းစ အချိန်သောက် ရောက်သောအခါ ညက သူတို့လှေရှေ့မှ လှော်သွားသောလှေကို မတွေ့ကြရတော့ပေ။

"ရေအောက်က အနီရောင်အလင်းတန်းတွေ တက်လာတာ ဘယ်နေရာလောက်မှာတဲ့လဲ"

"ဒီးဒုတ်ကျွန်းရဲ့ထိပ် ငမန်းဝဲ အထက်နားလောက်မှာလို့တော့ ပြောကြတယ် အဘ"

"ဒီလိုဆိုရင် ဒီးဒုတ်ကျွန်း ထိပ်လောက်မှာပဲ လှေကို ကပ်ထားလိုက်ကြကွာ၊ ရေစစ်အောင်စောင့်ရင်း အခြေအနေကို စောင့်ကြည့်ကြရအောင်"

ဟု ပြောသည်။ စောထီးနှင့် ငမဲအောင်က လှေကို ကမ်းစပ်ရှိ ဖျူးခြေထောက်တောထဲသို့ လှည့်ဝင်ကာ ကပ်ထားလိုက်ကြသည်။

ဖျူးပင်များမှာ ရေတစ်ဝက် ကုန်းတစ်ဝက် ပေါက်နေကြပြီး ၎င်းတို့ ခြေထောက်ကိုင်းများမှာ အချို့က သောင်ပြင်ပေါ်မှာ၊ အချို့က ရေထဲသို့ပင် ကိုင်းကျနေလေ၏။

ဖျူးခြေထောက် ကိုင်းများကြားမှာတော့ ကဏန်းနှင့် ငါးဖျံပိုးများ သွားလာ လှုပ်ရှားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှ လှမ်းကြည့်လျှင် တောင်ဘက်တွင် မိန်းမလှကျွန်း၊ မြောက်ဘက်တွင် ထော်စီထော်ပိုင်၊ အရှေ့ဘက်မှာတော့ ဖောင်ဝင်မြစ်ကြီးက တစ်မျှော်တစ်ခေါ် ရှိနေလေ၏။

မိန်းမလှကျွန်း လွန်ပါက ဖောင်ဝင်မြစ်သည် ကျွန်းကို အရှေ့နှင့်အနောက် ပတ်ကာ စီးဆင်းနေသော မြစ်နှစ်စင်းက ပေါင်းသွားကာ ပင်လယ်ဘက်သို့ စီးဆင်းသွားလေသည်။

ပင်လယ်ဝ ဘက်မှာတော့ အမာ၊ ကဒုံကနီ၊ ဈေးအစရှိသည့် ရွာကြီးများ ရှိကြသည်။

လှေဆိုက်ပြီးသည်နှင့် အသင့်ထည့်ယူလာသော အစားအသောက်များကို စားကြလေသည်။

အစားအသောက်များမှာ ထွေထွေထူးထူးတော့ မဟုတ်ပေ။ ထမင်း၊ ငါးကြော်၊ ပုစွန်နှင့် ငါးပိဖုတ်တို့ပင် ဖြစ်သော်လည်း လက်ဖက်ရည်ကြမ်း သောက်လိုက်၊ ငါးပိဖုတ်တို့ထားသည့် ထမင်းကို စားရသည်မှာ အရသာ ရှိလှသည်။

နေ့လယ်ဘက်ရောက်တော့ မြစ်ရေက စစ်သွားသည်။ နေရောင်ခြည်ကလည်း မြင့်တက်လာချေပြီ။

နေရောင်ခြည် ဖြာကျနေသော မြစ်ရေပြင်မှာ ငွေရောင် တလက်လက် တောက်ပလျက် ရှိနေသည်။ ခဏကြာတော့ သူတို့နှင့် မလှမ်းမကမ်းရှိ ကမ်းစပ် တစ်နေရာသို့ အခြားလှေ တစ်စင်း လာရောက် ဆိုက်ကပ်သည်ကို လှမ်းမြင်ကြရသည်။





လှေပေါ်မှာ လူသုံးယောက် ပါလာသည်။

နီမောင်တို့က မိမိတို့ရွာမှ လူများ ဖြစ်လေမလားဟု လှမ်းကြည့်သောအခါ မဟုတ်ကြပေ။

ထိုလူသုံးယောက်ကို တစ်ခါမှ မမြင်ဖူးပေ။

လူသုံးယောက်သည် လှေကို ကမ်းစပ်မှာ ဆိုက်ကပ်ပြီးနောက် သုံးယောက်စလုံး ရေထဲဆင်းသွားကြလေသည်။

"နီမောင်... ဟိုလူသုံးယောက်က ရေထဲ ဆင်းသွားကြပါလား"

"ပင်လယ်ငါးခူ ငုပ်တဲ့လူတွေ ဖြစ်မှာပေါ့။ ကဲ... ရေစစ်တော့မယ်၊ တို့လည်း ရေအောက် ဆင်းကြရအောင်"

ဟု ပြောကာ အပေါ်အင်္ကျီများကိုချွတ်၍ ဘောင်းဘီတိုများကိုသာ ဝတ်ထားကြသည်။

ခါး၌ချိတ်ထားသည့် သားရေပြားဖြင့် ချုပ်ထားသော အိတ်ထဲမှာတော့ ဓားတစ်လက်စီ ပါသည်။

သူတို့ ရေထဲ ဆင်းကာနီးတော့ အဘဦးမွန်ထော်က ရေလုပ်သားတို့ ထုံးစံအတိုင်း တင်မြှောက်ပသမှုများ ပြုလုပ်ရင်းမှ...

"သက်ဆိုင်ရာ ပုဂ္ဂိုလ်များ... ကျွန်ုပ်တို့သည် ဘုရားပစ္စည်းနှင့်စပ်လျဉ်းသော ရတနာများနှင့် မိမိတို့နှင့်မထိုက်တန်သော ရတနာပစ္စည်းများကို ယူငင်ခြင်းကို ရှောင်ကြဉ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှန်သောစကားကြောင့် ရေအောက်တွင် ဘေးဥပါဒ်အန္တရာယ် တစ်စုံတစ်ရာ မတွေ့ရပါစေသား"

ဟု ရေရွတ် တိုင်တည်လေသည်။

အားလုံးပြီးစီးသောအခါ သုံးယောက်သား ရေအောက်သို့ ငုပ်ဆင်းလာကြလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်စလုံးမှာ ရေငုပ်ခြင်း၊ ငါးဖမ်းခြင်း အလုပ်များတွင် ကျွမ်းကျင်လှသဖြင့် ပင်လယ်ဖျံများ ဟူ၍လည်းကောင်း။

'မော်ကင်း'အဖွဲ့ ဟူ၍လည်းကောင်း အမည်ပေးထားကြလေသည်။ အချို့ရေလုပ်သားကြီးများကတော့ နီမောင်တို့သုံးယောက်ကို 'တစ်ပွဲစား' ကလေးများဟု အမည်ပေးထားကြသည်။

ရေလုပ်သားလောကတွင် 'တစ်ပွဲစား' ဟု ကင်ပွန်းတပ်ခြင်း ခံရသူများမှာ သားငါးအရှာအဖွေ ကောင်းသူများဟု သတ်မှတ်ထားကြလေသည်။

နီမောင်တို့သည် ရေအောက်သို့ ရောက်သောအခါ ကမ်းပါးစောက်အတိုင်း ရေအောက်သို့ ဆင်းသွားကြသည်။ ရေအောက်မြင်ကွင်းများကတော့ ပြောင်းလဲမှုမရှိလှပေ။

ပင်လယ်ရေအောက် ကြမ်းပြင်များတွင် တွေ့ရလေ့ရှိသည့် ကျောက်ဆောင် ကျောက်တန်းများ၊ သန္တာကျောက်





တန်းများ၊ ရေမှော်များ၊ ကျောက်ပန်း ကျောက်ခက်များကိုမတွေ့ရသော်လည်း ဒီရေတက်ရာ မြစ်ဝကျွန်းပေါ် ချောင်း၊ မြစ်များတွင် တွေ့ရလေ့ရှိသည့် ရွှံ့နွံများ၊ နုန်းများ၊ ချောက်ကမ်းပါးများ၊ သစ်တုံး သစ်ခွေးများ၊ ရေအောက်သစ်ကျများ၊ ငါးကျင်းများကိုသာ တွေ့ရလေသည်။

နွေရာသီ ရေကြည်လင်နေဆဲမို့ ရေအောက်မြင်ကွင်းများကို ကောင်းစွာ မြင်ရလေသည်။

သူတို့ရောက်နေသောနေရာမှ ကြည့်လျှင် အတော်ဝေးဝေးနေရာအထိ လှမ်းမြင်ကြရသည်။

သုံးယောက်သား ရေအောက်သို့ရောက်သည်နှင့် ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်ကာ ကြည့်ကြရသည်။

ရေတက်ခါနီး ငမန်းဝဲဘက်မှ ငါးမန်းများ မြူးတက်လာပါက အန္တရာယ် လွတ်ကင်းရာသို့ ရှောင်နိုင်ရန်လည်း အဆင်သင့် ပြင်ထားရသည်။

ထိုအခိုက်မှာ သူတို့နှင့် မလှမ်းမကမ်း နေရာဆီမှ ဖြတ်ကူးသွားသော လူသုံးယောက်တို့၏ ပုံရိပ်ကို မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

ဒါကလည်း အဆန်းတော့မဟုတ်ပေ။ ဒီလို ရေစပ်ကာနီး အချိန်တွင် ရေအောက်၌ ပင်လယ်ငါးရှု ငုပ်သူများ ရှိနေတတ်ရာ ငါးငုပ်သူများဟုပင် ထင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

နီမောင်တို့သုံးယောက်မှာ တစ်ဦးနှင့်တစ်ဦး အချက်ပြကာ တစ်နေရာစီ ခွဲထွက်ကြလေသည်။

နီမောင်က ချောက်ကမ်းပါး အစပ်ဘက်သို့ ဆင်းလာခဲ့သည်။

ထိုနေရာတွင် ရေအောက်ဂူပေါက်ဝများ၊ ကုန်းကမူများ မတ်စောက်သော ကမ်းပါးများ၊ နက်ရှိုင်းလှသည့် ရေအောက်ချောက်ကြီးများ ရှိနေသည်။

ရေအောက်ကြမ်းပြင်မှာလည်း ဒီရေ ရွှံ့နွံပေါ်ရာ မြစ်ချောင်းများတွင် တွေ့ရခဲလှသည့် ကျောက်ဆောင်ကျောက်တုံးများကို တွေ့ရသည်။

နီမောင်သည် သတိကြီးစွာထား၍ ထိုနေရာတစ်ဝိုက်သို့ လှည့်လည် ကြည့်ရှုနေစဉ် ကျောက်ဆောင်များ ရှိသောနေရာသို့ ရောက်သောအခါ ကွေ့တစ်ခုမှ လူတစ်ယောက် ကူးထွက်လာသည်။

ထိုလူသည် ရေထဲ၌ ကူးခတ် သွားလာသောအခါ ၎င်း၏ ဆံပင်ရှည်များက နောက်ဘက် ရေထဲ၌ ဝဲပျံနေရာ ရုတ်တရက် ဆိုလျှင် ရေသူမ တစ်ယောက်နှင့်ပင် သဏ္ဌာန် တူလှသည်။ သို့စေကာမူ ၎င်းမှာ ရေသူမ တစ်ယောက်တော့ မဟုတ်ပေ။





ဆံပင်ရှည်ကို ဖားလျားချထားသည့် လူတစ်ယောက်ပင် ဖြစ်လေသည်။

ထိုလူ ရှိသောနေရာမှာ သူနှင့် မဝေးလှသောကြောင့် ရန်သူဖြစ်ပါက ခုခံတိုက်ခိုက်နိုင်ရန် သတိထားနေလိုက်သည်။ ထိုလူက ရန်မူလိုသည့် လက္ခဏာမျိုးမရှိဘဲ နီမောင်ရှိရာနှင့် မလှမ်းမကမ်းနေရာ ရောက်အောင် ကူးခတ်လာပြီး သူ့နောက်သို့ လိုက်ခဲ့ရန် လက်ဟန် ခြေဟန် ပြ၍ ရှေ့မှကူးသွားလေသည်။ ပတ၊၊တော့ အံ့ဩသွားသည်။

နောက်မှ လိုက်သွားမည်ဟု ဆုံးဖြတ်ကာ ကူးလိုက်သွားလေသည်။

ဆံပင်ရှည်များက နောက်ဘက်မှာ ဝဲပျံလျက် ထိုလူ ကူးသွားပုံမှာ တကယ့်ကို ရေသတ္တဝါ တစ်ကောင်နှင့်ပင် သဏ္ဌာန်တူလှပေသည်။

ကျောက်ဆောင်နှင့် ကျောက်တုံး ကျောက်ခဲများရှိသည့် နေရာသို့ ရောက်သောအခါ ရှေ့မှသွားနေသူက ရပ်တန့်လိုက်သည်။

ထို့နောက်...

သူ့အနီးသို့ လာခဲ့ရန် လှမ်းခေါ်သဖြင့် အနားရောက်အောင် သွားလေသည်။ ထိုနေရာတစ်ဝိုက်တွင် ရေမှော်ပင်နှင့် ကျောက်တုံး ကျောက်ဆောင်များ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ ရောက်သောအခါ ဆံပင်ဖားလျားနှင့်လူက ရေအောက်ကြမ်းပြင် နေရာသို့ လက်ညှိုးထိုးပြသဖြင့် လှမ်းကြည့်လိုက်ရာ ကျောက်တုံးနှစ်ခုကြား၌ ညပ်နေသော ကမာကောင်ကြီးကို အရင်မြင်ရသည်။

ကမာကောင်ကြီးမှာ ၎င်း၏အခွံနှစ်ခုကို ဟ,ထားသောကြောင့် အတွင်း၌ နီရဲနေသည့်အလုံးကြီးကိုပါ မြင်ရလေသည်။

“ဒါ...သူမျှားတွေပြောနေကြတဲ့ ပတ္တမြားကြီး ဖြစ်ရမယ်”

ဟု စိတ်ထဲမှ တွေးလိုက်မိသည်။

တအံ့တသြ ဖြစ်နေစဉ်မှာပင် ထိုလူက ရေမျက်နှာကို လက်ညှိုးထိုးပြသဖြင့် မော့ကြည့်လိုက်ရာ ရေက ကြည်လင်လှသည်ကတစ်ကြောင်း၊ အပေါ်မှ နေရောင်ခြည်က ထိုးကျနေသည်က တစ်ကြောင်းကြောင့် မြင်ကွင်းများကို ကောင်းစွာမြင်ရလေသည်။

မိမိတို့အပေါ်မှ ရူးရူးရဲရဲ အလင်းရောင်များ ဖြာကျနေသည့် နေလုံးကြီးကိုပင် မြင်နေရသည်။

ထိုသို့ ကြည့်နေရင်းမှာပင် အပေါ်မှ ထိုးကျလာသောနေ၏ အလင်းရောင်များက အခွံနှစ်ချပ်ဟထားသည့် ကမာကောင်ကြီးအပေါ်သို့ ထိုးကျလာလေတော့သည်။

ကမာကောင်ကြီး ပါးစပ်အတွင်းရှိ ပတ္တမြားကြီးပေါ်သို့ နေရောင်ခြည်များ ထိုးကျလာသည်နှင့် အနီရောင် အလင်းတန်းများ တောက်ပလာလေတော့သည်။





“ဟင်...”

နီမောင်မှာ မိမိမျက်စိဖြင့် တပ်အပ် တွေ့မြင်နေရသော်လည်း မယုံနိုင်လောက်အောင် အံ့သြနေမိတော့သည်။

နီမောင့်မြင်ကွင်းထဲမှာတော့ သွေးလှိုင်းများ ထနေသလို ထင်နေမိသည်။

ခဏကြာတော့ ရေပြင်တစ်ဝိုက်မှာ ငါးစင်ရိုင်းများတက်လာသကဲ့သို့ ငါးမန်းအုပ်များ ဆန်တက်လာကြလေသည်။

“ဟင်...”

နီမောင့်စိတ်ထဲမှာ ထိတ်လန့်သွားမိလေသည်။

သွေးနံ့နှင့် သွေးရောင်ကို ကြိုက်နှစ်သက်ကြသည့် ငါးမန်းများ ရောက်လာလျှင် ရှောင်တိမ်းဖို့ မလွယ်ကူမှန်းသိသဖြင့် စိုးရိမ်မှုလည်း ဖြစ်မိလေသည်။

ထို့အတူ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်အတွက်လည်း စိုးရိမ်မိလေသည်။

ငါးမန်းအုပ်များက သူတို့ခေါင်းပေါ်ရှိ ရေပြင်တစ်ခုလုံးပြည့်နေတော့သည်။

ထိုအချိန်မှာပင် ကမာကောင်ကြီး၏ အခွံနှစ်ချပ်က တဖြည်းဖြည်းနှင့် ပြန်ပိတ်သွားလေရာ အနီရောင်များလည်း ပျောက်ကွယ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ ငါးမန်းများလည်း အခြားနေရာများဘက်သို့ ထွက်သွားကြလေတော့သည်။

ထိုအခါမှ မိမိအနီးမှာ ရှိနေသော ဆံပင်ဖားလျားနှင့်လူကို ကြည့်လိုက်တော့ နေရာမှာ မရှိတော့ပေ။

နီမောင်လည်း ရေအောက်မှာ ကြာကြာဆက်မနေနိုင်တော့သဖြင့် ရေပြင်ပေါ်သို့ ပြန်တက်ခဲ့လေတော့သည်။





အခန်း ( ၁၁ )

## ဘဝ အလှည့်အပြောင်းနှင့် ကံကြမ္မာ

နီမောင်က သူ့အတွက်ရသော ရတနာများကို ရွာ၌ မရောင်းချဘဲ ဘိုကလေးမြို့သို့ တက်ရောင်းလေသည်။

စက်စုရွာနှင့်ဘိုကလေးမြို့မှာ တစ်ရေတက်၊ တစ်ရေကျ ခရီးမျှသာရှိရာ နံနက်စောစော ရေတက်နှင့်သွားလျှင် နေ့လယ်ဘက် ရေကျချိန်တွင် ဘိုကလေးမြို့သို့ ရောက်နိုင်သည်။

ဈေးဝယ်ပြီး ရေကျနှင့် ပြန်လိုက်လာလျှင် ညဦးပိုင်းအချိန်လောက်တွင် ရွာသို့ ပြန်ရောက်နိုင်သည်။

နီမောင်က သူ မြို့သွားမှာ လူမသိစေချင်သောကြောင့် နံနက်မိုးမလင်းခင် ရွာမှ ထွက်လာခဲ့သည်။

သူ့လှေပေါ်မှာ အခြားသူ မပါဘဲ ဈေးဝယ်ရန် လူကြုံလိုက်လာသော မြလေးခင်တော့ ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က လှေခတ်ပြီး မြလေးခင်က လှေဝမ်းအလယ်မှ ထိုင်လိုက်လာသည်။

မိုးမလင်းခင်ကတည်းက ထွက်ခဲ့ကြရာ မိုးလင်းတော့ မြေချောင်းလွှန်ပြီး သကန်ချောင်းဝ,သို့ပင် ရောက်လာပြီ။

စထွက်လာကတည်းက မနားမနေခတ်ခဲ့ရာ တစ်နာရီကျော်လောက်ကြာတော့ သူ ခဏနားသည်။

ထိုအခါ မြလေးခင်က တစ်လှည့် ကူခတ်ပေးသည်။

မြလေးခင်မှာ မိန်းကလေးတစ်ယောက်ပင် ဖြစ်သော်လည်း တော်ရုံ ယောကျ်ားတစ်ယောက်ကိုပင် လှေပြိုင်ခတ်နိုင်သူ ဖြစ်၏။

နီမောင်က ခေတ္တနားစဉ် မြလေးခင် ထည့်ယူလာသော ထမင်း၊ ငါးကြော်နှင့် လက်ဖက်ရည်ကြမ်းတို့ကို ဝမ်းပြည့်အောင် စားသောက်လေသည်။

"မြလေးခင်ရယ်... နင် ပင်ပန်းပါ့မယ်... မခတ်ပါနဲ့ ပြီးမှ ငါဘာသာ ခတ်ပါ့မယ်"

"တစ်ယောက် တစ်လှည့် ခတ်သွားတော့ မြန်မြန်ရောက်တာပေါ့"

"မြန်မြန်ရောက်တာက အရေးမကြီးဘူး၊ တော်ကြာ လူတွေမြင်ရင် တစ်မျိုး ထင်နေလိမ့်မယ်"

"ဘယ်လိုထင်မှာလဲ"





"တော်ကြာ... ကောင်မလေးတစ်ယောက်ကို နိုးလာပြီး လှေပေါ်တင်လာတယ်လို့ ထင်ရင် မခက်ပေဘူးလား"

"ပေါက်တတ်ကရ အတော်ပြောတယ်... ကဲဟယ်"

မြလေးခင်က လှေခတ်နေရင်းမှ ခတ်တက်ကို ရေနှင့်ရုပ်၍ ခတ်လိုက်ရာ ရေများက စင်လာပြီး နီမောင့်ကိုယ်ပေါ်မှာ ရွှဲသွားလေသည်။

"မြလေးခင်ရယ်... ငါက အလကား စတာပါဟာ၊ ဒီမှာ ရေတွေစိုကုန်ပြီ၊ လဲစရာ ပုဆိုး၊ အကျႌကလည်း အပိုမပါဘူး၊ တစ်လမ်းလုံး အအေးပတ်တော့မှာပဲ"

ဒီလိုဆိုတော့လည်း မြလေးခင်မှာ စိတ်မကောင်းဖြစ်ရပြန်သည်။

"ဖယ်... ဖယ်... ငါပဲ ခတ်တော့မယ်၊ ဒါမှ မြန်မြန်မောပြီး ချွေးထွက်လာအောင်"

"နင် နားချင် နားဦးလေ...၊ သာစည် ကပ္ပနန်းရွာလောက် ရောက်အောင် ငါ ခတ်ပါ့မယ်"

"နင် ပင်ပန်းပါ့မယ်... ငါပဲ ခတ်ပါ့မယ်"

ဟု ပြောကာ နီမောင်က နေရာမှ ထ,သွားသည်။

မြလေးခင်က ခတ်တက်နှစ်ချောင်းကို လွှတ်ပြီး လှေအလယ်သို့လာရာ မလွှတ်မလပ်ဖြစ်ကာ တိုက်မိပြီး ရေထဲကျတော့မလိုဖြစ်ရာ နီမောင်က ကပျာကယာ ဖမ်းဆွဲထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်နှင့်မို့ မြလေးခင် ကိုယ်ကလေးမှာ နီမောင့်ရင်ခွင်ထဲသို့ ရောက်လာရာ မျက်နှာတစ်ပြင်လုံး ရှက်သွေးဖြင့် နီမြန်းသွားလေတော့သည်။

နီမောင်က မသိသလို ဟန်ဆောင်ကာ ခတ်တက်နှစ်ချောင်းကိုဆွဲကာ လှေကို ခပ်ပြင်းပြင်း ခတ်လိုက်လေသည်။

မြလေးခင်ကတော့ ရှက်ကိုး ရှက်ကန်းဖြင့် လှေဝမ်းထဲမှ ရေများကို ပက်ခွက်ဖြင့် ခပ်ထုတ်နေသည်။

သမန်းလျှော်ဖြင့် ကျစ်ထားသော ခတ်ကွင်းနှစ်ခုမှာ ရေနံချေးဝအောင် စိမ်ထားသောကြောင့် ခတ်တက်ကို အားဖြင့် တွန်းလိုက်တိုင်း 'တကျွိကျွိ'ဖြင့် အသံမြည်နေလေသည်။

ထို့အတူ နှစ်ယောက်စလုံး၏ ရင်ခုန်သံမှာလည်း ခတ်ကွင်း မြည်သံနှင့်အပြိုင် ပေါ်ထွက်နေ၏။

"နီမောင်"

"ဘာလဲ"

"နင် မာလာတင်ဆီကို မသွားတော့ဘူးလား"

"ငါက ဘာကိစ္စ သွားရမှာလဲ"

"အရင်ကတော့ ခဏခဏသွားနေပြီး အခုမှ ဒီစကား ပြောရသလား"

"ငါ့စေတနာကို အစော်ကား ခံလိုက်ရပြီးတဲ့နောက်မှာ ငါ သူနဲ့ မတွေ့ချင်တော့ဘူး"





"သူက ဘယ်လိုပြောလိုက်လို့ဟင်"

"ဒါတွေ မေးမနေပါနဲ့တော့ဟာ၊ ငါ့အတွက် မေ့ထားလိုက်ပြီးပါပြီ"

မြလေးခင်က ဇာစ်ချက် ပြူးလိုက်သည်။

"ဒါကြောင့် နင် အရက်တွေ ဘာတွေ သောက်ဖြစ်ကာ မဟုတ်လား"

"အခု ငါ မသောက်တော့ပါဘူး၊ ဒါထက်...နင် ငါးဒိုင်ကို ငါးသွားပို့ရင် ဒိုင်စာရေး ဟန်ထွန်းက ရိသဲ့သဲ့ လုပ်သေးလား"

"ထုံးစံအတိုင်းပဲပေါ့"

"အရိုးမြဆိုင် သွားရင်ကော အရိုးမြက သူ့သား ဘိုးထောင်နဲ့ နားမချဘူးလား"

"ချတာပေါ့"

"အဲဒီတော့ နင်က ဘာပြန်ပြောလိုက်သလဲ"

"ငါမှ စိတ်မဝင်စားတာ၊ ဘာပြောရမှာလဲ"

"နင့်ကိုကြိုက်နေတဲ့ နှစ်ယောက်စလုံးကတော့ မဆိုးလှဘူးဟ၊ တို့ထက်တော့ သာတယ်၊ သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရွေးလိုက်ရင်တောင် နင် ပင်ပင်ပန်းပန်း လုပ်ရတဲ့ဘဝက လွတ်နိုင်တယ်"

"ပြောပြန်ပြီလား... ပေါက်ကရစကားတွေ၊ ဒီအစ်ခါ ပက်ခွက်ထဲကရေနဲ့ ပက်လိုက်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



မြလေးခင် အမူအရာကို ကြည့်ပြီး နီမောင်က သဘောကျစွာဖြင့် ရယ်မောနေသည်။

နီမောင်က လှေကို ခပ်ဖြည်းဖြည်းခတ်လာရာ ကျွန်းညိုကြီး လွန်တော့ ကပ္ပနန်းရွာ၊ သာစည်ရွာ၊ နတ်ချောင်း စသည်တို့ကို လွန်တော့ ဘိုကလေးမြို့ကို လှမ်းမြင်ရပြီ။ ရေကလည်း ပြည့်ကာနီးပြီ။

အချိန်ကလည်း နေ့လယ်ပိုင်းသို့ ရောက်လာပြီ ဖြစ်သောကြောင့် နေရောင်ခြည်က စူးစူးရဲရဲ ပူလှသည်။

နီမောင့် တစ်ကိုယ်လုံးမှာတော့ ရေစိုအဝတ်များ ခြောက်သွားသော်လည်း ချွေးများဖြင့် ရွှဲနေလေပြီ။

"နီမောင်"

"ဟင်..."

"အဲဒီရွှေတွေကို ရောင်းပြီးတော့ နင် ဘာလုပ်မှာလဲဟင်"

"အင်း... လုပ်စရာတွေကတော့ အများကြီးပဲ၊ အဖိတကအဖေနဲ့ အမေ အတွက် အရင်စီစဉ်ပေးရမယ်၊ ပြီးရင် မိုးမကျခင် အိမ်အသစ်တစ်လုံး ဆောက်ရမယ်၊ မိုးတွင်းစာအတွက် ဝမ်းစာ လှောင်ရမယ်၊ ဖိုးအောင် ကျောင်းတက်ရင် ဝတ်ဖို့ အဝတ်အစားတွေ၊ စာအုပ်တွေ ဝယ်ပေးရမယ်၊ နောက်ပြီး ရွာထဲက ဈေးဆိုင်တွေမှာ အမေ ယူထားတဲ့ ဈေးကြွေးတွေ ဆပ်ရမယ်၊ နောက်ပြီး..."





နီမောင်က စကားမဆက်သေးဘဲ စဉ်းစားနေသည်။

"ဘာလဲ... မိန်းမယူဖို့ စဉ်းစားနေပြီ မဟုတ်လား"

"ဒီအကြောင်းတော့ စိတ်ကူးထဲမှာတောင် မထည့်ချင်တော့ပါဘူးဟာ"

"ဟင်... ဘာဖြစ်လို့လဲ"

"ငါ့ဘဝမှာ အချစ်ရေးနဲ့ ပတ်သက်လာရင် သိပ်ပြီးကံမကောင်းဘူးဟ"

"ဒါကတော့ နင့်ရဲ့အပေါ်မှာ မူတည်တာပဲ၊ ကိုယ်က စိတ်ချမ်းသာအောင်ရှာရင် စိတ်ချမ်းသာတာကို တွေ့ရမှာပဲ၊ ဒါမှမဟုတ် စိတ်ဆင်းရဲစရာတွေကိုမှ ကြံဖန်ပြီး လိုက်ရှာရင်တော့ ကိုယ့်အပူ ကိုယ်ရှာသလို ဖြစ်မှာပေါ့"

"စိတ်ဆင်းရဲစရာတွေကို ကြံဖန်ပြီး ရှာနေတယ်၊ ဟုတ်လား... ငါက ဘယ်လိုစိတ်ဆင်းရဲစရာတွေကို ရွေးရှာနေလို့လဲ"

"ဒါကတော့ နင်ကိုယ်တိုင် ပိုသိမှာပေါ့"

"ကဲ... ထားပါတော့... စိတ်ချမ်းသာစရာကိုရော ငါက ဘယ်မှာရှာရမှာလဲ"

"အဲဒါလည်း နင်ရှာတတ်ရင် ရမှာပေါ့"

"တော်ပါပြီဟာ... လောလောဆယ်တော့ ဒီအကြောင်းတွေ မစဉ်းစားသေးပါဘူး၊ ငါ့မှာ လုပ်စရာတွေ ကျန်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စကားရပ်ကာ လှေကို သွက်သွက်ကလေး ခတ်လာရာ ရေပြည့်ချိန်လောက်တွင် ဘိုကလေးမြို့ ဆိပ်ကမ်းသို့ ရောက်သွားကြလေတော့သည်။

ကမ်းနားဘက်ရှိ ကူးတို့ဆိပ်တစ်ခုတွင် လှေကို အပ်နှံထားခဲ့ပြီးနောက် နှစ်ယောက်သား မြို့ပေါ်တက်ကြလေသည်။

ဘိုကလေးမြို့၏ ကမ်းနားလမ်းသည် ဈေးကြီးနှင့် တစ်ဆက်တည်း ဖြစ်သောကြောင့် လူသွားလူလာစည်ကားလှလေသည်။

နှစ်ယောက်သား ဈေးဘက်သို့ လျှောက်လာကြပြီး ဈေးအတွင်းမှ ရွှေဆိုင် တစ်ဆိုင်မှာ ရွှေထည်ပစ္စည်းများကို ဝင်ရောက် ရောင်းချကြလေသည်။

ဆိုင်ရှင်က တရုတ်ကပြားတစ်ယောက်ဖြစ်ကာ ရွှေထည်ပစ္စည်းများကို မှတ်ကျောက်ဖြင့် အကြိမ်ကြိမ် အခါခါ တိုက်၍ စစ်ဆေးလေသည်။

စိတ်ကျေနပ်တော့မှ…

"ငါ့တူတို့က အခုမှ ညားကာစ လင်မယားထင်တယ်၊ ဒီလက်ဝတ်လက်စားတွေကို ဘာဖြစ်လို့ ပြန်ရောင်းတာလဲ"

ဟု မသိမသာ စပ်စုသည်။

"ဒီပစ္စည်းတွေက နှစ်ဖက်မိဘဆွေမျိုးတွေက လက်ဖွဲ့ပေးတာပါ၊ တစ်အိုးတစ်အိမ် ထူထောင်တဲ့အခါ အရင်းအနှီးလိုတော့ ပြန်ရောင်းပစ်တာပါ"





နီမောင်ကလည်း အဆင်ပြေအောင် ပြန်ပြောလိုက်သည်။

"ဟုတ်တာပေါ့… ဟုတ်တာပေါ့၊ ရှိတော့လည်း တန်ဆာ၊ မရှိတော့လည်း ဝမ်းစာပေါ့၊ ဒီလိုပဲ ထူထောင်ရမှာပဲ၊ နောက် ရောင်းစရာရှိလည်း ယူလာနော်"

ဟု ရွှန်းရွှန်းဝေအောင် ပြောဆိုကာ ရွှေထည်ပစ္စည်းများကို ချိန်၍ ကျသင့်ငွေကို ရှင်းပေးရာ နီမောင်အတွက် ငွေလေးထောင်ကျော် ငါးထောင်နီးပါး ရလေသည်။

ထိုငွေပမာဏသည် သူ့အတွက် တစ်ခါမှ မမြင်ဖူးသော ငွေပမာဏပင် ဖြစ်သည်။ ထို့နောက်…

နှစ်ယောက်သား ဈေးအတွင်းသို့ဝင်ကာ လိုချင်သော ပစ္စည်းများကို လိုက်လံ ဝယ်ယူကြလေသည်။

"မြလေးခင်… ငါ နင့်ကို မြို့ပေါ်ခေါ်လာတာ တခြားမဟုတ်ဘူး၊ နင့်အတွက် အဝတ်အစားတွေ၊ အသုံးအဆောင်တွေ ဝယ်ပေးချင်လို့ သိလား၊ ကဲ…နင်လိုချင်တဲ့ ပစ္စည်းတွေ ဝယ်ပေတော့"

နီမောင့်စကား ကြားသောအခါ မြလေးခင်မှာ တအံ့တသြ ဖြစ်နေလေသည်။

ထို့နောက် နီမောင်က ဈေးအတွင်းသို့ ခေါ်သွားကာ အဝတ်အစား၊ အသုံးအဆောင် ပစ္စည်းများကို ဝယ်ပေးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လိုက်ဝယ်နေရင်း ဈေးတစ်နေရာသို့ ရောက်သော အခါ နောက်ဘက်မှ မိမိနာမည်ကို ခေါ်သံကြားလိုက်သည်။

"နီမောင်... နီမောင်"

လှည့်ကြည့်လိုက်တော့ မာလာတင်ကို အဖော် တစ်ယောက်နှင့်အတူ တွေ့ရလေသည်။

"နင်တို့နှစ်ယောက် ဘာလာလုပ်ကြတာလဲ"

"ဈေးလာဝယ်ကြတာလေ"

"နှစ်ယောက်တည်းလား"

"အေး...ဟုတ်တယ်၊ နင်ရော ဘယ်တုန်းက ရောက်နေတာလဲ"

"ငါ မြို့ရောက်နေတာ တစ်ရက် နှစ်ရက်ရှိနေပြီ၊ ကိုကိုထိုက်တို့အိမ်မှာ တည်းတယ်"

"ဪ... အေး...အေး... ငါတို့ သွားတော့မယ်"

ဟု ပြောကာ နီမောင်က မြလေးခင်လက်ကို ဆွဲပြီး နေရာမှ ထွက်လာလေရာ မာလာတင်မှာ နေရာတွင် ပါးစပ် အဟောင်းသားဖြစ်ကာ တအံ့တသြဖြင့် ကျန်ခဲ့လေသည်။

အတော်ဝေးဝေး နေရာရောက်မှ မြလေးခင်က...

"နီမောင်ကလည်းဟယ်... ဟိုက စကားပြောနေတုန်း ရှိသေးတယ်၊ ချက်ချင်းကြီး ထွက်လာတယ်၊ တော်ကြာ တစ်မျိုး ထင်သွားမှဖြင့် ခက်မယ်"





ဟု စိုးရိမ်သော လေသံဖြင့် ပြောသည်။

"ဘာစိုးရိမ်စရာ ရှိသလဲ၊ သူနဲ့ ငါနဲ့က ဘာမှပက်သက်စရာ အကြောင်းမှ မရှိတာ"

"ဒါတော့ ဒါပေါ့... ဒါပေမယ့်..."

"တော်ပါတော့ဟာ... သူ့အကြောင်းကို လေကုန်ခံပြီး ပြောမနေပါနဲ့၊ မိုးမချုပ်ခင် ရွာပြန်ရောက်အောင် လိုချင်တဲ့ ပစ္စည်းလေးတွေ ခပ်သုတ်သုတ် လိုက်ဝယ်ကြရအောင်"

ဟု ပြောကာ စကားကို ရပ်ပစ်လိုက်လေသည်။

ထို့နောက်...

ဈေးထဲသို့ပတ်ပြီး လိုချင်သောပစ္စည်းများကို စုံလင်အောင်ဝယ်ပြီး ရေပြန်ကျသည်နှင့် လှေပြန်ထွက်ကြလေသည်။

ဘိုကလေးမြို့ ဂိတ်တဲမှာ ကမ်းနားဘက်၌ ရှိသည်။

ဆိပ်ကမ်း တစ်ဝိုက်မှာလည်း ယူဘီ သင်္ဘောတစ်စင်း ဆိုက်ကပ်ထားသည်။

နီမောင်တို့လှေက ထိုနေရာမှ ဖြတ်လာကြရာ ဂိတ်တဲ ထံတားဆိပ်နား နီးသောအခါ နီမောင့်စိတ်ထဲတွင်...

"ဒီဂိတ်တဲဝင်းထဲမှာ မာလာတင် ရောက်နေတယ်"

ဟု တွေးလိုက်မိသေးသည်။

သူတို့လှေ ထိုနေရာမှဖြတ်သွားတော့ ဂိတ်တဲအပေါက်ဝမှ ထွက်ကြည့်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗြာနာအုပ် သောင်းထိုက်ပင် ဖြစ်သည်။

ဗြာနာအုပ်သောင်းထိုက် မျက်နှာကို လှမ်းမြင်လိုက်ရတော့ နီမောင့်စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားလေသည်။

"ဒီလူ ငါတို့လှေကို ဘာကြောင့် ထွက်ကြည့်နေတာလဲ။ ငါနဲ့ မာလာတင်တို့ အကြောင်းကို သိနေလို့များလား။ ငါ့ကို ကြည့်နေတာလား။ ကြည့်ရတာ မာလာတင်က ငါ့အကြောင်းကို ပြောပြလိုက်ပြီနဲ့ တူတယ်၊ ဒါကြောင့် ထွက်ကြည့်နေတာ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် သတိတော့ ထားရမယ်"

ဟု စိတ်ထဲမှ တွေးနေမိသည်။

"နီမောင်... ဘာတွေ ဒီလောက်တွေးနေတာလဲ"

လှေခတ်ရင်း ငြိမ်ချက်သား ကောင်းနေသော နီမောင်ကို မြလေးခင်က သတိပြုမိသွားသဖြင့် လှမ်းမေးလိုက်သည်။

"ဩော်... အေး... ဘာမှမတွေးပါဘူးဟ"

"မတွေးဘူးသာ ပြောတယ်၊ ငေးငိုင်နေတာပဲ၊ ဘာလဲ မာလာတင်နဲ့တွေ့ပြီး အရင်ကအကြောင်းတွေကို သတိရနေတာ မဟုတ်လား"

"မဟုတ်ပါဘူး မြလေးခင်ရယ်၊ ငါက လူတစ်မျိုးလား လူတစ်ယောက်ကို ခင်ရင်လည်း ကိုယ့်သွေးသားလို ခင်တယ်၊ မခင်တော့ဘူးဆိုရင်လည်း အဲဒီလူအကြောင်းကို အတွေးထဲမှာတောင် မထည့်တော့ဘူး"





"ဟုတ်ရဲ့လားဟယ်"

"တကယ်ပြောတာပါ... ငါစဉ်းစားနေတာ ဗြာနာအုပ်ကိုသောင်းထိုက် ဆိုတဲ့လူ အကြောင်းပါ"

"ဗြာနာအုပ်သောင်းထိုက် ဆိုတာ မာလာတင်နဲ့ စေ့စပ်တယ် ဆိုတဲ့လူ မဟုတ်လား"

"အေး... ဟုတ်တယ်၊ ငါတို့လှေ ထွက်လာတော့ စခန်းပေါက်ဝက သူ ထွက်ကြည့်နေတာကို ငါ မြင်လိုက်ရတယ်"

"သူက ဘာဖြစ်လို့ ထွက်ကြည့်နေတာလဲ"

"ဘယ်သိပါ့မလဲ... ဒါပေမယ့် သူကြည့်ရတာ ငါတို့လာတာကို သိနေသလိုပဲ"

"သိတော့ရော ဘာအရေးကြီးသလဲ၊ ငါတို့က တရားခံတွေမှမဟုတ်တာ၊ သူ့ကို မာလာတင်ပြောလို့ သိတာနေမှာပေါ့"

ဟု ပြောဆိုကာ လှေကို ခတ်ဆင်းလာကြရာ ကျွန်းညိုကြီးနား ရောက်တော့ နေဝင်သွားပေပြီ။

မြစ်ရေပြင် တစ်လျှောက်မှာလည်း အမှောင်ရိပ်က သမ်းလာချေပြီ။

ထိုအခိုက်မှာပင် အတော်ဝေးဝေး နောက်ဘက်ဆီမှ ယာဉ်စက်သံကို ကြားရသဖြင့် နီမောင်က ခတ်တက်ကိုလွှတ်ပြီး နားစွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယူဘီစက်သံမှာ အခြားသဘော်၊ အင်ဂျင်စက်သံများ နှင့် လုံးဝမတူဘဲ တဒီးဒီးနှင့် အသံမြည်နေရာ အဝေးဆီမှ လာနေသည်ကို အတိုင်းသား ကြားနေရသည်။

ဘိုကလေးမြို့တွင် ယူဘီသဘော်ကို အသုံးပြုသော ဌာနမှာ နှစ်ခုပင် ရှိသည်။

တစ်ခုက သစ်တောဌာနဖြစ်ပြီး ကျန်တစ်ခုက ဂါတ်တဲ စခန်းမှ ဖြစ်သည်။

"သူတို့ လိုက်လာကြပြီနဲ့ တူတယ်"

"ဟင်... ဘယ်သူတွေလဲ"

"ယူဘီစက်သံ မကြားဘူးလား၊ ဂါတ်တဲစခန်းက ပုလိပ်တွေ လိုက်လာကြပြီလို့ ထင်တယ်"

"သူတို့က တို့နောက်ကို ဘာကြောင့် လိုက်ရမှာလဲ၊ သူ့အကြောင်းနဲ့ သူသွားတာ ဖြစ်မှာပေါ့"

"ငါ့စိတ်ထဲမှာ သိပ်ပြီးမသင်္ကာဘူး၊ ဟုတ် မဟုတ် သိရအောင် တို့လှေကို ကမ်းဘေးက ချုံတွေထဲမှာ ဝင်ပုန်း နေလိုက်ကြရအောင်"

ဟု ပြောကာ နီမောင်က ကမ်းစပ်ဘက်သို့ ကပ်ကာ ချောင်းရိုးတစ်ခုအတွင်းသို့ လှေကို သွင်းထားလိုက်လေသည်။

ချောင်းဝတွင် သမန်းကိုင်းများ ရှိနေသောကြောင့် အပြင်မှ လှမ်းကြည့်လျှင် ရုတ်တရက် မမြင်နိုင်ပေ။





ခဏကြာတော့ ထိုနေရာသို့ ယူဘီတစ်စင်း ရောက် လာသည်။

သဘော် ဦးပိုင်းတွင် ဌာနာအုပ် သောင်းထိုက်နှင့် ပုလိပ်အချို့ ပါလာသည်။

သူတို့သည် တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေကြဟန် ဖြင့် သဘော်စက်ရှိန်ကို လျှော့ကာ မောင်းလာကြသည်။

မြစ်ထဲမှာ သွားလာနေသော လှေများကို တွေ့လျှင် ထိုလှေရှိရာသို့ မောင်းသွားကြပြီး မဟုတ်လျှင် ပြန်လှည့်လာ ကြသည်။

ဤသို့ဖြင့် တရွေ့ရွေ့နှင့် အောက်ဘက်သို့ စုန်ဆင်း သွားကြလေသည်။

"တွေ့ပြီလား... ငါတွေးတဲ့ အတိုင်းပဲ၊ သူတို့ ငါတို့ လှေကို လိုက်ရှာနေကြတာ ဖြစ်မယ်"

ထိုအခါမှ မြလေးခင် မျက်နှာပေါ်မှာ စိုးရိမ်မှုများ ပေါ်လာလေတော့သည်။

"ဘာ... ဘာဖြစ်လို့ ငါတို့နောက်ကို လိုက်ရှာနေတာလဲ ဟင်..."

"အဲဒါတော့ ငါလည်း မသိဘူး၊ ဒါပေမယ့် ကောင်းတဲ့ လိုက်ရှာခြင်း မဟုတ်ဘူးဆိုတာတော့ ငါ့စိတ်ထဲက အလိုလို သိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယူဘီစက်သံက တဖြည်းဖြည်းနှင့် ဝေးသွားလေသည်။

"ဒါ... ဒါဖြင့် ဘယ်လိုလုပ်ကြမလဲဟင်"

"စက်သံကတော့ ဝေးသွားပြီ၊ ဒါပေမယ့်... သွားလို့ဖြစ်မယ် မထင်ဘူး၊ သူတို့ တစ်နေရာကစောင့်ရင် စောင့်နေနိုင်တယ်၊ အပြင်ထွက်ပြီး အခြေအနေ ကြည့်ပြီးမှ သွားကြတာပေါ့"

ဟု ပြောကာ လှေကို အပြင်သို့ ပြန်ထုတ်သည်။

မြစ်ရိုးတစ်လျှောက်မှာတော့ အမှောင်ရိပ်က သမ်းစပြုနေပြီ။

သူတို့ရှေ့မှ လှေတစ်စင်း နှစ်စင်း အောက်ဘက်သို့ ဖြတ်ဆင်းသွားကြသည်။

နီမောင်က ကမ်းနှင့် မနီးမဝေးနေရာမှ ထိုလှေများနှင့် ခပ်လှမ်းလှမ်းမှ လိုက်သွားသည်။

ပကန်ချောင်းဝထိပ်ရောက်တော့ အရှေ့ဘက်ကမ်းထိပ် တစ်နေရာမှ သင်္ဘောမီး ဆလိုက်ရောင် တစ်ခုထွက်လာပြီး ရှေ့မှသွားနေသော လှေနှစ်စင်းကို ထိုးကာ လှမ်းခေါ်သည်ကို လှမ်းမြင်ရသည်။

သို့ကြောင့် နီမောင်က မိမိတို့လှေကို အနောက်ဘက် ကမ်းသို့ ကပ်သွားကာ ကွမ်းသီးချောင်းထဲသို့ ဝင်နေလိုက်တော့သည်။





ညဉ့်ဦးပိုင်းအချိန် ရေပြန်တက်လာသောအခါမှ ယူဘီ သင်္ဘောက ဘိုကလေးဘက်သို့ ပြန်တက်သွားသော စက်သံကို ကြားလိုက်ရလေသည်။

သို့သော် ရေပြန်တက်လာပြီး ရေဆန်ဖြစ်နေသောကြောင့် ခရီးဆက်၍ မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

## ဝေဒနာ နှစ်ကျော့ပြန်

နီမောင်နှင့် မြလေးခင်တို့ နှစ်ယောက်မှာ နောက်တစ်နေ့ နံနက်လင်းစ အချိန်ရောက်မှ စက်စုချောင်းဝသို့ ပြန်ရောက်ကြလေသည်။

ချောင်းထဲ၌ သွားလာနေကြသည့် လှေများပေါ်မှ လူများက သူတို့ကိုမြင်တော့ ပြုံးစိစိနှင့် ကြည့်သွားကြသည်။

အချို့ ရင်းနှီးသူများကလည်း...

"ဘယ်တော့ စားရမှာလဲဟေ့"

ဟု မကြားတကြား လှမ်းအော်သွားကြသည်။

အချို့ကလည်း...

"မိန်းမ ခိုးပြေးတဲ့ ကောင်ကလည်း ချက်ချင်းကြီး ပြန်လာရသလားဟ"

ဟု ပြောသွားသည်။





မိမိတို့အိမ် တံတားထိပ်သို့ လှေဆိုက်တော့ အဖေရော အမေပါ ဆင်းလာကြသည်။

"ဟဲ့... နီမောင်၊ ဘယ်လိုဖြစ်ရတာလဲ သားရယ်"

ဟု ဆီးပြောသည်။

"ဘာဖြစ်လို့လဲ အမေရဲ့၊ ကျွန်တော်တို့ ဘိုကလေးမြို့ ဈေးသွားဝယ်တဲ့ ဥစ္စာ"

"ဟဲ့... ဘိုကလေးနဲ့ စက်စု နေ့ချင်းပြန် သွားနေကြတာ၊ မင်းတို့ကျမှ လမ်းမှာ တစ်ည အိပ်ရတယ်လို့ကွယ်"

ထိုစကားကြောင့် နီမောင်မှာ မြလေးခင်အတွက် မျက်နှာပူသွားလေသည်။

"အမေကလည်းဗျာ... ကျွန်တော်တို့က ကြာချင်လို့ ကြာနေရတာ မဟုတ်ပါဘူး၊ လမ်းမှာ..."

နီမောင်က လမ်း၌ တွေ့ကြုံခဲ့ရသော အခြေအနေများကို ပြောပြလိုက်သည်။

"သူတို့က ဘာ့ကြောင့် ဒီလို လိုက်ရှာကြရတာလဲ၊ ကိုယ်ကဲ ဘာလုပ်မိလို့လဲ၊ တခြားလူတွေ ရှာတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့၊ အဲဒါက အရေးမကြီးဘူး... မင်းတို့ နှစ်ယောက်ရဲ့ သတင်းက ရွာထဲမှာ ပြန့်နေပြီ"

"ဘယ်လိုသတင်းလဲ အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသတင်း ရှိရမလဲကွယ်၊ မင်းက မြလေးခင်ကို တစ်ခါတည်း နိုးသွားပြီ ဆိုတဲ့သတင်းပေါ့"

"ဟာ... မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့က လမ်းမှာ အခက်အခဲရှိလို့ ကြာနေကြတာပါ၊ မြလေးခင်နဲ့ ကျွန်တော်တို့က ဘာမှဖြစ်ကြတာမှ မဟုတ်တာ၊ အမေ မယုံရင် မြလေးခင်ကို မေးကြည့်ပါလား"

နီမောင်က မျက်လုံးပြူး မျက်ဆံပြူး ပြောနေသော်လည်း၊ မြလေးခင်ကတော့ ဘာမှပြန်မပြောဘဲ ဦးခေါင်းကိုသာ တွင်တွင်ငုံ့ထားလေသည်။

"ဟဲ့... နီမောင်၊ နင်, စကားပြောတာ ကြည့်ပြောစမ်းဟဲ့၊ မိန်းကလေး တစ်ယောက်ကို ဒီလိုပဲ ပြောရသလား။ အခု နင်တို့နှစ်ယောက်သတင်းက တစ်ရွာလုံးက သိနေကြပြီ၊ အခုမှတော့ မိန်းကလေး မိဘတွေလည်း အရှက်ရနေကြပြီ၊ သူ့ကို ဒီအတိုင်း ပြန်လွှတ်လိုက်လို့ သင့်ပါတော့မလား"

"ဒါ...ဒါဖြင့်... ဘယ်လိုလုပ်ရမလဲ အမေ"

"ငါ မေးပါရစေဦး။ နင်တို့နှစ်ယောက်က လူငယ်ချင်း သင့်မြတ်ကြပြီး မဟုတ်လား"

ထိုအခါ နီမောင်နှင့် မြလေးခင်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာပြောရမှန်း မသိအောင် ဖြစ်သွားကြသည်။





ထိုအခြေအနေကို ရိပ်မိသော လူကြီးနှစ်ယောက်က အိမ်ထဲ ပြန်ဝင်သွားကြသည်။

"နင်တို့နှစ်ယောက် တိုင်ပင်ပြီးမှ လာခဲ့ကြ"

အမေက လှမ်းပြောသွားသေးသည်။

သူတို့ဝင်သွားတော့ တံတားပေါ်မှာ နီမောင်နှင့် မြလေးခင်တို့ နှစ်ယောက်သာ ကျန်တော့သည်။

ထိုအခါမှ နီမောင်မှာ မြလေးခင် မျက်နှာကို ကြည့်ရမှာ ရှက်၍ အားနာနေလေသည်။

"ဘယ်လိုလုပ်ကြမလဲ"

မြလေးခင် မျက်နှာကို မကြည့်ဘဲ မေးသည်။

"မသိဘူးလေ"

"မဟုတ်ဘူးလေ... အမေ ပြောသွားတာက တို့နှစ်ယောက်ကို လူတွေက ခိုးပြေးသွားတယ်လို့ ပြောနေကြတယ်တဲ့၊ အဲဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဘယ်သိပါ့မလဲ... နင်သဘောကျသလို လုပ်ပေါ့"

မြလေးခင်က ခေါင်းငုံ့ထားရင်း ပြောသည်။

"မဟုတ်ဘူးလေ... ဒီကိစ္စက နင့်ရဲ့သဘောကလည်း အရေးကြီးသေးတယ်လေ"

"ဒါဆိုရင်... နင် အရင်ပြော"

"ငါက ဘယ်လိုပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေက အတင်းစီစဉ်ကြရင် နှင် ငါ့ကို လက်ခံမှာလား"

"ငါကတော့ လက်ခံမှာပေါ့၊ နှင်ကရော, .."

"နှင်က ငါ့ကို သဘောကျတယ်ဆိုရင် ငါကလည်း လက်ခံရမှာပေါ့"

"လူကြီးတွေ အတင်းစီစဉ်လို့ လက်ခံရတာလား"

"ညအချိန်မတော် လှေတစ်စင်းပေါ်မှာ နှင်သွားရာနောက်ကို တကောက်ကောက် လိုက်နေတာ နှင့်ကို မုန်းလို့ လိုက်နေတယ်လို့များ ထင်နေတာလား"

ထိုစကားကြောင့် နီမောင့်မျက်နှာမှာ ကျေနပ်မှုကြောင့် ပြုံးဖြီးဖြီး ဖြစ်သွားလေသည်။

"ဒါ...ဒါဖြင့်... ငါ့ကိုချစ်လို့ လိုက်လာတာပေါ့နော်"

"အခုမှတော့ အသားယူမနေနဲ့၊ အိမ်ထဲမှာ လူကြီးတွေ စောင့်နေကြတယ်၊ သွားကြရအောင်"

ဆုံးဖြတ်ချက် ခိုင်မာသွားပြီး ဘဝအတွက် အဓိပ္ပာယ် ရှိသွားပြီဖြစ်သောကြောင့် နီမောင်က မြလေးခင် လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး အိမ်ထဲသို့ ခေါ်သွားလေတော့သည်။

ထို့နောက်တွင် နှစ်ဖက်မိဘများ၊ ကျေးရွာလူကြီး အချို့ကို ဖိတ်ကြားပြီးနောက် နီမောင်နှင့် မြလေးခင်တို့အတွက် စေ့စပ်ပွဲ လုပ်ကြလေသည်။





တပေါင်းလ ဖြစ်နေသောကြောင့် မင်္ဂလာဆောင်ဖို့ ကိစ္စကိုတော့ မိုးမကျခင် သင့်တော်သောလတွင် ပြုလုပ်ရန် တိုင်ပင်ပြီး မြလေးခင်ကို မိဘများထံသို့ ပြန်အပ်ကြသည်။

နီမောင်က ရွှေထည်ပစ္စည်းများ ရောင်းရငွေတစ်ဝက်ကို မြလေးခင် မိဘများကို ခွဲပေးလိုက်သည်။

"မြလေး... ဒီနေ့ကစပြီး နှင် အလုပ် လုပ်စရာ မလိုတော့ဘူး။ ဟန်ထွန်းတို့ ငါးဒိုင်ကိုလည်း တစ်ယောက်တည်း မသွားနဲ့တော့"

"နီမောင်ရယ်... နှင် တစ်ယောက်တည်း လုပ်ရင် ပင်ပန်းမှာပေါ့၊ ငါလည်း နှင်နဲ့အတူတူ ကူလုပ်ပါရစေနော်"

"မလုပ်ပါနဲ့တော့ မြလေးရယ်၊ နှင် ပင်ပင်ပန်းပန်း လုပ်တာကို ငါ မကြည့်ရက်တော့ပါဘူး၊ တို့နှစ်ယောက်က မကြာခင် လက်ထပ်ကြတော့မှာဆိုတော့ ငါပဲ လုပ်ကျွေးပါတော့မယ်၊ အခုဆိုရင် အရင်းအနှီးလုပ်ဖို့ ငွေလည်းရှိပြီ မဟုတ်လား"

"နီမောင်... အခုလို စေ့စပ်လိုက်ရတာက မမျှော်လင့်ဘဲ ဖြစ်သွားလို့ မလွဲသာမရှောင်သာလို့ စေ့စပ်လိုက်ရတာ မဟုတ်လား။ ငါ့ကို တကယ်မချစ်ဘူး မဟုတ်လား"

"ဘာဖြစ်လို့လဲ"

"တကယ်ချစ်ရင် အစ, ကတည်းက ဖွင့်ပြောမှာပေါ့ နောက်ပြီး အခု အခြေအနေတောင် ရောက်နေပြီ၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်လို့လည်း တစ်ခါမှ ဖွင့်မပြောသေးဘူး။ နင် အစ,က တကယ်ချစ်တာ မာလာတင်ကို မဟုတ်လား"

ဟု ခနဲ့စကား ဆိုသည်။

"မဟုတ်ပါဘူး မြလေးရယ်၊ သူနဲ့ ငါနဲ့က ရိုးရိုးခင်ကြတာပါ၊ အခုဆိုရင် သူကလည်း လက်ထပ်တော့မှာဆိုတော့ ဘာမှမှုစရာ မလိုတော့ပါဘူး။ နင့်ကိုလည်း ပြောရဦးမယ်၊ နင်နဲ့ အခုလို စေ့စပ်ပွဲလုပ်တာ ငါ့သဘောမပါဘဲနဲ့ အားနာလို့ လုပ်တယ်လို့ နင် ထင်နေသလား"

"ဒါဖြင့်... ဘာကြောင့်လဲ"

"နင့်ကို တကယ်ချစ်လို့ လက်ခံတာပေါ့၊ ငါလိုလူက ကိုယ်တကယ်မချစ်ဘဲနဲ့ မိန်းမတစ်ယောက်ကို လက်ထပ်မယ့် လူမှ မဟုတ်တာ၊ ကဲ... ယုံပြီလား"

"ယုံပါပြီ... နီမောင်ရယ်... ယုံပါပြီ"

နီမောင်တို့နှစ်ယောက်က ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်း ချစ်သူဘဝ ရောက်သွားကြပြီး ပျော်ရွှင်မှု ဖြစ်နေကြသော အချိန်မှာပင် မာလာတင်၏ အခြေအနေကတော့ ဝမ်းနည်းဖွယ်ရာနှင့် ကြုံရလေသည်။

မြို့ကလာသော အရာရှိပေါက်စ ဌာနာအုပ်သောင်းထိုက်ကို အထင်ကြီးကာ စေ့စပ်ကြောင်းလမ်းရန်အတွက် ဘိုကလေးမြို့သို့ လိုက်သွားပြီး အခြေအနေ ကြည့်ကြလေသည်။





ထိုသို့ ရောက်သွားရာမှ ဘိုကလေးမြို့မှာ ရှိနေစဉ် ရန်ကုန်မြို့တွင် နေထိုင်သော သောင်းထိုက်၏ မိန်းမနှင့် ကလေး နှစ်ယောက်တို့ လိုက်လာသည်နှင့် ပက်ပင်းတိုးလေတော့သည်။

သို့ကြောင့်...

ရွာသို့ ချက်ချင်း ပြန်လာကြရလေတော့သည်။

ရွာပြန်ရောက်သောအခါ မာလာတင်မှာ အရှက်ရသောကြောင့် အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ဝံ့အောင် ရှိနေတော့သည်။

ထိုသတင်းကိုကြားတော့ တစ်ရွာတည်းသားချင်းလည်းဖြစ်၊ ဖွာကျောင်းနေဖက်လည်းဖြစ်သော မာလာတင် အတွက် နီမောင်မှာ စိတ်မကောင်း ဖြစ်မိလေသည်။

တစ်နေ့တော့ ကလေးတစ်ယောက်က စာရွက်ခေါက်လေးတစ်ရွက် လာပေးသဖြင့် ကြည့်လိုက်တော့ မာလာတင် ရေးလိုက်သောစာ ဖြစ်နေသည်ကို တွေ့ရလေသည်။

"နီမောင်...

နင့်ကို ပြောစရာရှိလို့ ငါနဲ့ ခဏလာတွေ့ပါ"

ဟု ပါသဖြင့် နီမောင်က မာလာတင်ဆီ သွားတွေ့လေသည်။

"နင် ငါ့ကို တွေ့ချင်တယ်ဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



မာလာတင်မှာ ယခင်ကနှင့် မတူ ပိန်ကျသွားလေသည်။

"ငါ နင့်ကို တောင်းပန်စရာရှိလို့ မှာတာပါ နီမောင်ရယ်"

မာလာတင်ကို ဒီလိုမြင်ရပြန်တော့ နီမောင့်စိတ်ထဲမှာ မကောင်းလှပေ။

"ဟိုကုန်းက နင် သတိပေးခဲ့တာတွေကို ငါ ဂရုမစိုက်ခဲ့ဘူး။ ဒါ့အပြင် နင့်အပေါ်မှာ ငါ မကောင်းခဲ့တာ ရှိတယ်၊ နင်တို့နှစ်ယောက်ကို ဘိုကလေးမှာ တွေ့လိုက်ရတော့ ငါ့စိတ်ထဲမှာ ဘယ်လိုဖြစ်သွားတယ် မသိပါဘူး။ ဒါကြောင့် ကိုသောင်းထိုက်ကို ပြောပြလိုက်တယ်၊ သူက နင်တို့နှစ်ယောက်ကို ဒုက္ခပေးဖို့ နောက်က ယူဘီနဲ့ လိုက်လာသေးတယ်"

"ဟင်..."

"ဒါပေမယ့် နင်တို့လှေကို မတွေ့ရတဲ့အပြင် သူတို့သင်္ဘော စက်ပျက်သွားလို့ နောက်တစ်ရက်လောက်ကြာမှ မြို့ကို ပြန်ရောက်လာတယ်"

ထိုစကားကြားသောအခါ နီမောင်မှာ အတော်ကလေး စိတ်မကောင်း ဖြစ်သွားလေသည်။

"လုပ်ရက်ပါပေ့... မာလာတင်ရယ်"

"နင် ငါ့ကို အပြစ်တင်ချင်သလိုသာ တင်ပါ၊ ပြောချင်သလိုသာ ပြောပါတော့ နီမောင်ရယ်"

ရွှေသမင်စာပေ



နီမောင်က ဘာမှပြန်မပြောဘဲ အံကို တင်းတင်းကြိတ်ထားသည်။

အတန်ကြာမှ...

"နင် အဲဒီလိုလုပ်တဲ့အတွက် ငါ နင့်ကို ကျေးဇူးတင်ပါတယ်၊ အဲဒီညက ငါတို့နှစ်ယောက် လမ်းမှာ ပုန်းနေရလို့ ရွာကို ပြန်မရောက်ကြဘူး။ ဒါကြောင့် မြလေးခင်ရဲ့ အရှက်နဲ့ သိက္ခာကိုငဲ့ပြီး ငါ သူနဲ့ စေ့စပ်လိုက်ရတယ်"

ဟု ပြောလိုက်သည်။

"ကိုယ့်ရဲ့စေတနာ ကိုယ့်ပြန်ပြီး အကျိုးပေးတာပါပဲ၊ ငါက နင်တို့နှစ်ယောက်ကို မကောင်းကြံခဲ့တဲ့အတွက် နင်တို့နှစ်ယောက် အခုလို ဆုံစည်းခွင့် ရခဲ့ကြတယ်၊ ဒီအတွက် ငါ့ရဲ့ အရှက်နဲ့ သိက္ခာကိုတော့ ရှေ့က ကာကွယ်စောင့်ရှောက်ပေးမယ့်သူ မရှိခဲ့ပါဘူးဟာ"

"ဘယ်သူမပြု မိမိမှုပဲ မာလာတင်၊ ကိုယ့်ဘဝကို ကိုယ်တိုင် ဖန်တီးခွင့် ရှိတယ်၊ ရွေးချယ် ဆုံးဖြတ်တာမှန်ရင် စံရသလို မှားရင်လည်း ကိုယ်ပဲ ခံရမှာပဲ၊ ငါ နင့်အတွက် တကယ်ပဲ စိတ်မကောင်းပါဘူး"

ဟု ပြောကာ ပြန်လာခဲ့လေသည်။

မျက်ရည်ဖုံးသော မျက်လုံးများဖြင့် မိမိကို ကြည့်နေသည့် မာလာတင်၏ မျက်လုံးများနှင့် ရင်မဆိုင်လိုတော့ပေ။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က မာလာတင်နှင့် ပတ်သက်၍ သူ ခံစားခဲ့ရဖူးသည်။ ဘဝပျက်လုမတတ် ဖြစ်ခဲ့ရဖူးသည်။

ယခုအခါ ဘဝသစ် ထူထောင်ရန် အားယူ အစပျိုးနေသော အချိန်ရောက်မှ မာလာတင်ဘဝက ခြေချော်လက်ချော် ဖြစ်ခဲ့ရသည်။ မတတ်နိုင်တော့ပေ။

အသည်းနှလုံးတစ်ခုမှာ ဝေဒနာတစ်ခုအတွက် နှစ်ကြိမ် ခံစားမှု မပေးနိုင်တော့တာ နားလည် ခွင့်လွှတ်ပေးပါတော့ မာလာတင်ရယ်...။





အခန်း ( ၁၃ )

# နှန်းစဉ်ပတ္တမြား ဆိုတာ

နောက်တစ်နေ့တွင် နီမောင် ရှိရာသို့ အဘဦးမွန်ထော် ရောက်လာသည်။

"မင်းကလည်း မိန်းမရတော့မယ်ဆိုတာနဲ့ အလုပ်တွေ ကြိုးစားနေလိုက်တာ ငါ့ဆီတောင် မလာဘူး"

"မိုးမကျခင် အိမ်သစ်တစ်လုံးဆောက်ဖို့ စီစဉ်နေတာနဲ့ အဘဆီ မရောက်တာပါ၊ ဘာကိစ္စရှိလို့လဲ အဘတော်၊ ကျွန်တော့်ကို ဘာခိုင်းစရာ ရှိလို့လဲ"

"ခိုင်းစရာ မရှိပါဘူးကွာ၊ မင်းနဲ့အတူ ထော်ပိုင်ဘက် ထောလောက်သွားမလို့ လာခေါ်တာပါ"

"ဘယ်သူ့ဆီ သွားမှာလဲ အဘတော်"



www.burmeseclassic.com

www.burmeseclassic.com



"ထော်ပိုင်မှာ ငါ့မိတ်ဆွေ ဆေးဆရာကြီး ဦးဗန်ကောင်း ရှိတယ်၊ သူ့ဆီသွားပြီး တို့သိချင်တာတွေ မေးရရင် မကောင်းဘူးလား"

"ကောင်းတာပေါ့... အဘထော်ရဲ့"

ဟု ပြောကာ လှေကို ပြင်ပြီး ဦးမွန်ထော်နှင့်အတူ ထွက်လာလေသည်။

စက်စုနှင့် ထော်ပိုင်မှာ မဝေးလှပေ။

သူတို့ ရောက်သွားသောအချိန်တွင် ဦးဗန်ကောင်းမှာ အိမ်၌မရှိပေ။

အိမ်မှာ စောင့်နေသည့်လူက မိန်းမလှကျွန်းဘက် ဆေးကုဖို့သွားသည် ဆိုသောကြောင့် စောင့်ကြရလေသည်။ နေ့လယ်ဘက်ရောက်မှ ဦးဗန်ကောင်း ပြန်ရောက်လာသည်။

သူသည် အသက် ငါးဆယ်ကျော် အရွယ်ခန့်ရှိပြီး ခေါင်းတုံးကို ပြောင်အောင် တုံးထားလေသည်။

အညာဖျင် ရင်ဖုံးအကျီနှင့် ပုဆိုးကြမ်းကို ဝတ်ဆင်ထားသည်။

ဦးခေါင်းပေါ်မှာ ပဝါတစ်ထည်ကို ပတ်ထားပြီး ကြီးမား သော ဆေးလွယ်အိတ်ကြီးကို လွယ်ထားလေသည်။

"ဦးမွန်ထော်တို့ပါလား... ဘယ်တုန်းက ရောက်ကြသလဲဗျ"





"သိပ်မကြာသေးပါဘူးဗျာ"

"ကိစ္စအရေးကြီးလို့ လာကြတာလား"

"ဆေးကုဖို့ကိစ္စ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားဆီမှ သိချင်တာလေးတွေ မေးချင်လို့ လာကြတာပါ"

"ကိုင်း... ဒီလိုဆိုလည်း အေးအေးဆေးဆေးပေါ့၊ ကွမ်းစားဗျာ... ဆေးလိပ် သောက်ကြဗျာ၊ လက်ဖက်ရည်လည်း အရံသင့် ထည့်ထားပါတယ်၊ ကျုပ်မလည်း ဒီနယ်ဘက်ရောက်မှ ထူးထူးဆန်းဆန်းတွေချည်း ကြုံနေရတယ်ဗျာ"

ဟု အနားမှာ ဝင်ထိုင်ရင်း ဆေးလွယ်အိတ်ကြီးကို ချကာ ဦးခေါင်းမှာ ပတ်ထားသော ပဝါကိုဖြုတ်ပြီး နဖူးမှ ချွေးသီး ချွေးပေါက်များကို သုတ်နေလေသည်။

"ဆိုစမ်းပါဦးဗျ... ဘယ်လို ထူးထူးဆန်းဆန်းတွေ တွေ့ကြုံခဲ့ရလို့လဲ၊ ကျုပ်တို့က ထူးထူးဆန်းဆန်း အကြောင်း ဆိုရင် စိတ်ဝင်စားလို့ပါ"

ထိုအခါ ဦးဗန်ကောင်းက လက်ဖက်ရည်ကြမ်း တစ်ပန်းကန်ကို ငှဲ့သောက်ပြီး သူကြုံခဲ့ရသော အကြောင်းအရာကို ပြောပြလေသည်။

"ဒီလိုဗျ[illegible]ညတုန်းက အချိန်မတော်ကြီးကျမှ လူတစ်ယောက်က ဆေးဆရာ လာပင့်တယ်ဗျ၊ ကျုပ်လည်း မလိုက်ဘူးလို့ ငြင်းပါသေးတယ်၊ ဒါပေမယ့် သူက အ[illegible]ခေါ်တာနဲ့ သနားလို့ လိုက်သွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာကို လိုက်သွားရတာလဲ"

"မိန်းမလှကျွန်းပေါ်မှာရှိတဲ့ တဲတစ်လုံးကို လိုက်သွားရတာဗျ"

"ထင်းဖြတ်တဲ့ အလုပ်သမားတွေ ဖြစ်မှာပေါ့"

"ဟုတ်တယ်ဗျ... တဲမှာလည်း သားအဖ နှစ်ယောက်တည်း ရှိတယ်၊ သားဖြစ်သူက အတော်နေမကောင်း ဖြစ်နေလို့ အဖေ လုပ်တဲ့သူက ကျုပ်ကိုလာခေါ်တာ၊ ဒါနဲ့ ကျုပ်လည်း လူမမာကို ဆေးကုပေးရတယ်၊ ပြီးတော့ အဲဒီက ခေါ်တဲ့လူက ကျုပ်ကို လှေနဲ့ ဒီဘက်ကမ်း ပြန်ပို့ပေးခဲ့တယ်"

ထိုနေရာ ရောက်သည် အထိတော့ ဦးဗန်ကောင်း ပြောပြနေသော အကြောင်းများထဲမှာ ထူးဆန်းတာ မပါသေးပေ။

"အဲဒီညက သူက ပြောသေးတယ်၊ ဆရာကြီး ကျုပ်က ရွာကို ခဏပြန်စရာရှိလို့ မနက်လင်းရင် ဆရာကြီး တစ်ခေါက် လာကြည့်ပေးပါလို့ မှာသွားတာနဲ့ မနက် ကျုပ်လှေနဲ့ ကျုပ် ကူးသွားတာဗျ၊ ဟိုရောက်တော့ လူနာ သတိရနေပါပြီ၊ ဒါပေမယ့် ညက လာခေါ်တဲ့လူကို မတွေ့တာ မေးကြည့်တော့ သူ့အဖေကို မတွေ့တာ သုံး လေးရက် လောက်ရှိပြီလို့ ပြောတယ်"

"ဟင်...ညကလာခေါ်တာ သူ့အဖေ မဟုတ်ဘူးလား"





"အဖြစ်အပျက်က ဒီလိုဗျ၊ သူတို့သားအဖ သစ်ခုတ်နေရင်း သားဖြစ်သူက အတော်ကလေး နေမကောင်းဖြစ်တော့ သားကို တွဲချလာရင်းနဲ့ အဖေက မြွေကိုက်ခံလိုက်ရတယ်၊ သားကို တဲတစ်လုံးထဲ ရောက်အောင်ပို့ပေးပြီးတော့ သူက ကမ်းစပ်က သစ်ပင်အောက်လည်း ရောက်ရော သေသွားရှာတယ်"

"ဟင်...ဒါဖြင့် ညက ဆရာကြီးကို လာခေါ်တာက..."

"သားဖောကပ်နေတဲ့ အဖေရဲ့ဝိညာဉ်ပဲပေါ့၊ ဒါကြောင့် မိုးလင်းသွားတော့ လာခေါ်လို့ မရတော့တာပေါ့၊ အဲဒီ ဝိညာဉ်ကပဲ အမေနဲ့ ဆွေမျိုးတွေကို သွားခေါ်လိုက်သေးတယ်၊ ဒါကြောင့် လိုက်လာတော့ သူ့အလောင်းကို ကမ်းစပ်က လဗုပင်ကြီးအောက်မှာ တွေ့ကြရတယ်"

"အတော် ဆန်းကြယ်တာပဲ ဆရာကြီး"

"မိဘဆိုတာ သားသမီးတွေရဲ့အပေါ်မှာ ကွယ်လွန်ပြီးတဲ့နောက် ဝိညာဉ်ဘဝ ရောက်တဲ့အထိ သံယောဇဉ်မကုန်ဘဲ စောင့်ရှောက်ပေးလေ့ရှိကြတဲ့ သာဓက တစ်ခုပေါ့ဗျာ"

"စိတ်မကောင်းစရာပါပဲ ဆရာကြီးရယ်၊ ဆရာကြီးတို့ သူ့အလောင်းကို တွေ့တော့ ဘယ်လိုပုံစံနဲ့ တွေ့ကြတာလဲ ဟင်"

နီမောင်က စိတ်ဝင်တစား မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကမ်းစပ်မှာရှိတဲ့ လဗပင်နားမှာ သူတို့လှေ ရှိတယ်၊ အဲဒီလှေနားမှာ လဗပင်ကြီးကိုမှီပြီး ငုတ်တုတ်ထိုင်လျက်သား အတိုင်း မြစ်တစ်ဖက်ကမ်းကို ကြည့်နေရင်းတန်းလန်း သေသွားခဲ့တာဗျ။ သူ သေတော့မယ့်ဆဲဆဲမှာ ဆေးဆရာခေါ်ဖို့ စိတ်ရောက်ရင်းနဲ့ သေသွားတော့ သူ့ရဲ့ ဝိညာဉ်က ကျုပ်ဆီရောက်လာခဲ့တာပေါ့"

"သနားစရာလည်း ကောင်း...၊ အံ့ဩစရာလည်း ကောင်းပါပေတယ် ဆရာကြီးရယ်"

"ဒီလိုပေါ့လေ... လောကကြီးထဲမှာ သက်ရှိတွေရော၊ သက်မဲ့တွေရော ရှိနေကြတာဆိုတော့ ကိုယ့်ဉာဏ်တစ်ထွာ တစ်မိုက်နဲ့ လိုက်မမီနိုင်တဲ့ ဆန်းကြယ်တဲ့ အကြောင်းအရာတွေက အများကြီးရှိနေမှာပေါ့၊ လူတွေက သက်တမ်းအကန့်အသတ် ရှိပေမယ့် ဝိညာဉ်တွေကတော့ သက်တမ်း အကန့်အသတ် မရှိလေတော့ သူတို့က ပိုပြီးများတယ်၊ ဒါကြောင့် သူတို့နဲ့ပတ်သက်တဲ့ ဆန်းကြယ်မှုတွေလည်း အများကြီး ရှိနေမှာပါပဲ"

ဟု ဦးဗန်ကောင်းက ပြောပြသည်။

ထို့နောက် လက်ဖက်ရည်ကြမ်း သောက်ကြရင်းမှ ဦးမွန်ထော်က လာရင်းကိစ္စကို ပြောပြလေသည်။





"အခု ကျုပ်တို့ လာတာလည်း ဆရာကြီး ပြောတဲ့ ဝိညာဉ်တွေနဲ့များ ပတ်သက်နေရော့လား မပြောတတ်ပါဘူးဗျာ၊ အဲဒါလေးတွေနဲ့ ပတ်သက်တာတွေ သိချင်လို့ လာခဲ့ကြတာပါ"

"ကိုင်း... ပြောပြပါဦး"

ဦးဗန်ကောင်းက သောက်လက်စ လက်ဖက်ရည်ကြမ်းခွက်ကို ပြန်ချရင်း မေးလိုက်သောအခါ နီမောင်က ပါးဖြူမိကျောင်းကြီး ဖမ်းမိခဲ့ပုံကအစ ထူးခြား ဆန်းကြယ်သော အကြောင်းများ ဆက်တိုက် ကြုံတွေ့ရပုံများကို အစ,အဆုံး ပြောပြလိုက်လေသည်။

စကားဆုံးသောအခါ ဦးဗန်ကောင်းက...

"အင်း... မောင်ရင် ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကတော့ ပရလောကသားတွေနဲ့ ဆက်စပ် ပတ်သက်တဲ့ အကြောင်းတွေ ဆိုတာကတော့ သံသယရှိစရာ မလိုပါဘူး၊ ပရလောကသားတွေဟာ လူတွေဆီကို ချဉ်းကပ်တဲ့နေရာမှာ အကြောင်းအရာနှစ်မျိုးနဲ့ ချဉ်းကပ်လေ့ရှိကြတယ်၊ တစ်မျိုးက ခြောက်လှန့်ဖို့နဲ့ နောက်တစ်မျိုးက အကူအညီလိုလို့ ချဉ်းကပ်ကြလေ့ရှိတယ်၊ ကျန်တဲ့အချိန်ကတော့ လူတွေနဲ့ ဝေးဝေးနေလေ့ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခုလာတာ တခြား မဟုတ်ပါဘူး ဆရာကြီး။ ရေအောက်မှာ ကျွန်တော်တွေ့ခဲ့ရတဲ့ ပတ္တမြားကြီးနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို သိချင်လို့ပါ"

"ဒီလောက်ကြီးတဲ့ ပတ္တမြားမျိုး ဒီနေရာကို ရောက်နိုင်တဲ့ အကြောင်း တစ်ချက်ပဲ ရှိတယ်၊ သက္ကရာဇ် ၁၁၁၉-ခုနှစ် လောက်က ကျုံတုံးမြို့ကြီးပျက်တော့ မြို့စားကြီးဗညားဖေယျ နဲ့ နောက်လိုက်နောက်ပါတွေဟာ မိန်းမလှကျွန်းတစ်ဝိုက်ကို ရောက်လာခဲ့ကြတယ်၊ သူတို့နဲ့အတူ နန်းသုံး ရတနာတွေ အမြောက်အမြား ပါလာခဲ့ကြတယ်"

"ဟုတ်ကဲ့... ဆရာကြီး"

"အဲဒီရတနာတွေထဲက အချို့ကို ဘုရားတည်တဲ့အထဲ မှာ ဌာပနာ ထည့်ခဲ့တယ်၊ ကျုပ်ဖတ်ဖူးတဲ့ ပေစာမှတ်တမ်း တစ်ခုထဲမှာတော့ မြို့စားကြီး ဗညားဖေယျဟာ မိန်းမလှကျွန်း ပေါ်မှာ မျောက်တစ်ရာဘုရား တည်တော့ ဌာပနာထည့်ဖို့ ထားတဲ့ နန်းစဉ်ပတ္တမြားကြီး တစ်လုံးကို ငယ်ကျွန်တစ်ယောက် က လျှို့ဝှက်စွာယူပြီး ထွက်ပြေးသွားခဲ့တယ်"

"ဟင်..."

"အဲဒီလူက ဖောင်ဝင်မြစ် အရှေ့ဘက်ကမ်းကို ကူးပြေး ကြိုးစားရင်းနဲ့ ရေလယ်လောက် အရောက်မှာ မိကျောင်း အဆွဲခံရလို့ သေသွားခဲ့တယ်၊ သူယူသွားတဲ့ ပတ္တမြားကြီး





ကလည်း ရေအောက်ကို ရောက်သွားခဲ့တယ်လို့ တွေ့ရတယ်၊ ကျုပ်အထင် ပြောရရင်တော့ မောင်ရင် ရေအောက်မှာ တွေ့ခဲ့ရတဲ့ ပတ္တမြားကြီးက အဲဒီ နန်းစဉ်ပတ္တမြားကြီးပဲ ဖြစ်မယ် ထင်တယ်"

ထိုအခါ ဦးမွန်ထော်က ဝင်မေးသည်။

"ကျုပ် ကြားဖူးတာကတော့ အဲဒီလို ရှေးဟောင်း ပစ္စည်းတွေဟာ လူတွေကို ခိုက်တယ်လို့ ကြားဖူးတယ်၊ အဲဒါ ဟုတ်သလား ဆရာကြီး"

"အေးဗျ... ထင်ရှားတဲ့ ရတနာပစ္စည်းတွေမှာ သူတို့နဲ့ ပတ်သက်တဲ့ ကောင်းကျိုးတွေရှိသလို ဆိုးကျိုးတွေလည်း အများကြီး ရှိခဲ့ကြတယ်၊ ကမ္ဘာပေါ်မှာ အကြီးဆုံးစိန်ဖြစ်တဲ့ ကာလီနန် (Cullinan) စိန်ကို ၁၉၀၅-ခုနှစ်လောက်မှာ အာဖရိကတိုက် စိန်တွင်းက တူးဖော်ရခဲ့တာဗျ။ စိန်ရိုင်းအခ မှာတင် အလေးချိန်ကာရက် (၃၀၂၄)ရှိတယ်၊ နောက်တစ်ခုက ၁၈၅၀-ပြည့်နှစ်က အရှေ့အိန္ဒိယကုမ္ပဏီက ဝိတိုရိယဘုရင်မ ကြီးကို ဆက်သလိုက်တဲ့ ကိုဟိနူး (Kohi Noor) စိန်ကြီးနဲ့ ပြင်သစ်စစ်သား တစ်ဦးက အိန္ဒိယနိုင်ငံက ဘာသာရေး အတွက်ထားတဲ့ ရုပ်တုကြီးတစ်ခုက ဖြုတ်ယူခိုးခဲ့တဲ့ 'အာလော့' (Orloff) ဆိုတဲ့ စိန်ကြီးဟာ လက်ဝယ်ထားတဲ့ သူတိုင်း သေကျေ ပျက်စီးလောက်အောင် ဒုက္ခပေးတဲ့ ရတနာတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တ်ကဲ့"

"အာလော့ ဆိုတဲ့ စိန်ကြီးဆိုရင် ခိုးယူခဲ့တဲ့စစ်သား အသေဆိုးနဲ့ သေပြီး အခြားသူလက်ထဲ ရောက်သွားတယ်၊ ဒါပေမယ့် ဒီစိန်ကြီးရတဲ့သူတိုင်း အသေဆိုးနဲ့ သေကြတော့ 'မရိုထာစိန်ကြီး' လို့တောင် အမည်ပေးကြပြီး ဘယ်သူမှ လက်မခံဝံ့တော့တာနဲ့ နောက်ဆုံး သူ့နေရာရောက်အောင် ပြန်ပို့ပေးကြရတယ်လို့ မှတ်သားဖူးတယ်"

"အတော်ဆန်းကြယ်တာပဲ"

"ကျုပ်တို့ မြန်မာနိုင်ငံမှာလည်း အဲဒီလို ထင်ရှားတဲ့ ရတနာပစ္စည်းတွေ အများကြီးရှိပါတယ်၊ ဥပမာတစ်ခု ပြောရရင် သီပေါမင်း ပါတော်မူစဉ်က အင်္ဂလိပ်စစ်ဗိုလ် စလေဒင် ယူသွားတဲ့ ငမောက်ပတ္တမြား (ပတ္တမြားငမောက်)ဟာ ရတီ (၉၀) လောက်ရှိပြီး ကွမ်းသီးလုံး အရွယ်လောက်ရှိတယ်"

"အကြီးကြီးပါလား"

"ဟုတ်တယ်... ပတ္တမြားငမောက်နဲ့ ပတ်သက်တဲ့ အကြောင်းကို (၂၃–၁၀–၁၃၃၂)ရက်နေ့ထုတ် သူရိယ ရုပ်စုံ သတင်းစာမှာ မြန်မာမင်းတို့ အဆက်ဆက် အသုံးပြုခဲ့တဲ့ ငမောက်ပတ္တမြား ကျောက်ထွက်ရာအရပ်မှာ သလ္လာဝတီမြစ် အနောက်ဘက် ကန္တီတောင်လက် (ယခု–ယင်းမာပင်နယ်) မောင်သံရက်ရွာကလို့ ဆိုတယ်"

**ရွှေသမင်စာပေ**



ဟု အစ,ချီကာ ပတ္တမြားငမောက် အကြောင်းကို ပြောပြလေသည်။

တစ်ခုသောနေ့ပုဒ်၌ တောင်သူလယ်သမား နှစ်ယောက် ရှိကြသည်။ လင်အမည်မှာ ငမောက်၊ မယား အမည်မှာ မယ်နုဟု ခေါ်သည်။

ဇနီးမောင်နှံ လယ်သမားနှစ်ယောက်တို့သည် မိုးကျ၍ လယ်ထွန်သောအခါ အရောင်အဆင်းနှင့် ပြည့်စုံသော ကျောက်တုံးကြီး တစ်တုံးကို ထွန်ခြစ်မိသဖြင့် ထွန်လမ်းကြောင်း ဖြောင့်အောင် တူးယူသောအခါ အချိန် သုံးပိဿာလောက် အလေးချိန်ရှိသည့် ကျောက်တုံးကြီး တစ်တုံးကို ရကြလေသည်။

ထိုကျောက်တုံးကြီးကို စပါးခနောက် ပြုလုပ်ရန်အတွက် တဲသို့ယူသွားရာ ညအခါ၌ အရောင်အဆင်းများ လွန်စွာ တောက်ပ,လှသောကြောင့် အသုံးမပြုဝံ့ဘဲ ထားလေသည်။

ညအချိန် ထမင်းစားသောအခါ မီးထွန်းစရာမလိုဘဲ ထိုကျောက်တုံးကြီးကို ထမင်းခုံနံဘေး ချထားပါက အလင်းရောင်များ တောက်ပနေသဖြင့် ကောင်းစွာ မြင်ရလေသည်။

လယ်ထဲသို့သွားလျှင် ထိုကျောက်တုံးကြီးကို သိမ်းဆည်းခြင်းမပြုဘဲ ထမင်းစားပွဲနံဘေး၌ ဒီအတိုင်းထားခဲ့ကြလေသည်။

**ရွှေသမင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ ထိုအကြောင်းကို ဘုရင့်ရွှေနားတော် ပေါက်ကြားသဖြင့် မင်းခစားတို့အား ထိုရွာသို့ လွှတ်လိုက်လေသည်။

တောင်သူကြီး ငမောက်က ထိုအကြောင်းကို ကြိုတင်ကြားသဖြင့် ၎င်း၌ရှိသော မားသွေးကျောက်အကောင်းများကို ဘုရင်သိမ်းယူမည်စိုး၍ မြေကြီးထဲ၌ မြှုပ်နှံထားပြီး မားသွေးကျောက် အညံ့များကိုသာ ထားလေသည်။ အလင်းရောင်ထွက်သော ကျောက်တုံးကြီးကိုတော့ ကိုင်းတောစပ်၌ ဒီအတိုင်း ပစ်ချထားလေသည်။

မင်းခစားတို့ ရောက်လာပြီး ကျောက်အကြောင်းကို မေးသောအခါ...

"ငါ့မှာ ကျောက်အကောင်းဆိုလို့ ဒီမားသွေးကျောက်တွေသာ ရှိသည်"

ဟု ပြောသဖြင့် မိန်းမဖြစ်သူက စိတ်မရှည်တော့ဘဲ...

"ကျုပ်တို့မှာ ရှိသမျှ ကျောက်တုံးကတော့ဖြင့် အဲဒါအကုန်ပဲ၊ နောက်ထပ်လိုချင်သေးတယ် ဆိုရင်တော့ လယ်ထဲက ရလာတဲ့ မီးစုန်းကျောက်တုံးကြီး တစ်တုံးတော့ ရှိတယ်၊ ဟောဟို ကိုင်းတောထဲမှာ ပစ်ထားတယ်"

ဟု ပြောသဖြင့် မင်းခစားများမှာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြကာ ကိုင်းတောထဲသို့ သွားကြည့်သောအခါ ပတ္တမြားကြီးကို တွေ့ရလေသည်။





"ကိုင်း... မောင်မင်းကိုယ်တိုင် ဒီကျောက်တုံးကြီးကို သယ်မပြီး နန်းတော်ကိုလိုက်ခဲ့ရမယ်၊ ဟိုရောက်ရင် မောင်မင်းကိုယ်တိုင် ရှင်ဘုရင်ကို ဆက်သပေတော့"

ဟု ခေါ်သွားသဖြင့် ငမောက်လည်း မလိုက်ချင် လိုက်ချင်နှင့် လိုက်သွားရလေတော့သည်။

နန်းတော်သို့ ငမောက်နှင့်တကွ ကျောက်တုံးကြီး ရောက်လာလေသော် ဘုရင်မင်းမြတ်က အားရဝမ်းသာဖြစ်တော်မူသည်နှင့်...

"ကဲ... မောင်မင်း... အလိုရှိရာကိုသာ သံတော်ဦးတင်လော့"

ဟု အလိုရှိရာ မေးမြန်းသောအခါ ငမောက်က ရွာကျောင်းစရာ စားကျက်မြေ မရှိပါသဖြင့် စားကျက်မြေတစ်ခု ပေးသနားပါရန် လျှောက်ထားသဖြင့် ဘုရင်မင်းမြတ်က ငမောက်နေရာမှ အရှေ့ခရီးနှစ်တိုင်၊ အနောက်ခရီးနှစ်တိုင်၊ တောင်ခရီးနှစ်တိုင်၊ မြောက်ခရီးနှစ်တိုင် အတွင်းရှိ မြေကို ငမောက်စားကျက်မြေအဖြစ် ယူစေဟု ပေးသနားတော်မူ၏။

ထိုကျောက်ကြီးကိုလည်း ငမောက် ဆက်သသောကျောက် ဖြစ်သောကြောင့် 'ပတ္တမြားငမောက်'ဟု အမည်တွင်ခဲ့လေသည်။

ထို့ပြင်...



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းဘုရင် လက်ထက်တွင် မင်းကြီးဦးကောင်းက အင်္ဂလန်ပြည် ဘုရင်မထံသို့ မိုးကုတ်မှ ကျောက်တွင်းများကို သူ့သဘောအလျောက် ရောင်းချခဲ့ရာ အင်္ဂလန်မှ စာချုပ်ချုပ်ဆိုရန် အဝယ်တော်များ ရောက်သောအခါ အခက်တွေ့ရလေသည်။

ထိုအခါ စကြာဒေဝီ မိဘုရားကြီးက အကြံပေးသဖြင့် ရာထူးမှချ၍ အမရပူရသို့ ပို့ထားသော ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ကို ပြန်ခေါ်ရလေသည်။

ယောအတွင်းဝန် ဦးဘိုးလှိုင်က နန်းစဉ် ပတ္တမြား မောက် ကျောက်ရတနာကြီးတစ်လုံး၊ လော်ကားတော်နှင့် ဆက်သော ကျောက်လတ်ရတနာ တစ်လုံး၊ ရွှေထီးမိုး၍ ဆက်သထားသော ကျောက်ငယ်ရတနာ တစ်လုံးတို့ကို ယူဆောင်ပြီး အဝယ်တော် သံတမန်များကို လက်ခံ တွေ့ဆုံလေသည်။

ထိုနေရာသို့ တရုတ် ရာဖြတ်များကိုလည်း ခေါ်ထားလေသည်။

မိုးကုတ် ကျောက်တွင်းများ ဈေးမဖြတ်မီ ထိုနေရာ ထွက်သော ပတ္တမြား ကျောက်သုံးလုံးကို အရင် ဈေးဖြတ်ကြစေသည်။

ထို့နောက်...





နန်းစဉ်ကျောက် အငယ်ဆုံးကို ဝါဂွမ်းတစ်ပိဿာပေါ် တင်လိုက်ရာ ကျောက်အရောင်များက ဝါဂွမ်းတစ်ပိဿာကို ထွင်းဖောက်ကာ အောက်သို့ ယိုကျနေသဖြင့် တရုတ်ရာဖြတ်များကို ဈေးဖြတ်စေရာ 'တစ်တိုင်းပြည် တန်ပါကြောင်း' ဈေးဖြတ်ကြသည်။

နောက်ထပ်တစ်ဖန် ကျောက်လတ်ကို ဝါဂွမ်းသုံးပိဿာနှင့် ထုပ်ထားသော်လည်း အရောင်များ အပြင်သို့ ထွက်နေပြန်သဖြင့် တရုတ် ရာဖြတ်များအား ဈေးဖြတ်စေပြန်ရာ "သုံးပြည်ထောင် တန်ပါကြောင်း' လျှောက်ထားကြသည်။

နောက်ဆုံး နန်းစဉ်ပတ္တမြား မောက်ကြီးကို ဝါဂွမ်း ခုနစ်ပိဿာနှင့် ထုပ်စေသော်လည်း ကလာပ်ဝဲယာသို့ အရောင်များ ဖြာကျလာလေရာ တရုတ်ရာဖြတ်များကို ဈေးဖြတ်စေရာ 'ခုနစ်ပြည်ထောင် တန်ပါသည်' ဟု လျှောက်ကြလေသည်။

ထိုအခါ ယောအတွင်းဝန် ဦးဘိုးလှိုင်က...

"ကိုင်း... မိုးကုတ်ကျောက်တွင်းတွေကို အသာထားဦးတော့၊ ဒီကျောက်သုံးလုံးကို အရင်ဝယ်ကြပါ"

ဟု ပြောရာ အဝယ်တော် သံတမန်များက...

"ဒီလောက်တန်ဖိုးများတဲ့ ကျောက်တွင်းကို မဝယ်နိုင်ပါ"

ဟု ဆိုကာ ပြန်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပတ္တမြားမျောက်က ညမှောင်နေတဲ့အချိန် အဆောင်ထဲက ကလာဝ်ပေါ်တင်ထားရင် အဆောင်တော်ထဲမှာ မီးထွန်းစရာမလိုတဲ့ လင်းထိန်နေတာဆိုတော့ အခု မင်း ရေအောက်မှာတွေ့ခဲ့တဲ့ ပတ္တမြားကြီးကလည်း နန်းစဉ်ပတ္တမြားကြီးဆိုတော့ အရောင်အဆင်းတွေ ထူးထူးခြားခြား တောက်ပနေတာ ဖြစ်မှာပေါ့"

ဟု ဆရာကြီး ဦးဗန်ကောင်းက ပြောပြသည်။

"ပတ္တမြားက ရေအောက်မှာရှိနေတာ၊ အလင်းရောင်က အပေါ်ကို ဒီအတိုင်းရောက်အောင် ပျံ့နှံ့နိုင်သလား ဆရာကြီး"

"ရေဆိုတာ အလင်းရောင် ပျံ့နှံ့စေတဲ့သဘော ရှိတာပဲ၊ အလင်းရောင်မပြန့်နိုင်တဲ့ ဓါတ်မှန်စစ်ပိသာကို ပေါက်အောင် အရောင်ထွက်နိုင်တဲ့ ပတ္တမြားမျောက်ကိုသာ ဒီလို ရေအောက်မှာ ချထားရင် ဖောင်ဝင်မြစ်ရိုး တစ်ခုလုံးတောင် နီရဲသွားမှာပေါ့။ ကြေးမင်းကို အရှေ့သမုဒ္ဒရာမှ နတ်တို့ယူဆောင်လာပြီး ဆက်သတဲ့ မထီဖောတဆိုတဲ့ ပတ္တမြားရဲ့အရောင်ဟာ မဟာသမုဒ္ဒရာတစ်ခုလုံးကို ပျံ့နှံ့စေရဲ့ မကဘူး။ ကောင်းကင်ကို ပျံ့စေနိုင်တဲ့ တန်ခိုးသိဒ္ဓိပါ ပြည့်စုံတယ်"

ဟု ဦးဗန်ကောင်းက ပြောပြလေသည်။

ကျောက်မျက် ရတနာများမှာ အသုံးပြုခြင်းသာမက အဆောင်အဖြစ်ပါ ထားကြရာ 'အသုံးအဆောင်'ဟု ခေါ်ဝေါ်ခဲ့ကြသည်။





ကျောက်မျက်ရတနာနှင့် ပတ်သက်၍ မိမိမွေးနံ့အလိုက် ဝတ်ဆင်ကြပုံမှာ...

တနင်္ဂနွေ သားသမီးအတွက် ကျောက်နီပတ္တမြား၊

တနင်္လာ သားသမီးအတွက် ပုလဲ၊

အင်္ဂါ သားသမီးအတွက် သန္တာ၊

ဗုဒ္ဓဟူး သားသမီးအတွက် မြ၊

ကြာသပတေး သားသမီးအတွက် ဥဿဖယား၊

သောကြာ သားသမီးအတွက် စိန်၊

စနေ သားသမီးအတွက် နီလာ၊

ရာဟု(ဗုဒ္ဓဟူးညနေပိုင်း)သားသမီးအတွက် ဂေါ်မုတ်၊

ကိတ်သားသမီးအတွက် ကြောင်

အစရှိသော ရတနာများကို ဝတ်ဆင်ပါက ဘုန်းကျက်သရေ တိုးတက်စေနိုင်ပါသည်။

အချို့ကလည်း မိမိမွေးလအလိုက် အဆောင်ရတနာများ ဝတ်ဆင်ကြလေသည်။

ဇန်နဝါရီလ မွေးသူအတွက် အနီရင့် မီးကျောက်၊

ဖေဖော်ဝါရီလ မွေးသူအတွက် ခရမ်းရောင် ဂေါ်မုတ်ကျောက်၊

မတ်လ မွေးသူအတွက် ပင်လယ်စိမ်းရောင် ကျောက်၊



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ မွေးသူအတွက် နီလာဖြူ၊

မေလ မွေးသူအတွက် နီလာအစိမ်းနု၊

ဇွန်လ မွေးသူအတွက် ခရမ်းရောင် ကူနွှနီလာကျောက်၊

ဇူလိုင်လ မွေးသူအတွက် ပတ္တမြားနီ၊

ဩဂုတ်လ မွေးသူအတွက် ပြောင်ခေါင်းစိမ်း၊

စက်တင်ဘာလ မွေးသူအတွက် အပြာရင့်ရောင် နီလာကျောက်၊

အောက်တိုဘာလ မွေးသူအတွက် ပန်းရောင် ရွှဲကျောက်၊

နိုဝင်ဘာလ မွေးသူအတွက် ရွှေရောင် ထပ်တစ်ရာ ကျောက်၊

ဒီဇင်ဘာလ မွေးသူအတွက် မဟူရာကျောက်

စသည်တို့ ဖြစ်ကြလေသည်။

ဦးမွန်ထော်နှင့် နီမောင်တို့လည်း ဆရာကြီး ဦးဗန်ကောင်း ထံမှ ကျောက်နှင့်ပတ်သက်သော အကြောင်းများကို သိသင့်သလောက် သိခဲ့ကြရပြီမို့ ပြန်ခဲ့ကြလေသည်။





## အခန်း ( ၁၄ )

# ငါးမန်းဝဲ အန္တရာယ်

ငမန်းဝဲ၏ အထက်နား ချောက်ကမ်းပါး အစပ်တွင် စပါး တစ်ရာခန့်ပါ ဘောက်တူတစ်စင်း ဆိုက်ကပ်ထားလေသည်။

ဘောက်တူပေါ်မှာတော့ သူကြီး ဦးကျော်ဖလှ အပါအဝင် လူအတော်များများ လိုက်ပါလာကြသည်။

အမှန်တော့ ဒီခရီးစဉ်ကို သွားဖို့ တိုက်တွန်းသူမှာ အခြားမဟုတ်ပေ။

မိကျောင်းအဝယ်တော် ဦးလူရွှေပင် ဖြစ်၏။

ဦးလူရွှေက စက်စုရွာသို့ ရောက်လာခြင်းမှာ ရည်ရွယ်ချက် နှစ်မျိုးဖြင့် ရောက်လာခြင်း ဖြစ်၏။

ပထမရည်ရွယ်ချက်က နီမောင်တို့ ဖမ်းမိထားသော ပါးဖြူမိကျောင်းကြီးကို ဝယ်ဖို့ရန်အတွက် ဖြစ်ပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်က ရေအောက်မှ ပတ္တမြားကြီးကို မရ ရအောင် ငုပ်ယူရန်အတွက် ဖြစ်သည်။

မိန်းမလှကျွန်း တစ်ပိုက်တွင် ပတ္တမြားကြီးတစ်လုံး ရေအောက်၌ နစ်မြုပ်နေသောသတင်းကို မိကျောင်းဖမ်းသမား များထံမှ ကြားသိရကတည်းက ဦးလူရွှေက စိတ်ဝင်စားခဲ့လေသည်။

သို့ကြောင့် မိမိ့လူများကိုလွှတ်၍ အကြိမ်ကြိမ်စုံစမ်း စေသော်လည်း သဲလွန်စ တစ်စုံတစ်ရာ မရခဲ့ပေ။

စက်ရုရွှာ ရောက်လာတော့မှ ထိုနေရာတစ်ပိုက်တွင် ထူးထူးဆန်းဆန်း တွေ့ကြုံခဲ့ရသူများကို ခေါ်ပြီး ထပ်မံစုံစမ်း တော့မှ သိချင်တာများကို ထပ်မံသိရလေသည်။

ထိုလူများမှာ အခြားမဟုတ်ဘဲ ငါးငုပ်ရင်း ရေအောက်မှ အနီရောင် အလင်းတန်းများကို တွေ့ခဲ့ဖူးသော ဦးဘဖုန်း သူ၏ သားနှစ်ယောက်တို့ပင် ဖြစ်၏။

သူတို့ကို ခေါ်မေးတော့...

"ဟုတ်တယ်... ကျုပ်တို့ ပင်လယ်ငါးရှာ သွားငုပ်တုန်းက အဲဒီရေအောက်က အနီရောင် အလင်းတန်းတွေ ဖြာထက် လာတာ တွေ့ခဲ့ရတယ်၊ ဒါ့အပြင် ဘာကောင်ကြီးလဲ မသိဘူး ရေသတ္တဝါကြီးတစ်ကောင် ဖြတ်သွားတာကိုလည်း တွေ့လိုက် ရသေးတယ်"





ဟု ကျော်လှက ပြောပြသည်။

ထိုအခါ ဦးကျော်ဖလှက...

"အခု မင်းတို့ကို ခေါ်တာ တခြားမဟုတ်ဘူး၊ အဲဒီ နေရာကို တစ်ခေါက် ပြန်သွားမလို့၊ အဲဒါ မင်းတို့သားအဖ သုံးယောက် လိုက်နိုင်မလား"

ဟု မေးသည်။

"ဘယ်သူ့တွေ ပါဦးမလဲ"

"ရေငုပ်ဖို့ကတော့ မင်းတို့ပဲ ရှိတာ၊ ထွန်းစိန်လည်း ပါမှာပေါ့"

"နီမောင် မပါဘူးလား"

"သူ့ကို သွားခေါ်သေးတယ်၊ ဘယ်လိုနည်းနဲ့ ခေါ် လို့မှ မလိုက်ဘူး၊ သူ မပါတော့ စောထီးနဲ့ ငမဲအောင်တို့က လည်း လိုက်ကြမှာ မဟုတ်ဘူး"

"အဲဒီနေရာတွေမှာ ရေငုပ်ဖို့ ဆိုရင်တော့ သူပါရင် ပိုကောင်းတာပေါ့၊ ဒါပေမယ့် သူ မလိုက်တော့လည်း ကျွန်တော် တို့ လိုက်ငုပ်ပေးပါ့မယ်"

"နီမောင်က ဘယ်ခေါ်လို့ရမလဲ သူကြီးရဲ့၊ ဟိုလောက မိကျောင်းသားရဲတွင်း တစ်ခုထဲက လက်ဝတ်ရတနာတွေ ရထားလိုက်တော့ အသက်ဘေးနီးတဲ့ အလုပ်တွေ ဘယ်လုပ် တော့မှာလဲ၊ အဲဒီတုန်းက ကိုထွန်းစိန်လည်း ပါတယ်မဟုတ် လား၊ ခင်ဗျားကျတော့ ဝေစု မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်မြက မေးသည်။

"တော်ပါတော့ကွာ... ဒီအကြောင်းပြောရင် စိတ်ညစ်နာ လွန်းလို့ပါ၊ ဒီကောင့်ကိုတော့ ငါ့စိတ်ထဲက သိပ်မကျေနပ်လှဘူး"

ကိုထွန်းစိန်က အံတစ်ချက်ကြိတ်ကာ ပြောလေသည်။

သူတို့တစ်တွေသည် ဘောက်တူကို ကမ်းဆိပ်၌ကပ်ကာ ရေစက်ချိန်ကို စောင့်နေကြရင်း စကားပြောနေကြခြင်း ဖြစ်သည်။

နေ့လယ်ဘက်အချိန်ရောက်တော့ မြစ်ရေက စက်ကျသွားပြီး နေရောင်ခြည်က တဖြည်းဖြည်း မြင့်တက်လာချေပြီ။

ရေစစ်သောအခါ ရေအောက်ဆင်းရန် ပြင်ကြလေသည်။

"အရင်တစ်ပတ်က ရေအောက်က အနီရောင်တွေ တွေ့ကြတာ ဒီနေရာ မဟုတ်လား"

"သေချာပါတယ်... ကျုပ် သေသေချာချာကို မှတ်ထားခဲ့တာ၊ ဒီဆိပ်ကမ်းမှ ဒီဆိပ်ကမ်း နေရာပါပဲ"

"ကိုင်း... ဒီလိုဆိုရင် ရေစစ်ပြီ၊ ဆင်းကြစို့"

ရေအောက်သို့ဆင်းရန် ကိုထွန်းစိန်က ခေါင်းဆောင်ပြီး ကျော်လှ၊ ကျော်မြနှင့် အခြားရေငုပ်သမား နှစ်ယောက်တို့ ပါကြရာ စုစုပေါင်း ငါးယောက် ဖြစ်သည်။

ရေအောက်ဆင်းကာနီးတော့ ဦးဘဖဲက ထုံးစံအတိုင်း တင်မြှောက် ပသမှုများ ပြုလုပ်သည်။





ပြီးသောအခါ ငါးယောက်သား ရေအောက်သို့ ဆင်းသွားကြလေသည်။ ရေအောက် ရှုခင်းများကတော့ ခါတိုင်းကဲ့သို့ ကြည်လင် တောက်ပနေရာ ရေအောက်မှ မြင်ကွင်းများကို အတိုင်းသား မြင်ကြရလေသည်။

ရေငုပ်သမားများသည် တစ်ဦးနှင့်တစ်ဦး မနီးမဝေး နေရာယူကာ တစ်ပြိုင်နက်တည်း ဆင်းသွားကြပြီး ရေအောက်သို့ ရောက်သောအခါ သူတို့တွေ့လိုသော အရာကို နေရာအနှံ့ လိုက်လံ ရှာဖွေကြလေသည်။

သို့သော်လည်း ဘယ်နေရာမှ ရှာမတွေ့သောကြောင့် ရေပြင်ပေါ်သို့ တစ်ကြိမ်၊ နှစ်ကြိမ် ပြန်တက်ကာ အကျိုးအကြောင်း ပြန်ပြောရသေးသည်။

ထိုအချိန်တွင် ရေအောက် လိုဏ်ခေါင်း တစ်ခုထဲမှ မည်းမည်းသတ္တဝါကြီး တစ်ကောင် တိုးထွက်လာသည်ကို လှမ်းမြင်လိုက်ရသဖြင့် ရေငုပ်သမားများမှာ ကျောက်တုံး ကျောက်ဆောင်များအကွယ်သို့ ကပ်နေကြရလေသည်။

ထွက်လာသော သတ္တဝါကြီးမှာ ရေသတ္တဝါကြီး တစ်ကောင် ဖြစ်မှန်းလောက်သာ ခန့်မှန်းမိကြသော်လည်း အနည်းငယ် ဝေးနေသောကြောင့် ဘယ်လိုသတ္တဝါမျိုး ဖြစ်မည်ကိုတော့ သဲသဲကွဲကွဲ မမြင်လိုက်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ရေသတ္တဝါကြီး အဝေးရောက်သွားမှ ပုန်းကွယ်နေရာမှ ထွက်ကာ လိုက်လံ ရှာဖွေကြပြန်လေသည်။

ထိုသို့ ရှာနေရင်းမှ ကျောက်တုံး နှစ်တုံးကြားတွင် ညပ်နေသော ကမာကောင်ကြီးကို တွေ့သွားကြလေသည်။

ထိုအခါ ဝမ်းသာအားရနှင့် အနားကပ်သွားပြီး ထိုကမာကောင်ကြီးကို ကျောက်တုံးကြားမှ ဆွဲထုတ်ယူရန် ကြိုးစားကြတော့သည်။

သို့သော် ကမာကောင်ကြီးမှာ နှစ်ပေါင်းများစွာကတည်းက ကျောက်တုံးကြားတွင် ရောက်နေပြီး ဂျင်းမှိုများက ကျောက်သားကဲ့သို့ စွဲကပ်နေပြီဖြစ်သောကြောင့် ဘယ်လိုနည်းနှင့်မှ ထုတ်မရတော့ပေ။

ငါးယောက်သား စုကိုင်ပြီး ပြိုင်တူဆွဲထုတ်ရာ ရေညှိများနှင့် ချော်ထွက်သွားပြီးနောက် လွတ်ထွက်သွားကြရာ ဓားသွားချွန်များသဖွယ် ချွန်ထက်နေသော ဂျင်းမှိုများက သူတို့၏ ရေနွေးနေသည့် လက်များကို ဓားနှင့် ခွဲသလို ခွဲထုတ်လိုက်တော့သည်။

ထိုအခါ သွေးများက ရေအောက်၌ ပျံ့နှံ့သွားတော့သည်။ ထိုအခိုက်မှာပင် ရေမျက်နှာပြင်ပေါ်မှ ရေလှိုင်းခတ်သံများ ပေါ်ထွက်လာပြီး ခဏကြာတော့ ရေအောက်သို့ မည်းမည်းလုံးလုံး သတ္တဝါနက်တစ်ခု ကျလာသည်။





ထိုသတ္တဝါနက်က သူတို့ရှိနေသောနေရာနှင့် မလှမ်းမကမ်းသို့ ကျလာရာ နောက်ဘက်မှ သွေးတန်းများကလည်း ပါလာလေသည်။

မြေပြင်ပေါ်သို့ ကျလာသဖြင့် အနီးသို့ သွားကြည့်သော အခါ လူဦးခေါင်းပြတ်တစ်ခု ဖြစ်နေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့ကြရလေသည်။

မဝေးမနှောင်းမှာပင် ရေမျက်နှာပြင် အပေါ်ဘက်မှ မည်းမည်းသတ္တဝါနက်တစ်ခု သွားလာ လှုပ်ရှားနေသည်ကို လှမ်းမြင်ရသည်။

ထိုသတ္တဝါနက်မှာ အခြားမဟုတ်ဘဲ မိကျောင်းကြီး တစ်ကောင်က လူတစ်ယောက်ကို ခါးလည်မှ ကိုက်ကာ ဟိုမှသည်မှ ကူးခတ်နေခြင်းပင် ဖြစ်၏။

ထိုအဖြစ်အပျက်၏ အမှန်မှာ ကိုထွန်းစိန်တို့ ငါးယောက် ရေအောက်သို့ ဆင်းသွားပြီး သိပ်မကြာခင်မှာ ရေအောက်မှ မိကျောင်းကြီးတစ်ကောင် တက်လာ[illegible]ဘက် တူကို ရေအောက်မှ ဝင်ကျ[illegible]လာတော့သည်။

မိကျောင်းကြီးမှာ အ[illegible]စား ကြီးလှပြီး ဘောက်တူကို လှေဝမ်းဗိုက်အောက်မှ ထမ်းလှောင်ခြင်း၊ နှ[illegible] ခြင်းဖြစ်အောင် တရကြမ်း တိုက်ခိုက်လေရာ [illegible]ဦးတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော လူနှစ်ယောက် ရေထဲသို့ ပြုတ်ကျလေတော့သည်။

ထိုသို့ ကျသည်နှင့် မိကျောင်းကြီးက ပြေးဟပ်လိုက်ရာ လူတစ်ယောက်ကို ကိုက်မိသွားပြီး ဦးခေါင်းပြတ်က ရေအောက်သို့ ကျသွားလေတော့သည်။

မိကျောင်းကြီးက ကိုက်မိသွားသောလူကို ရေအောက်သို့ ဆွဲချသွားပြီး ဟိုဟိုဒီဒီ ကူးခတ်နေရာ သွေးများက တတန်းတန်းနှင့် ထွက်နေလေတော့သည်။

ကိုထွန်းစိန်တို့မှာ ရေပေါ်သို့ ခေတ္တပြန်တက်ရန် အချိန်ရောက်နေပြီ ဖြစ်သော်လည်း အပေါ်မှ မိကျောင်းကြီး ရှိနေသေးသောကြောင့် မတက်ဝံ့ကြသေးပေ။

ထိုအချိန်တွင် ရေစစ်ချိန် ရောက်သွားပြီဖြစ်သောကြောင့် ရေဆွဲ တန့်သွားလေသည်။

သွေးညှီနံ့များကတော့ ပတ်ဝန်းကျင်တစ်ခုလုံး ပျံ့နှံ့နေချေပြီ။ ထိုသွေးနံ့များက ရေစီးနှင့်အတူ အောက်သို့မျောပါသွားရာ ငမန်းဝဲသို့ ရောက်သွားပြီး ငါးမန်းများ ဆန်တက်လာလေတော့သည်။

ငါးမန်းများ ရောက်လာသောအခါ စောစောက ကူးခတ်နေသော မိကျောင်းကြီးမှာ သားရဲတွင်း တစ်ခုအတွင်းသို့ ပြန်ဝင်သွားလေတော့သည်။





ငါးမန်းများမှာ သွေးညှီနံ့ ရနေပြီ ဖြစ်သောကြောင့် တွေ့သမျှ မည်းမည်းမြင်ရာ လိုက်ကိုက်နေသောကြောင့် ရေအောက်တွင် ဆက်မနေဝံ့ကြတော့ဘဲ ဘေးလွတ်ရာသို့ တက်ပြေးကြရတော့သည်။

ငါးမန်းဆိုသော သတ္တဝါမှာ အမြင်အာရုံ မကောင်းလှသော်လည်း အသံအာရုံနှင့် အနံ့အာရုံခံရာတွင် အခြားသတ္တဝါများထက် ပိုမိုကောင်းမွန်လှသောကြောင့် သွေးညှီနံ့ရပါက အဝေးကြီးမှ ရောက်လာနိုင်သလို မျက်စိထဲမှာ လှုပ်ရှားမှုတစ်ခု ဒါမှမဟုတ် ရေလှိုင်း လှုပ်ခတ်သံကို ကြားပါကလည်း မည်းမည်းမြင်ရာကို ပြေးကိုက်လေ့ ရှိသည်။

ငါးမန်း၏ သွားများမှာ ချွန်ထက်လှသောကြောင့် လူမဆိုထားနှင့် သစ်သားလို မာကျောလှသည့် အရာများပင် တီခနဲ ပြတ်ပါသွားနိုင်လေသည်။

ကိုထွန်းစိန်တို့ တစ်တွေမှာ ငါးမန်းများ ရောက်လာမှန်း သိကြသည်နှင့် ရေအောက်၌ ဆက်မနေဝံ့ကြတော့သဖြင့် ဘေးလွတ်ရာသို့ တက်ပြေးကြရာ ထိုအခါမှပင် ငါးမန်းများ၏ တိုက်ခိုက်ခြင်းကို ခံကြရလေတော့သည်။

ငါးမန်းတို့မှာ မည်းမည်းမြင်သမျှ လိုက်ကိုက်ကြလေရာ ရေအောက်မှ တက်ပြေးသော လူငါးယောက်အနက်



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းစိန် တစ်ယောက်သာ လှေပေါ် ပြန်တက်နိုင်ပြီး ကျန် လေးယောက်ကတော့ ဇရေအောက်မှ ပြန်မတက်လာ နိုင်ကြတော့ပေ။

ရေပြင်ပေါ်မှာတော့ သွေးမွှက်လှိုင်းကယက်များ ထ,နေလေတော့သည်။





အခန်း ( ၁၅ )

## အမှောင်ထဲမှ ဧည့်သည်များ

ထိုနေ့ ညဦးပိုင်းအချိန်တွင် နီမောင်ထံသို့ အဘ ဦးမွန်ထော်၊ ဦးဘိုးမြနှင့် မြလေးခင်တို့ ရောက်လာကြသည်။ နီမောင်နှင့် ၎င်း၏မိဘများက ကွမ်း၊ ဆေး၊ လက်ဖက်ဖြင့် ဧည့်ခံရင်း လာသည့်ကိစ္စကို မေးမြန်းရသည်။

"နီမောင်... နေ့လယ်တုန်းက သူကြီးဦးကျော်ဖလှတို့ တစ်တွေ သောက်တူတစ်စင်းနဲ့ မြန်းဝဲဘက် သွားကြတယ်ကွ"

ဟု အဘ ဦးမွန်ထော်က ပြောသည်။

"သူကြီးကိုယ်တိုင် ဘာသွားလုပ်တာလဲ အဘရဲ့၊ ငါးဖမ်းသွားတာတော့ ဟုတ်မယ် မထင်ဘူး"

"ဘယ်က ငါးဖမ်းသွားရမှာလဲကွ၊ လောဘဇောတက်ပြီး ရေအောက်က ပတ္တမြားကြီးကို သွားရှာကြတာလေး၊ အခု သူတို့ဆီရောက်နေတဲ့ မိကျောင်းဝယ်တဲ့ လူတွေလည်း ပါသွား



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ ထွန်းစိန်ကတော့ ရေအောက်ဆင်းမယ့် လူတွေကို ခေါင်းဆောင်ပေါ့"

"ဒီလူ ဘာတွေ လျှောက်လုပ်နေတယ် မသိပါဘူး။ ကာတိ သစ္စာမတည်လို့လည်း ရိုးသားရွှေတွေကနေ ကြေးတွေ လည်း ဖြစ်ခဲ့ပြီးပြီ"

"ငါ သတင်းကြားတာက ထွန်းစိန်က အဲဒီကိစ္စကို သိပ်ပြီးမကျေနပ်ဘူးလို့ ပြောနေတယ်၊ မင်းတို့ကျတော့ ရွှေ တွေယူပြီး သူ့ကျတော့ သုံးမရတဲ့ ကြေးပစ္စည်းတွေ ခွဲပေး တယ်လို့ ရွာထဲမှာ သတင်းလွှင့်နေတယ်"

"မဟုတ်ပါဘူး အဘရယ်၊ အဲဒီတုန်းက အဘလည်း ပါတာပဲ၊ အားလုံး ကျေကျေနပ်နပ် ခွဲဝေယူခဲ့ကြတာ အဘ လည်း အသိပဲ၊ သူ့စေတနာ သူပြန်ပြီး အကျိုးပေးတော့မှာပဲ"

"အခုပဲ ဒုက္ခတွေ့နေကြပြီလေ၊ နေ့ခင်းက သွားကြတာ လူလေးယောက်လား၊ ငါးယောက် ဆိုလား ငါးမန်းဆွဲလို့ သေကျန်နေခဲ့တယ်လို့ ပြောသံကြားတယ်"

"ဟင်…"

ထိုစကားကြောင့် နီမောင်မှာ မျက်လုံး ပြူးသွားလေ သည်။

"ဒီလူတွေရဲ့ လောဘကြောင့် အပြစ်မရှိတဲ့ လူတွေ အသက်ဆုံးရှုံးကြတော့မှာပဲ"

ရွှေသမင်စာပေ



"ဒီရေအောက်က ပတ္တမြားကြီး ကိစ္စက လူအတော် များများ သိကြပြီဆိုတော့ နောက်လူတွေကလည်း လောဘ စိတ်ကြောင့် ဆင်းမရှာဘူးလို့ မပြောနိုင်ဘူး"

"ဆင်းရှာရင်တော့ ဒုက္ခတွေ့မှာ သေချာတယ်"

"အဲဒါတွေကို သိကြမှာ မဟုတ်ဘူး။ လောဘစိတ်နဲ့ လိုချင်တာပဲ သိကြမှာ၊ ဒီတော့ ငါ တစ်ခုတော့ အကြံပေး ချင်တယ်"

"ဘယ်လိုလဲ အဘ"

"တို့ အဲဒီပတ္တမြားကြီးကိုယူပြီး ဘေးလွတ်တဲ့တစ်နေရာ ကို ရွှေ့ထားလိုက်ရင် မကောင်းပေဘူးလား။ ပတ္တမြားကြီး မရှိတော့ဘူး ဆိုရင် သူတို့လည်း ဆင်းရှာကြတော့မယ် မထင်ဘူး"

ထိုစကား ကြားသောအခါ နီမောင်က အတန်ကြာ အောင် စဉ်းစားနေလေသည်။

"ဒီကိစ္စက ကျွန်တော့်သဘောနဲ့ လုပ်လို့ မဖြစ်ဘူး အဘ၊ ကာယကံရှင်တွေရဲ့ ဆန္ဒကလည်း ရှိသေးတယ်၊ သူတို့က တစ်ခုခုပြောမှ လုပ်ပေးတာ ပိုကောင်းမယ်ထင်တယ်"

"အဲဒါက မင်းနဲ့ သက်ဆိုင်တာဆိုတော့ မင်းပဲ လုပ်ရ မှာပဲ၊ ငါတို့ နောက်တစ်ခုလည်း သတင်းသန့်သန့်ကြားရ သေးတယ်"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာများပါလိမ့်"

"သူကြီးက အဲဒီကိစ္စလုပ်ပေးဖို့ သူ့သမီး မာလာတင်ကို နှိုင်းမယ်ဆိုလားပဲ၊ မင်း သူတို့နဲ့ မပတ်သက်ရင်တော့ ပိုကောင်းမယ်ဆိုတာ ပြောချင်လို့ လာခဲ့တာကွ"

"စိတ်ချပါ အဘရယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော့်ကို ဘယ်သူနှိုင်းလို့မှ လုပ်မပေးပါဘူး"

ထိုသို့ ပြောသည့်တိုင် မြလေးခင်၏ မျက်နှာပေါ်မှာ စိုးရိမ်ပူပန်မှုကလေးများက ပေါ်နေဆဲပင်။

"သူတို့က လောဘ တက်နေကြတာဆိုတော့ ဘာမဆို လုပ်ကြမယ့်လူတွေ၊ အဲဒါကို ကျုပ်သမီးလေးကလည်း စိုးရိမ်နေရှာတယ်"

ဟု ဦးဘိုးမြက အရိုးခံအတိုင်း ဝင်ပြောသည်။

"စိတ်မပူပါနဲ့ဗျာ... ကျုပ်သား မှားရင်တောင်မှ ကျုပ်တို့ မိဘတွေက ထိန်းကျောင်းပေးပါ့မယ်၊ မိန်းကလေးဘက်က မျက်နှာ မပျက်စေရပါဘူး"

နီမောင့်ဖခင် ဦးဘရှိန်ကလည်း ဤသို့ ဝင်ပြောပြလေသည်။

ထို့နောက် လူကြီးများက လက်ဖက်ရည်ကြမ်း သောက်ရင်း အခြားအကြောင်းများ ပြောဆိုနေကြစဉ် နီမောင်က မြလေးခင်ကို အပြင်ဘက်သို့ ခေါ်လာခဲ့သည်။





ခြံစည်းရိုး အစပ်နားမှာ မရမ်းပင်ကြီး တစ်ပင်ရှိပြီး ထိုမရမ်းပင်အောက်တွင် ခုံတန်းလျားတစ်ခုရှိရာ ထိုခုံတန်းလျားပေါ်တွင် ထိုင်လိုက်ကြသည်။

"ကဲ... မြလေး... ဘယ်လိုသောကတွေ ရောက်ပြီး မျက်နှာ မသာမယာ ဖြစ်နေရတာလဲ၊ ပြောပါဦး"

"ဘယ်လိုသောက ရောက်ရမလဲ... အဲဒီဘက်က သတင်းတွေ ကြားနေတော့ ဘယ်လို စိတ်ဖြောင့်နိုင်ပါ့မလဲ၊ တော်ကြာ..."

"ဘာလဲ... ငါ့ကို စိတ်မချဖြစ်နေတာလား။ တို့တစ်တွေက ပစ္စည်းဥစ္စာ ချို့တဲ့ကြပေမယ့် သစ္စာ တရားကိုတော့ တန်ဖိုးထားတတ်ကြပါတယ်၊ ဘယ်လိုအနှောင့်အယှက်တွေ ရှိလို့မှ ငါ နင့်အပေါ်မှာ သစ္စာမပျက်ဘူး"

"နင့်ကိုတော့ ယုံကြည်ပါတယ် နီမောင်ရယ်၊ ဒါပေမယ့် ကံကြမ္မာဆိုတာ ပြောလို့မရတော့ မတော်လို့ ကြားထဲက အနှောင့်အယှက်တွေကြောင့် တစ်ခုခုဖြစ်သွားရင် ငါ ရင်ကျိုး ရမှာပဲ"

နီမောင်က ဘေးချင်း ယှဉ်ထိုင်နေရာမှ မြလေးခင် ပခုံးလေးကို ဖက်ကာ ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ရာ မြလေးခင် ကလည်း အလိုက်သင့်ကလေးပင် ရင်ခွင်ထဲသို့ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ယုံပါ မြလေးရယ်၊ ငါ နင့်ကို တကယ်ချစ်တာပါ။ ဘယ်လိုအကြောင်း ရှိလို့မှ နင်နဲ့ ငါနဲ့ မဝေးစေရပါဘူး။ မကြာခင်မှာ တို့နှစ်ယောက် လက်ထပ်ပြီး အတူနေကြရတော့မှာပါ"

ထိုသို့ပြောပြီး ချစ်သူ့ပါးပြင်ကို ညင်သာစွာ နမ်းလိုက်လေသည်။

"ဒါထက်... နင် မေန်းဝဲနားက နေရာကို တစ်ခေါက် ပြန်ဆင်းကြဦးမှာလားဟင်"

"ဟုတ်တယ် မြလေး...ဒီပတ္တမြားကြီး အဲဒီမှာရှိနေရင် လူတွေက ဆင်းယူချင်ကြမယ်၊ ဆင်းယူတာနဲ့ အန္တရာယ်တွေနဲ့ တိုးပြီး အသက်ဆုံးရှုံးကြရမယ်၊ ဒါကြောင့် ဒီပတ္တမြားကြီးကို ယူပြီး လုံခြုံတဲ့နေရာကို ပို့ထားမယ်လို့တော့ စိတ်ကူးတာပဲ"

"လုပ်တာတော့လုပ်ပေါ့ ကိုမောင်ရယ်၊ ကိုယ့်အတွက် အန္တရာယ် မဖြစ်အောင်တော့ ဂရုစိုက်ပါနော်"

"စိတ်ချပါဗျာ... စိတ်ချပါ၊ ဘယ်လိုအန္တရာယ်မျိုးနဲ့မှ မကြုံတွေ့ရအောင် ဂရုစိုက်ပါ့မယ်၊ ကဲ...ကျေနပ်ပြီ မဟုတ်လား"

မြလေးခင်က ပြုံး၍ ခေါင်းညိတ်ပြလိုက်ရာ နီမောင်က ချစ်သူ၏ ကိုယ်ကလေးကို ခပ်တင်းတင်း ဖက်ထားလိုက်လေသည်။





ထိုအချိန်မှာ ခြံစည်းရိုး အပြင်ဘက် အမှောင်ရိပ်မှ ဖြတ်လျှောက်သွားသော လူတစ်ယောက်က မရမ်းပင်အောက်မှ စကားသံများ ကြားရသဖြင့် နားစွင့်ကြည့်ရာ 'ပတ္တမြားကြီး' ဟူသော စကား ပါလာသောကြောင့် ရှေ့ဆက်မသွားသေးဘဲ အမှောင်ရိပ်မှ ရပ်ကာ နားစွင့်ကြည့်နေသည်။

သူသိချင်သော စကားများ သိရသောအခါမှ ထိုနေရာမှ ပြန်ထွက်သွားသည်ကိုတော့ နီမောင်တို့ မသိလိုက်ပေ။

ထိုညက မြလေးခင်တို့ ပြန်သွားပြီးနောက်ပိုင်း နီမောင်မှာ အတွေးကောင်းနေသောကြောင့် တော်တော်နှင့် အိပ်မပျော်နိုင်အောင် ရှိနေသည်။

ညဉ့်နက်ပိုင်းရောက်၍ အိပ်ပျော်ရန် ကြိုးစားနေစဉ်မှာ အပြင်ဘက်မှ ခွေးဟောင်သံများ ကြားရပြီး မရှေးမနှောင်း မှာပင် မိမိအမည်ကို ခေါ်နေသံ သဲ့သဲ့ကို ကြားရလေသည်။

"မောင်ရင်လေး... မောင်ရင်လေး"

"ဟင်..."

အသံကို မှတ်မိနေသောကြောင့် ခေါင်းထောင်ထ လိုက်သည်။

"မောင်ရင်လေး... ကျုပ်တို့ ရောက်လာပြီကွယ့်၊ အပြင်ဘက်ကို လာခဲ့ပါ"

"ဒါ... ဒါ... အရင်တစ်ခါ ငါ့ဆီလာတဲ့ ဦးကြီးတွေရဲ့ အသံပဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် နေရာမှ ကပျာကယာ ထကာ အိမ်အပြင်ဘက်သို့ ထွက်လာခဲ့သည်။

အပြင်ဘက်ရောက်တော့ အိမ်ရှေ့ မရမ်းပင်အောက်၌ လူသုံးယောက် ရပ်နေသည်ကို လှမ်းမြင်ရသည်။

သူထင်သည့် အတိုင်းပင်။ ဝာစ်ခါကလာသော လူကြီးနှစ်ယောက်နှင့် မိန်းမရွယ်တစ်ယောက်တို့ပင် ဖြစ်၏။

ငင်းတို့သည် ယခင်တစ်ခေါက် လာစဉ်က ဝတ်ဆင်လာသော အဝတ်အစားများကိုပင် ဝတ်ထားကြလေသည်။

"မောင်ရင်လေး လွှတ်ပေးခဲ့တဲ့ ပါးကွက်က အခုရေအောက်က ပတ္တမြားကြီးရဲ့ အနီးဝန်းကျင်မှာ ပြန်ရောက်နေပြီလေ၊ တလောက ပတ္တမြားကို ရှာဖို့လာတဲ့ လောဘသားတွေတောင် အချို့ သူ့လက်ချက်နဲ့ သေတဲ့လူ သေကြသေးတယ်၊ ဒါထက် ကျုပ်တို့ ပြောတဲ့အတိုင်း သားရဲတွင်းထဲက လက်ဝတ်ရတနာတွေရတော့ အဆင်ပြေရဲ့ မဟုတ်လား"

"ကျွန်တော်တို့ကတော့ အဆင်ပြေပါတယ်၊ ဒါပေမယ့် တစ်ယောက်ကတော့ သူရတဲ့ လက်ဝတ် ရတနာတွေက အားလုံး ကြေးတွေ ဖြစ်သွားကြတယ်၊ အဲဒါ ဘာကြောင့်လဲ ဦးကြီး"

"ဒါက သူ့လောဘနဲ့ ကတိသစ္စာ ပျက်တဲ့အတွက် ရွှေကနေ ကြေးဖြစ်သွားတာပါ၊ သူ မရှိတော့တဲ့အခါကျရင်တော့ ကြေးကနေ ရွှေပြန်ဖြစ်ရင် ဖြစ်မှာပေါ့ကွယ်"





ထိုစကားကြောင့် နီမောင့်စိတ်ထဲ၌ စိမ့်ခနဲ ဖြစ်သွားမိလေသည်။

"ဒါထက်... ဦးကြီးတို့ အခု ဘာကိစ္စရှိလို့ လာကြတာလဲဟင်"

"ထုံးစံအတိုင်းပေါ့ကွယ်... မောင်ရင်လေးနဲ့ ကျုပ်တို့ တစ်ခေါ့နဲ့က ဘဝဆက်၊ ပဋ္ဌာန်းဆက်တွေ ဖြစ်နေကြပြီဆိုတော့ ကျုပ်တို့အတွက် အကူအညီလိုရင် မောင်ရင်လေးဆီကိုပဲ အခုလို လာပြောရတော့တာပဲ"

"ပြောပါ... ဦးကြီး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"အရင်ကတော့ ရေအောက်မှာ ရှိနေတဲ့ ပတ္တမြားကြီးအတွက် စိတ်အချရဆုံးလို့ ထင်ခဲ့မိတယ်၊ ဒါကြောင့်လည်း နှစ်ပေါင်းများစွာ ရှိနေခဲ့တာပေါ့၊ အခုတော့ လောဘသားတွေက အဲဒီနေရာကို သိသွားကြပြီး၊ ဒါပေမယ့် သူတို့ယူလို့တော့ လုံးဝ မရပါဘူး၊ ယူဖို့ကြိုးစားတဲ့ လူတွေသာ အသက်ဆုံးရှုံးမှုတွေ ဖြစ်ကြမှာပါ၊ ဒါပေမယ့် ကြာကြာထားရင် လူတွေ သေကျေ ပျက်စီးမှု ပိုများလာလိမ့်မယ်၊ ဒါကြောင့် နေရာရွှေ့ရတော့မယ်"

"ဘယ်နေရာကို ရွှေ့မှာလဲ ဦးကြီး"

"အဲဒီအတွက်ပဲ မောင်ရင်လေးဆီကို လာတာပါ၊ မင်းက ရေအောက်က ပတ္တမြားကြီးကို ယူပြီးတော့ မျှော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာချောင်းဖျားကို သွားပါ၊ အဲဒီနေရာရောက်ရင် ကျောက်သားတွေနဲ့ ထုလုပ်ထားတဲ့ မျောက်အကောင်ရေ တစ်ရာကို တွေ့ရလိမ့်မယ်၊ အဲဒီမျောက်ရုပ်တွေထဲက အကောင်တစ်ရာမြောက် အရုပ်ကြီးရဲ့ လက်ထဲကို အဲဒီပတ္တမြားကြီး ထည့်ပေးပြီးရင် မောင်ရင်လေးရဲ့ တာဝန် ကျေပါပြီ”

“ကောင်းပါပြီ... ဆောင်ရွက်ပေးပါ့မယ်”

“ဒီတစ်ခေါက် ရေအောက်ဆင်းတဲ့အခါ အန္တရာယ်တွေနဲ့ ကြုံရလိမ့်မယ်၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ မောင်ရင့်ကြောင့် အသက်ရှင်ခွင့်ရတဲ့ ပါးဖြူမိကျောင်းကြီးက မောင်ရင့်ကို အန္တရာယ်ကြားက ကယ်တင်ပေးပါလိမ့်မယ်၊ ကိုင်း... ကျုပ်တို့ သွားတော့မယ်”

ဟု ပြောဆို နှုတ်ဆက်ကာ ခြံဝင်း အပြင်ဘက်သို့ ပြန်ထွက်သွားကြလေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင်...။

ညဦးပိုင်းက နီမောင်တို့ စကားပြောနေသည်ကို အမှောင်ထဲမှ ချောင်းမြောင်း နားထောင်သွားသောသူသည် အတော်ညဉ့်နက်မှ အရက်ပိုင်းမှ ထပြန်လာခဲ့ရာ နီမောင်တို့ ခြံနားရောက်တော့ ရှေးခေတ် အဝတ်အစားများနှင့် လူသုံးယောက်တို့ ထွက်သွားသည်ကို လှမ်းမြင်လိုက်သောအခါ ဇဝေဇဝါနှင့် မျက်လုံး ပြူးသွားလေတော့သည်။





အခန်း ( ၁၆ )

## မစ္ဆရိယ ဝဋ်ကြွေး

ရေအောက်သို့ ဆင်းကြသည်မှာ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ဖြစ်ပြီး လှေပေါ်မှာတော့ တစ်ယောက်မှ မကျန်ခဲ့ပေ။ သူတို့လှေကို ကမ်းစပ် ဈေးခြေထောက်ကိုင်း တစ်ခုတွင် ချည်ထားခဲ့လေသည်။

ယခင်တစ်ခေါက်က ပတ္တမြားကြီးကို ငုံထားသည့် ကမာကောင်ကြီး ရှိသောနေရာကို ကောင်းစွာ မှတ်မိနေသောကြောင့် အခက်အခဲမရှိ ဆင်းလာနိုင်ကြပေသည်။

သူတို့သုံးယောက် ရေအောက်သို့ ဆင်းသွားပြီး အတန်ကြာသောအခါ ကမ်းစပ်ချိုက်တောထဲမှ လှေတစ်စင်း တိုးထွက်လာသည်။ လှေပေါ်မှာ ကိုထွန်းစိန်နှင့် လူနှစ်ယောက်တို့ ပါလာကြသည်။

ကိုထွန်းစိန်က...



www.burmeseclassic.com

www.burmeseclassic.com



“လှေ…မင်း ညတုန်းက သူတို့ပြောတာတွေ ကြားခဲ့ရတာ သေချာတယ် မဟုတ်လား”

“သေချာပါတယ် အစ်ကိုထွန်းစိန်ရ၊ သူတို့ ပတ္တမြားကြီးကို ရရင် တစ်နေရာယူသွားပြီး ဝှက်ထားကြဖို့ တိုင်ပင်နေတာကို ကျွန်တော့်နားနဲ့ သေသေချာချာ ကြားခဲ့ရတာပါ”

“ဒါထက်… နေပါဦး။ မင်း ညက အရက်ဆိုင်က ပြန်လာတော့ နီမောင့်ခြံဝင်းထဲက လူသုံးယောက် ပြန်ထွက်သွားတာကို မြင်လိုက်တယ် ဆိုတော့ ဘယ်ကလူတွေလဲ”

“ကျွန်တော်လည်း အဲဒီလူတွေကို တစ်ခါမှ မမြင်ဖူးဘူး။ ဒီအနီးအနား ရွာတွေကလည်း မဟုတ်ဘူး။ သူတို့ကြည့်ရတာ ဓာတ်ထဲကလူတွေလိုလို… ဘာလိုလိုနဲ့ဗျ”

“အံ့ဩစရာပဲဟေ့… ဒီကောင် ဘယ်လို လူတွေနဲ့ ဆက်သွယ်ပြီး ဘာတွေလုပ်နေတယ်မသိဘူး။ မိကျောင်းကြီး ဖမ်းမိပြီးမှ ပြန်လွှတ်ပေးရတယ်၊ သူတို့ကျတော့ ရွှေတွေ ငွေတွေ ရကြတယ်၊ ငါ့ကျတော့ ဘာမှမရဘူး”

“အဲဒါ နီမောင် သက်သက် လူလည်လုပ်တာနေမှာပေါ့ အစ်ကိုထွန်းစိန်ရ”

“ဒါကြောင့် ဒီကောင်တွေကို မှတ်လောက်သားလောက်အောင် ဆုံးမ မလို့ လာစောင့်နေတာ၊ သူတို့ ရေအောက် ဆင်းသွားကြပြီ မဟုတ်လား”





“ဆင်းသွားကြပြီ”

“ဒီလိုဆိုရင် လုပ်ငန်း စလိုက်ကြရအောင်”

ဟု ပြောကာ လှေကို ရေစီးကြောင်းထဲသို့ လှော်ထုတ်လာပြီး လှေပေါ်မှာ အသင့်ယူဆောင်လာသော သွေးရည်များကို ရေထဲသို့ သွန်ချကြလေသည်။

ထိုသွေးရည်များမှာ နွားဖျက်ရာတွင် ထွက်လာသော သွေးများကို ခံယူလာပြီး အရိုး၊ အရွတ်၊ အသားစများကိုပါ ယူလာပြီးနောက် ရေထဲသို့ အနံ့အပြား လိုက်လံ ပက်ဖျန်းကြလေတော့သည်။

သွေးညှီရည်နှင့် အသား အပိုင်းအစများက ရေစီးအတိုင်း ငမန်းဝဲဘက်သို့ မျောပါသွားကြလေတော့သည်။

ထိုအခြေအနေကိုတော့ ရေအောက်၌ ရောက်နေကြသည့် နီမောင်တို့ တစ်တွေက မသိကြသေးပေ။

၎င်းတို့သည် ကမာကောင်ကြီး ရှိသောနေရာကို လိုက်လံရှာဖွေကြသော်လည်း ရေအောက် မြင်ကွင်းများက တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသောကြောင့် ရုတ်တရက် ရှာမတွေ့ဘဲ ရှိနေလေသည်။

ထိုအချိန်တွင် နီမောင့်စိတ်ထဲမှာ သွေးညှီနံ့များ ရနေသည်ဟု ထင်လိုက်မိသည်။ စောထီးနှင့် ငမဲအောင်တို့များ တစ်ခုခုဖြစ်လေသလားဟု စိုးရိမ်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့နှစ်ယောက်ကလည်း သူနှင့် မလှမ်းမကမ်းမှာ ပုံမှန်အတိုင်း ကူးခတ်သွားလာနေကြသည်ကို မြင်နေရသည်။

ထိုအခိုက်မှာပင် ငှင်းတို့အပေါ် ရေပြင်တစ်ပိုက်မှာ ဟဲခနဲ ဟဲခနဲ ကူးတက်လာသော ငါးမန်းများ၏ ဝမ်းဗိုက်ဖြူဖြူတို့ကို လှမ်းမြင်ကြရသည်။

ခါတိုင်းဆိုလျှင် ပေမန်းဝဲမှ ငါးမန်းများက ရေအောက်ရှိ ပတ္တမြားကြီးမှ အရောင်လက်လာသောအခါ အနီရောင်များ ပျံ့နှံ့လာသောအခါမှသာ ဝဲမှတက်လာကြသော်လည်း ယခုအဘယ်ကြောင့် အုပ်စုလိုက် တက်လာကြတာပါလိမ့်ဟု တွေးလိုက်မိသည်။

ဘယ်လို အခြေအနေပဲဖြစ်ဖြစ်...။

ယခုကဲ့သို့ ငါးမန်းများ ရောက်လာသောကြောင့် သူတို့အနေနှင့် ရေအောက်၌ လှုပ်ရှားဖို့ အခွင့်မသာတော့ပေ။

ရေအောက်မှာ လှုပ်လိုက်သည်နှင့် အနီးရောက်နေသည့် ငါးမန်းက ပြေးကိုက်မည်မှာ သေချာလှသည်။

သို့ကြောင့် သတိနှင့် ငြိမ်သက်နေရသည်။

သို့သော်လည်း ကြာရှည်တော့ နေလို့မရပေ။

ငှင်းတို့တွင် အသက်ရှူကိရိယာ တစ်စုံတစ်ရာ မပါဘဲနှင့် အလွတ်ငုပ်ကြရတာ ဖြစ်သောကြောင့် ရေအောက်၌ အချိန်အကြာကြီးတော့ နေလို့မရပေ။





အလေ့အကျင့် ရှိကြသူများမို့ ရေအောက်၌ သက်ပြန့်သဘောမျိုး အသက် ရှူနိုင်သော်လည်း အဆုတ်တွင်းမှ လေကုန်သည့် အထိတော့ နေလို့မရပေ။ ထိုအချိန်မှာပင် အပေါ်မှ နေရောင်ခြည်က ဖြာဆင်းကျလာသည်။

ရေပြင်ကို ဖြတ်ဆင်းလာသော အလင်းရောင်ကြောင့် အပေါ်မှ ကူးခတ်သွားလာနေသည့် ငါးမန်းများကို အတိုင်းသား မြင်နေရသည်။

သူတို့ ကံကောင်းနေသောအချက်မှာ ငါးမန်းများက ရေအောက် ရေနက်ပိုင်းသို့ ဆင်းမလာကြဘဲ သွေးညှီနံ့ရသော ရေအပေါ်ယံပိုင်းလောက်မှာသာ ကူးခတ်သွားလာနေကြလေသည်။

သို့ကြောင့်...

ရေအောက် ကြမ်းပြင်ကို ရှပ်ကူး၍ ပတ္တမြားကြီးကို ငုံထားသော ကမာကောင်ကြီးကို လိုက်လံရှာဖွေကြလေသည်။

ထိုအခိုက်မှာပင် နီမောင် လှုပ်ရှားမှုကို မြင်သွားဟန်ရှိသော ငါးမန်းကြီးတစ်ကောင်က နောက်မှ ရောက်လာပြီး ပြေးဟပ်လေသည်။

နောက်ဘက်မှ ရိပ်ခနဲ တက်လာသော မည်းမည်းသဏ္ဌာန်ကို မြင်လိုက်သဖြင့် မြမှာဝဝ်ကာ လိမ့်ရှောင်းပြေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိသိကလေး လွတ်သွားသော ငါးမန်း၏ကိုယ်လုံးကြီးက ရေငုပ်သင်္ဘောကြီး တစ်စင်းပမာ သူ့အပေါ်မှ ကျော်ထွက်သွားသည်။

ကိုယ်လုံးက လွတ်သွားသော်လည်း အမြီး၏ ရိုက်ခတ်မှုကို မလွတ်မလပ် ခံလိုက်ရသေးသည်။

ခါတိုင်း ဆိုလျှင်တော့ ယခုလို အခြေအနေမျိုးကို လက်လွှတ်ပေးမည် မဟုတ်ပေ။

မိမိအပေါ်မှ ကျော်ထွက်သွားသော ဝမ်းဗိုက်ဖြူဖြူကြီးကို မားထက်ထက်ဖြင့် ထိုးခွဲပစ်လိုက်မှာ အမှန်ပင်။

ထိုသို့ ခွဲလိုက်မှ ဒဏ်ရာရသွားသော ငါးမန်းနောက်ကို ကျန်ငါးမန်းများက လိုက်ပြီး ဝိုင်းအုံ ကိုက်ခဲနေကြချိန်တွင် မိမိအတွက် ထွက်ပေါက် ရသွားနိုင်သည်။

ယခုတော့ ဒီလိုလုပ်လို့ မရသေးပေ။

ငါးမန်းက လူနှံ့ ရသွားဟန်ဖြင့် အတော်ဝေးဝေး ရောက်သွားပြီးမှ တစ်ကျော့ ပြန်ကွေ့လာသည်။

ထိုအခိုက် ချောက်ကမ်းပါးနံရံရှိ အပေါက်တစ်ခုအတွင်းမှ ဝေါခနဲ ထွက်လာသော သတ္တဝါတစ်ကောင်က ငါးမန်းကို ခါးလယ်မှ ဖြတ်ကိုက်ကာ ဆွဲယူသွားသည်။

သွေးညှီနံ့ကြောင့် ထိုနေရာသို့ အခြား ငါးမန်းများ ချက်ချင်း ရောက်လာကြသည်။





နီမောင်တို့လည်း အခွင့်အရေး ရသည့်အခိုက် နေရာအနှံ့အပြား လိုက်လံရှာဖွေနေစဉ် သူတို့ ရောက်နေသော နေရာနှင့် မနီးမဝေးနေရာမှ အနီရောင် အလင်းတန်းများ ထွက်နေသည်ကို လှမ်းမြင်လိုက်ရသည်။

သို့ကြောင့်. . .

သုံးယောက်သား တစ်ဦးနှင့်တစ်ဦး လက်ဟန်ခြေဟန်ဖြင့် အချက်ပြလိုက်ကြကာ ထိုနေရာသို့ ကူးလာကြသည်။

အနီးရောက်သောအခါ ကျောက်တုံးနှစ်ခုကြားမှ ကမာကောင်ကြီးက အခွံနှစ်ချပ်ကို ဟထား၍ အတွင်းမှ ပတ္တမြားလုံးကို မြင်ရလေသည်။

ပတ္တမြားလုံးမှာ ကမာကောင်၏ အခွံများဖြင့် ဖုံးထားသည့်ကြားမှ ထိုသို့ အနီရောင်များ ထွက်နေခြင်း ဖြစ်၏။

အနီရောင်များ ထွက်လာသောကြောင့် ငါးမန်းများကလည်း ထိုနေရာသို့ ရောက်လာကြသည်။

ထိုအချိန်မှာပင် အလွန်ကြီးသော မိကျောင်းကြီးတစ်ကောင်က ငါးမန်းများကို လိုက်လံ ကိုက်သတ်နေသည်ကိုလည်း တအံ့တသြ မြင်နေရသည်။

ဘာပဲပြောပြော ယခုကဲ့သို့ မိကျောင်းကြီး ရောက်လာသောကြောင့် သူတို့သုံးယောက် သက်သာရာ ရနေခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

ဟနေသော ကမာကောင်၏ အခွံနှစ်ချပ်ကို ဓားထိုးနှင့် ငမဲအောင်တို့က တစ်ဖက်စီ ဆွဲထားပြီး နီမောင်က အတွင်းမှ ပတ္တမြားလုံးကို ဓားဖြင့် ကော်ယူလိုက်သည်။

သူ့လက်ထဲ ရောက်လာပြီး အိတ်အတွင်း ထည့်လိုက်တော့မှ အနီရောင်များက ပျောက်သွားလေတော့သည်။

ပတ္တမြားကြီး ရပြီးသည်နှင့် သုံးယောက်သား ရေပေါ်သို့ ပြန်တက်လာကြသည်။

သူတို့ ရေပြင်ပေါ်သို့ ပြန်ရောက်သောအခါ လှေထားခဲ့သောနေရာနှင့် အတော်ဝေးသော နေရာ ဖြစ်နေသည်။

ရေပြင် တစ်နေရာမှာတော့ အခြားလှေတစ်စင်းကို လှမ်းမြင်ရသည်။

"ဟိုမှာ... ဘယ်သူ့လှေလဲ"

"မသိဘူးလေ"

"ကိုထွန်းစိန်လှေ မဟုတ်လား။ သူတို့ ဘာလုပ်နေကြတာလဲ"

သူတို့ကိုမြင်တော့ ကိုထွန်းစိန်တို့ လှေက သူတို့ရှိရာဘက်သို့ လှော်လာကြသည်။

"သတိထားကြ... သူတို့ကြည့်ရတာ အခြေအနေ ရိုးပုံမရဘူး"





လှော်လာသောလှေက သူတို့နှင့် မလှမ်းမကမ်း ရောက်လာသည်။ ကိုထွန်းစိန်လက်ထဲမှာ ဓားရှည်တစ်လက် ကိုင်ထားသည်။

ထိုအခိုက်မှာပင် ရေအောက်မှ 'ဝုန်း'ခနဲ မြည်သံကြီး တစ်ချက် ပေါ်လာပြီးနောက် လှေက အပေါ်သို့ မြောက်တက်သွားလေသည်။

ရေပေါ်သို့ပြန်ကျတော့ ခါးလယ်က ကျိုးပြီး ရေအောက်သို့ နစ်မြုပ်သွားသည်။

လှေပေါ်မှာက သွေးထည့်သောပုံးနှင့် အသားစများ ထည့်ထားသည့်ပုံးများ ပါသည်။

မြစ်ရေပေါ်သို့ သွေးပုံးများ သွန်ချလိုက်သကဲ့သို့ ချက်ချင်း ပျံ့နှံ့သွားသလို ငါးမန်းများကလည်း ချက်ချင်း ရောက်လာကြလေတော့သည်။

သွေးကွက်များ၊ သွေးညှီနံ့များကြားမှာ ကူးခတ်နေသော လူသုံးယောက်တို့မှာ ငါးမန်းအုပ်အတွင်းသို့ ရောက်သွားကြလေတော့သည်။

"အား..."

"ကယ်ကြပါဦးဗျ..."



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အော်သံများ ပေါ်လာသော်လည်း ခဏချင်း မှာပင် နစ်မြုပ် ပျောက်ကွယ်သွားကြလေသည်။

နီမောင်တို့ တစ်တွေမှာလည်း ၎င်းတို့ကို ကယ်ခွင့်မရ သောကြောင့် ဘေးလွတ်ရာသို့ ကူးခဲ့ကြရတော့သည်။

မဇ္ဈိမရှိယ ရန်ကြွေးကား... ပြီးသူထံသို့သာ တစ်ကျော့ ပြန်စမြဲ ဖြစ်ချေသည်။





အခန်း ( ၁၇ )

# အုံ့ဩဖွယ်ရာ မျှော်ကိုးစရာ

တကယ်တော့ မိန်းမလှကျွန်း ဆိုသည်မှာ သူတို့နေထိုင် သော စက်စုရွာနှင့် မဝေးလှပေ။

ကြားထဲတွင် ဖောင်ဝင်မြစ်ကြီးသာ ခြားပြီး ဟိုဘက် ကမ်းနှင့် ဒီဘက်မျှသာ ဖြစ်သည်။

သို့သော် မိန်းမလှကျွန်းသည် တောနက်သည်က တစ်ကြောင်း၊ တောကြမ်းသည်က တစ်ကြောင်းကြောင့် အရေးကြီးသော အကြောင်းကိစ္စမရှိဘဲ တော်ရုံအကြောင်းဖြင့် တော့ မသွားလာဝံ့ကြပေ။

ထိုအချိန်ကာလက မိန်းမလှကျွန်း သစ်တောများထဲတွင် ဆင်ရိုင်းအုပ်များ၊ ကျားဆိုးများ လွန်စွာပေါလှသည်။

ဝယ်သူချောင်း တစ်ဝိုက်တွင် သောင်းကျန်းလျက်ရှိသော ထိပ်ကွက်ကျားကြီးမှာ တောတက်သမားလူတို့ကို မလေးတမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီး သတ်ဖြတ်နေသောကြောင့် 'ရေထဲမှာ ပါးကွက်၊ တောပေါ်မှာ ထိပ်ကွက်' ဟူ၍ပင် ပြောစမှတ်တွင်လျက်ရှိသည်။

မိန်းမလှကျွန်း တစ်ကြောမှာလည်း ဆင်ရိုင်းအုပ်များက ပေါလှလေရာ တောင်ပေါ်တက်သူတိုင်း ဆင်လိုက်ခံရသည်က များသည်။

သို့ကြောင့်လည်း တော်ရုံ အကြောင်းမရှိဘဲ တောပေါ်သို့ မတက်ဝံ့ကြခြင်း ဖြစ်၏။

ယခုတော့ တောပေါ်မှာ သူကြီး ဦးကျော်ဖလှနှင့် ဦးလူရွှေတို့ ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့ ရောက်နေကြသည်။

ရင်းတို့နှင့်အတူ နောက်လိုက် နောက်ပါ လေး,ငါး ယောက်ခန့်လည်း ပါလာသေး၏။

ဦးကျော်ဖလှနှင့် ဦးလူရွှေတို့တွင် လိုင်စင်ဖြင့်ကိုင်သော နှစ်လုံးပြူးသေနတ် နှစ်လက်ပါလာကြပြီး အခြားလူများ ဆီမှာတော့ ဓား၊ လှံ လက်နက်များ ပါကြလေသည်။

"နီမောင်တို့ ပတ္တမြားကြီး ရသွားပြီဆိုတာ သေချာရဲ့လား"

"သေချာပါတယ်... သူကြီး"

"သူတို့ ဒီတောထဲမှာ လာဝှက်ထားဖို့ ဆိုတာလည်း အသေအချာပဲလား"





"အဲဒီသတင်းလည်း အသေအချာပါပဲ၊ ပတ္တမြားကြီးကို ယူပြီး မျောက်တစ်ရာ ချောင်းဖျားဘက်ကို တက်သွားကြတယ် ဆိုတာလည်း သတင်းအတိအကျ ရထားပြီးပါပြီ"

ထိုစကား ကြားသောအခါ သူကြီးဦးကျော်ဖလှက...

"အမှန်တော့ ဒီပတ္တမြားကြီးကိုရရင် အစိုးရကို အပ်ရမှာ၊ ဒီပစ္စည်းမျိုးရရင် ကိုယ့်သဘောနဲ့ ကိုယ် လုပ်လို့မရဘူး၊ ဘာကြောင့်လဲဆိုတော့ ရှေးဟောင်းပစ္စည်း ဆိုတာ တန်ဖိုး သိပ်ရှိတယ်၊ ကိုယ်ထင်ရာ လျှောက်လုပ်လို့ ပျက်စီးသွားရင် ဘယ်လောက် အပြစ်ကြီးတယ် ဆိုတာ ဒီကောင်တွေ နားမလည်ကြဘူး"

ဟု ပြောသည်။

ထိုအခါ ဦးလူရွှေကပါ မီးလောင်ရာလေပင့် ဝင်ပြောလေသည်။

"ဟုတ်တယ် သူကြီး၊ ဒီလောက် တန်ဖိုးရှိတဲ့ပစ္စည်းကို ရကတည်းက သူကြီးလက်ကို လာအပ်ပေးရမှာ၊ ဒါမှ သူကြီးကတစ်ဆင့် သက်ဆိုင်ရာတွေလက်ကို အပ်ပေးရမှာ၊ ဒီလိုအပ်ရင် သူကြီးလည်း နာမည်ကောင်း လက်မှတ်လေး ဘာလေး ထပ်ရချင် ရမှာပေါ့"

"ဟုတ်တယ်ဗျာ... ဒီကောင်တွေဟာ ဘာမှ ဗဟုသုတ အကြားအမြင် မရှိကြဘူး၊ စိတ်ထင်ရာ စွတ်လုပ်နေကြတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကသာ ဒီတောထဲမှာ လာဝှက်ထားမယ်လို့ ပြောနေကြတယ်၊ ဟုတ်ချင်မှ ဟုတ်မှာ သူကြီးရေ၊ ဒီလောက် တန်ဖိုးကြီးတဲ့ ပတ္တမြားကြီးကို ရထားမှာတော့ တစ်နေရာကို ထွက်ပြေးချင် ပြေးကြမှာ"

"ဒီကောင်တွေကိုတော့ ဒီတစ်ခါတွေ့ရင် အားလုံး ဖမ်းပြီးတော့ ဂါတ်ကို ပို့လိုက်ဦးမယ်၊ ပုလိပ်တွေကိုလည်း ကောင်းကောင်းဆုံးမဖို့ တစ်ခါတည်း မှာလိုက်ရမယ်၊ ဒါမှ နောင်တ ရသွားကြမယ်"

ဟု အချင်းချင်း ပြောဆို တိုင်ပင်ကြပြီးနောက် သေနတ် များကို အသင့်ပြင်ကာ တောင်ပေါ် တက်ကြလေသည်။

သတင်းပေးသူက မျောက်တစ်ရာ ချောင်းဖျားအဘက် ဏက်သွားသည်ဟု ပြောသဖြင့် ချောင်းရိုးအတိုင်း လိုက်သွား ကြလေသည်။

တောက နက်သည်ကတစ်ကြောင်း၊ လမ်းဟု မယ်မယ် ရရ မရှိသောကြောင့် မကြာခဏ မျက်စိလည်ကြလေသည်။

မြစ်ဝကျွန်းပေါ် အရပ်ရှိ ဒီရေ သစ်တောများထဲတွင် မျက်စိလည်စရာကောင်းသည့် သစ်တောများ ရှိကြလေသည်။

ဌင်းတို့မှာ...

သရေမပင်ချည်း ပေါက်သည့် သစ်တော။

မဒမပင်ချည်း ပေါက်သည့် မဒမဖျိုက်တော။





သင်ပေါင်းပင်ချည်း ပေါက်သည့် သင်ပေါင်းဖျိုက်တော တို့ ဖြစ်ကြလေသည်။

ဌင်းတောများထဲသို့ ရောက်သွားလျှင် အခြားသစ်ပင်များ အတွေ့ရနည်းပြီး ကြည့်လေရာ မြင်လေရာ ထိုသစ်ပင်များ ချည်း ဖြစ်နေသောကြောင့် လမ်းပျောက်ကာ မျက်စိလည်ကြ လေသည်။

ဦးကျော်ဇံလှတို့သည် မဒမဖျိုက်တော တစ်ခုထဲသို့ ရောက်သွားသောအခါ မလှမ်းမကမ်း နေရာလောက်ဆီမှ လူသံအချို့ ကြားရသဖြင့် အချင်းချင်း အသံမထွက်စေရန် အချက်ပြပြီး ထိုနေရာဘက်သို့ သွားကြလေသည်။

သူတို့ အနားရောက်သွားတော့ အသံပျောက်သွားပြီး ဘယ်သူ့မှလည်း မတွေ့ရပေ။

ခဏကြာတော့ ရယ်သံများနှင့် စကားပြောသံများကို ထပ်ကြားရပြန်သည်။

သူတို့ ရောက်နေသည့် နေရာနှင့် မဝေးလှသော ကြောင့် ထိုနေရာ သွားပြန်ရာ အနားရောက်ပြန်တော့ အသံ လည်းပျောက်၊ လူလည်းပျောက် မတွေ့ရပေ။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဇဝေဇဝါ ဖြစ်နေကြစဉ်မှာ တောနက်တစ်နေရာမှ ဆည်းလည်းသံအချို့ ကို ခပ်သဲ့သဲ့ ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောထဲက ဆည်းလည်းသံ ကြားရတယ်၊ မျောက်တစ်ရာဘုရားကို ရောက်တော့မယ် ထင်တယ်"

"နီမောင်တို့ အဲဒီတက်ကို သွားချင်သွားကြမှာ၊ ကျုပ်တို့လည်း အဲဒီဘက်ကို သွားကြရအောင်"

ဟု ပြောဆိုတိုင်ပင်ကာ အသံကြားရာဘက်သို့ မှန်း၍ လျှောက်ကြပြန်လေသည်။

ထိုနေရာဘက် ရောက်တော့ ဘုရားပွဲ ကျင်းပစဉ်က ဘုရားဖူးများ အသုံးပြုခဲ့သည့် လမ်းဟောင်းတစ်ခုကို တွေ့ကြရသဖြင့် ထိုလမ်းအတိုင်း လျှောက်လာကြသည်။

တစ်နေရာ ရောက်တော့...

"ဟို... ဟိုရှေ့မှာ..."

ဟု တစ်ယောက်က လက်ညှိုးထိုးပြသဖြင့် လှမ်းကြည့်လိုက်သောအခါ သူတို့သွားမည့် လမ်းကြောင်း တည့်တည့်ပေါ်မှာ ဆောင့်ကြောင့် ထိုင်နေသည့် တောကောင်ကြီးကို လှမ်းမြင်ရသည်။

တောကောင်ကြီးမှာ ကိုးတောင်ကျားကြီး တစ်ကောင်ဖြစ်ပြီး ၎င်းတို့သွားမည့် လမ်းတည့်တည့်ဆီမှ မျက်နှာမူကာ ထိုင်နေခြင်း ဖြစ်သည်။

"သူ...သူကြီး... ပစ်...ပစ်လေဗျာ"

ဦးလူရွှေက တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။





"ခင်ဗျား... ပစ်ဗျာ"

"သူကြီး... ပစ်ပါဗျ၊ ကျုပ်သေနတ်က သိပ်မကောင်းလို့ပါ"

"ကျုပ်သေနတ်ကလည်း တစ်ခါတစ်ခါ ဂျမ်းဖြစ်နေလို့ ခင်ဗျား ပစ်ပါဗျ"

သူပစ်ပါ၊ ငါပစ်ပါဟု ဖြစ်နေရာမှ နောက်ဆုံး သူကြီးဦးကျော်ဖလှက ၎င်း၏ နှစ်လုံးပြူးသေနတ်ကို မောင်းတင်ပြီး တောကောင်ကြီးကို ချိန်ကာ မောင်းဖြုတ်ချလိုက်သည်။

"ချောက်...ချောက်"

သေနတ်က ဘယ်လိုမှ ပစ်မရဘဲ တချောက်ချောက်နှင့် ဖြစ်နေရာ ဦးလူရွှေက စိတ်မရှည်တော့သဖြင့် ၎င်းလက်ထဲမှ သေနတ်နှင့်ချိန်ကာ ပစ်ချလိုက်သည်။

"ချောက်...ချောက်"

၎င်းသေနတ်လည်း မီးမကူးဘဲ တစ်ချောက်ချောက်နှင့် ဖြစ်နေစဉ် တောကောင်ကြီးက ၎င်း၏ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲပြပြီးနောက် တောထဲသို့ ပြန်ဝင်သွားလေသည်။

သူကြီးဦးကျော်ဖလှတို့မှာ သေနတ်နှစ်လက် အားကိုးဖြင့်တက်လာကြရာ ယခု သေနတ် နှစ်လက်စလုံးက ပစ်မရပြန်သဖြင့် အနည်းငယ်တော့ စိုးရိမ်စိတ် ဝင်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရှေ့ဆက်တက်လာရာ တစ်နေရာသို့ ရောက်သောအခါ ချုံတစ်ချုံအတွင်းမှ 'ဝေါ'ခနဲ အသံကြားလိုက်ရပြီး တောကောင်ကြီးတစ်ကောင် ခုန်ထွက်လာကာ နောက်ပိုင်းမှ လူတစ်ယောက်ကို ကိုက်ယူသွားလေသည်။

မိမိတို့ လူတစ်ယောက် ကျားဆွဲခံရပြီး နောက်တွင် နောက်မှ ပါလာသောလူများမှာ ရှေ့ဆက် မလိုက်ဝံ့ကြဘဲ နောက်ကြောင်း ပြန်လှည့်ကြရန် ပြင်ဆင်နေကြစဉ် ၎င်းတို့ နေရာနှင့် မလှမ်းမကမ်း နေရာဆီမှ တောဆင်ရိုင်းများ အော်သံ၊ တောတိုးလာသံ၊ သစ်ပင်သစ်ကိုင်းများကို ချိုးဖဲ့ဖျက်ဆီးလာသံများကို အတိုင်းသား ကြားလာရသည်။

"ဟော... တောဆင်ရိုင်းတွေ လာကုန်ပြီ"

"ဟုတ်တယ်... တောဆင်ရိုင်းတွေက အနံ့ခံ သိပ်ကောင်းတယ်၊ သူတို့လိုက်ရင် ဘယ်လိုမှ ပြေးမလွတ်နိုင်ဘူး။ ပြေးကြမှဖြစ်မယ်"

ဟု ပြောကာ ခြေဦးတည့်ရာသို့ ပြေးကြလေတော့သည်။

နောက်မှ လိုက်လာသူများက ခြေဦးတည့်ရာ ထွက်ပြေးကြသောအခါ နေရာတွင် ဦးကျော်ဖလှနှင့် ဦးလူရွှေတို့ နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

သူတို့လက်ထဲ၌ သေနတ်တစ်လက်စီ ရှိနေကြသော်လည်း သေနတ်များကလည်း ပစ်မရတော့ပေ။





"ဘယ်လိုလုပ်ကြမလဲ သူကြီး"

"ကျုပ်တို့ နှစ်ယောက်တည်းနဲ့တော့ ဆက်သွားလို့ မဖြစ်တော့ဘူး။ ကျုပ်တို့လည်း ဘေးလွတ်ရာ ပြေးကြမှ ဖြစ်မယ်"

ဟု ပြောကာ နောက်ဘက်မှ ဆင်အော်သံများ ကြားရာဘက်နှင့် ဝေးရာသို့ ပြေးကြလေသည်။

သို့စေကာမူ ဆင်ရိုင်းအော်သံနှင့် တောတိုးလာသံများက ဝေးမသွားဘဲ နောက်ဘက်မှ တဖြည်းဖြည်း နီးသထက် နီးလာလေရာ နှစ်ယောက်သား ကြောက်ရွံ့စိတ်ကြောင့် အလဲလဲ အကွဲကွဲဖြင့် ဆက်ပြေးကြရလေသည်။

တစ်နေရာသို့ ရောက်သောအခါ တောစပ်မှ အသင့်စောင့်နေဟန်ရှိသော တောကောင်ကြီး တစ်ကောင်က လွှားခနဲ ခုန်ထွက်လာကာ ဦးလူရွှေကို ဆွဲယူသွားပြန်လေသည်။

ဦးလူရွှေ၏ အော်သံကြီးက တောနက်ထဲမှာ ပဲ့တင်ထပ်သွားလေတော့သည်။

ဦးလူရွှေ ကျားဆွဲခံရတာကို မြင်လိုက်ရသော ဦးကျော်ဖလှမှာ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားလေတော့သည်။

ရှေ့တိုးပြန်ရင်လည်း ကျားဆွဲခံရမည်။

နောက်သို့ ပြန်လှည့်ပြန်ရင်လည်း တောဆင်ရိုင်းအုပ်များနှင့် တိုးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သူကြီး ဦးကျော်ဇံလှမှာ ကြောက်လွန်းသဖြင့် ဒူးများ တဆတ်ဆတ်တုန်ကာ ရပ်တည် မနေနိုင်လောက်အောင် ဖြစ်လာသောကြောင့် မလှမ်းမကမ်းရှိ လဖပင်ကြီးအောက်သို့ ဝင်ကာ ထိုင်ချလိုက်သည်။

သူ့နားထဲမှာတော့ ကျားဟိန်းသံ၊ ဆင်ရိုင်းများ အော်ဟစ်သံ၊ တောတိုးလာသံများကို ဆူညံစွာ ကြားနေရလေသည်။

တောတိုးလာသော ခြေသံများကလည်း တဖြည်းဖြည်းနှင့် နီးလာချေပြီ။

“ငါတော့ သေရတော့မှာပဲ၊ သူတစ်ပါးရဲ့ အပေါ်မှာ မကောင်းကြံစည်ခဲ့တဲ့ ဥပါဒါန်ကြောင့် အခုလို ဘေးဒုက္ခ ကြုံတွေ့ရတာပဲ၊ ကယ်မယ့်သူကလည်း မရှိတော့ဘူး။ ငါ့ရဲ့ အကုသိုလ်စိတ်နဲ့ ငါပဲ ခံရတော့မှာပဲ”

ဟု တုန်လှုပ်စွာ ရေရွတ်နေစဉ် တောတိုးလာသော ခြေသံများက တဖြည်းဖြည်းနီးလာပြီး သူ့အနား ရောက်လာသည်။

ခြေသံတွေက များသောကြောင့် တောဆင်ရိုင်းအုပ်များ ဟုပင် စိတ်ထဲက ထင်သောကြောင့် မျက်စိကို မှိတ်ထားလိုက်လေသည်။





တောတိုးလာသော ခြေသံများက သူနှင့် မလှမ်းမကမ်း နေရာရောက်တော့ ရပ်တန့်သွားသည်။

“ဟာ... သူကြီးပါလား”

ထိုအသံကြားမှ မျက်စိ ဖွင့်ကြည့်လိုက်သောအခါ နီမောင်တို့တစ်တွေကို တွေ့ရလေသည်။

“ဟင်... နီမောင်၊ ဦးကို... ကယ်ပါ ငါ့တူရယ်၊ ဦး... မှားခဲ့ပါတယ်၊ ငါ့အသက်ကို ကယ်ပါကွာ”

ဟု ငိုသံပါကြီးနှင့် တောင်းပန် ပြောဆိုလေသည်။

နီမောင်က တအံ့တဩဖြင့် ရှေ့သို့ တိုးလာပြီး...

“နေပါဦး... သူကြီးက ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ၊ ဘာဖြစ်နေလို့လဲ”

ဟု မေးလိုက်သည်။

“ဘုရားဖူးလာရင်းနဲ့ တောဆင်ရိုင်းတွေ လိုက်လို့ကွာ၊ ကျားကိုက်ခံရလို့ သေတဲ့လူတွေလည်း သေကုန်ကြပြီ၊ မင်းက ဘယ်က ရောက်လာတာလဲ၊ တောဆင်ရိုင်းတွေနဲ့ မတွေ့ခဲ့ဘူးလားဟင်”

“တောဆင်ရိုင်းတွေ မရှိတော့ပါဘူး သူကြီးရဲ့”

“ဒီလိုဆိုရင် ငါ့ကို တစ်ယောက်တည်းတော့ မထားခဲ့ကြပါနဲ့ကွာ၊ ငါ မင်းတို့နဲ့ ပြန်လိုက်ခဲ့ပါရစေကွာ”

ဟု ပြောဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နီမောင်က အတန်ကြာအောင်စဉ်းစားနေပြီးမှ...

"ဒီလိုလုပ်ပါ... ကျွန်တော်တို့က ကိစ္စလေးရှိသေးလို့ မပြန်ကြသေးဘူး။ ဒီတော့ သူကြီးကို ခေါ်သွားပြီး ဘုရားရင်ပြင်တော်ပေါ် ပို့ပေးခဲ့ပါ့မယ်၊ ဘုရားပေါ် ရောက်ရင်တော့ ဘယ်လိုအန္တရာယ်မှ မရှိတော့ပါဘူး"

ဟု ပြောဆိုပြီး သူတို့နှင့်အတူ သူကြီး ဦးကျော်ဖံလှကို ပါ ခေါ်သွားကြလေသည်။

သူတို့အဖွဲ့မှာ နီမောင်၊ ဦးမွန်ထော်၊ မြလေးခင်၊ စောထီးနှင့် ငမဲအောင်တို့ ငါးယောက် ဖြစ်ကြလေသည်။

အတန်ကြာအောင် လျှောက်သွားသောအခါ မျောက်တစ်ရာဘုရား ရှိရာသို့ ရောက်သွားကြသည်။

ဘုရားသို့ ရောက်သောအခါ သူကြီး ဦးကျော်ဖံလှကို ထားခဲ့ကြလေသည်။

"ကဲ... သူကြီး။ ဒီဘုရားပေါ်မှာ အေးအေးဆေးဆေး နေခဲ့ပါ၊ ကျွန်တော်တို့ ကိစ္စပြီးလို့ ပြန်လာတာနဲ့ သူကြီးကို ဝင်ခေါ်ပါ့မယ်"

"ငါ မင်းတို့နဲ့ တစ်ခါတည်း လိုက်ခဲ့လို့ မရဘူးလား ကွာ၊ ဒီမှာ တစ်ယောက်တည်း နေခဲ့ရမှာ ကြောက်လို့ပါ"

"ဒီဘုရားပေါ်မှာတော့ ဘာမှ ကြောက်စရာမရှိပါဘူး။ အန္တရာယ်လည်း မရှိပါဘူး၊ ကျွန်တော်တို့ သိပ်မကြာပါဘူး"





ဟု ပြောဆိုကာ ဦးကျော်ဖံလှကို မျောက်တစ်ရာဘုရားရင်ပြင်တော်ပေါ်မှာ ထားခဲ့လေသည်။

ထို့နောက်...

သူတို့ငါးယောက်သည် ဘုရားပေါ်မှဆင်းကာ မျောက်တစ်ရာချောင်း ရှိရာဘက်သို့ ဆင်းလာကြသည်။

"ဒီလူကြီး တောထဲကို တစ်ယောက်တည်း ဘုရားလာဖူးတယ် ဆိုတာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ သူတို့ အကြံအစည် တစ်ခုခုရှိလို့ လာကြတာဖြစ်ရမယ်"

"ကေန္တ တို့ရဲ့နောက်ကို လိုက်လာရင်းနဲ့ တောကောင်တွေနဲ့တွေ့ပြီး သူတစ်ယောက်တည်း ကျန်ခဲ့တာလည်း ဖြစ်နိုင်တယ် နီမောင်"

"ငါတော့ ဒီလောက် အကြံပက်စက်တဲ့လူကို တို့ပြန်ရင် ဝင်မခေါ်ဘဲ ဒီအတိုင်း ထားခဲ့တာ ကောင်းမယ် ထင်တယ်"

ဟု စောထီးနှင့် ငမဲအောင်တို့က ၎င်းတို့ ထင်မြင်မှုများကို ပြောပြကြလေသည်။

ထိုအခါ နီမောင်က...

"တစ်ရွာဟည်း သားချင်းတွေ ဒီလိုတော့ မလုပ်ကြပါနဲ့ ကွာ၊ သူမှားတာလည်း မှားပေစေပေါ့၊ တို့တစ်တွေလည်း ပတ္တမြားကြီးကို မျောက်တစ်ရာ ရုပ်တုတွေဆီမှာ ထားခဲ့ပြီးရင် တို့တာဝန် ပြီးပြီပဲ၊ ဒီနေရာမျိုးတွေဆိုတာ အမှားလုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊ မှားတဲ့လူဆိုရင် သူ့ကြမ္မာ သူဖန်တီးမှာပဲ၊ ကဲ... သွားကြစို့"

ဟု ပြောကာ မျောက်တစ်ရာချောင်းဘက်သို့ ဆင်းလာကြပြီး ချောင်းသို့ ရောက်သောအခါ ချောင်းရိုးအတိုင်း ချောင်းဖျားဘက်သို့ ဆန်တက်ခဲ့ကြလေသည်။

ထိုနေရာ ပတ်ဝန်းကျင်ရောက်တော့ ရွှံ့နွံများ သိပ်မရှိတော့ဘဲ သဲကုန်းတန်းများသဖွယ် ဖြစ်လာကာ ခြေခင်းလက်ခင်း သာယာလာတော့သည်။

ချောင်းဖျားတစ်နေရာ ရောက်တော့ ခွေးဟောင်သံများကြားရသဖြင့် တဖြည်းဖြည်း နီးလာကာ ခဏကြာတော့ ခွေးနက်ကြီး နှစ်ကောင်နှင့် လူကြီးတစ်ယောက် တောထဲမှ ထွက်လာသည်။

ထိုလူကြီးမှာ အရပ်အမောင်း ထောင်ထောင် မောင်းမောင်းနှင့် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများရှိကာ သျှောင်ထုံးကို ဦးခေါင်းထိပ်မှာ ဂုံးထားသည်။

ကရင်သင်တိုင်းအင်္ကျီနှင့် ပုဆိုးကို ခါးတောင်းကျိုက်ထားကာ လက်ထဲမှာလည်း ဓားမကြီးတစ်လက် ကိုင်ထားသည်။ သူနှင့်ပါလာသော ခွေးကြီးနှစ်ကောင်မှာ အနက်ရောင်များဖြစ်ပြီး အရပ်အမောင်း၊ အလုံးအထည်က ကျားတစ်ကောင်ကဲ့သို့ ထွားကျိုင်း သန်မာလှသည်။





ဟောင်လိုက်တိုင်း ပါးစပ်ထဲမှ အစွယ်နှင့် သွားများကို မြင်ရသည်။

"ဟဲ့ကောင်တွေ... ငြိမ်ကြစမ်း၊ ဒါရန်သူမှ မဟုတ်တာ"

ဟု ပြောလိုက်တော့မှ ခွေးနှစ်ကောင်က အဟောင်ရပ်သွားသည်။

"ဘယ်သွားကြမှာလဲ"

"မျောက်တစ်ရာရုပ်တုတွေ ရှိတဲ့နေရာကို သွားမလို့ပါ"

"မျောက်တစ်ရာရုပ်တုတွေက လူတိုင်း တွေ့နိုင်တာမှ မဟုတ်တာ၊ ဘာကိစ္စအတွက် သွားကြမှာလဲ"

"ပစ္စည်းတစ်ခု သွားပို့မလို့ပါ"

"ဪ... သိပြီ...သိပြီ၊ ဒီလိုဆိုတော့လည်း လမ်းပြပေးရမှာပေါ့၊ ကျုပ်နောက်ကို လိုက်ခဲ့ကြပါ"

ဟု ပြောကာ ရှေ့မှ လျှောက်သွားသဖြင့် နီရှမောင်တို့လည်း သူ့နောက်မှ လိုက်သွားကြလေတော့သည်။

ချောင်းရိုးအတိုင်း အတန်ကြာအောင် သွားမိကြသောအခါ အခြားသစ်ပင်များ မပေါက်ဘဲ ကမ္ဗလာပင်ကြီးများချည်းသီးသန့် ပေါက်သော သဲကုန်းတန်းတစ်ခုသို့ ရောက်သွားကြသည်။

ထိုနေရာသည် တောမြေ ရှင်းပြီး သာသာယာယာရှိလေသည်။ ထိုကမ္ဗလာ တောအတွင်းသို့ ဝင်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ကမ္ဘလာပင်များအောက်၌ အစီအရီရှိနေသော မျောက်ရုပ်များကို တွေ့ကြရသည်။

မျောက်တစ်ရာ...။

နာမည်ကို လူတိုင်း ကြားဖူးပြီး လူတိုင်း မတွေ့ဖူးသေးသော မျောက်တစ်ရာ ရုပ်တုများကို တွေ့ကြရချေပြီ။

သစ်ပင်အောက်များ၌ ရှိနေကြသည့် မျောက်ရုပ်များမှာ အရွယ်အစားနှင့် ပုံသဏ္ဍာန် မတူသော်လည်း အားလုံး ကျောက်သားဖြင့် ထုလုပ်ထားခြင်း ဖြစ်သည်။

"ဒါ မျောက်တစ်ရာ ရုပ်တုတွေပဲ"

"အကောင်တစ်ရာမြောက် ရုပ်တုက ဘယ်နေရာက ရုပ်တုလဲ အဘ"

မျောက်တစ်ရာ ရုပ်တုများသည် အရွယ်အစားနှင့် ပုံသဏ္ဍာန်တို့မှာ မကွာလှသောကြောင့် အကောင်တစ်ရာ မြောက် ရုပ်တုကို ရှာဖို့ရန် မလွယ်ကူလှပေ။

"ရှာကြည့်ပေါ့ကွယ်... မင်း ရှာတတ်ရင်တော့ တွေ့မှာပေါ့"

"ဟင်..."

"ကိုင်း... ကျုပ်သွားတော့မယ်၊ ဘုရား ရင်ပြင်တော်ပေါ်မှာ စိတ်ထားမဖြူစင်တဲ့ လူတစ်ယောက် တွေ့ခဲ့ရတယ်၊ သွားပြီး ဆုံးမလိုက်ဦးမယ်"



BURMESE CLASSIC .com



ဟု ပြောဆိုကာ ခွေးနက်ကြီး နှစ်ကောင်ကို ခေါ်ကာ ပြန်ထွက်သွားလေသည်။

ထိုလူကြီး ပြောသွားသော စကားကြောင့် နီမောင့် စိတ်ထဲမှာ သူကြီး ဦးကျော်ဖလှအတွက် စိတ်ပူသွားလေသည်။

သို့သော်လည်း ဒီမှာကလည်း ကိစ္စက မပြီးသေးသော ကြောင့် ဘယ်လိုမှ မတတ်နိုင်ပေ။

"ဘယ်လိုလုပ်မလဲ အဘ၊ အကောင်တစ်ရာမြောက် ရုပ်တုကို ဘယ်လိုရှာရမလဲ"

"ဒီအတိုင်း ဆိုရင်တော့ ဘယ်လိုမှ ရှာလို့တွေ့မှာ မဟုတ်ဘူး။ ဒီတော့ ဒီလိုလုပ်ကွာ၊ မင်းစိတ်ထဲက 'အကောင် တစ်ရာ မြောက်ရုပ်တုကို တွေ့ရစေသား' လို့ အဓိဋ္ဌာန်ပြုကွာ၊ နောက်ပြီး ငါရဲ့ ကွမ်းယာထုပ်ထဲမှာ ထုံးဆုပ် ပါလာတယ်၊ မင်း ရေပြီးသား အကောင်တွေရဲ့ နဖူးကို ထုံးတို့ထားကွာ"

ဟု ပြောပြီး ကွမ်းထုပ်ထဲမှ ထုံးထုပ်ကို ထုတ်ပေးလေသည်။

ထို့နောက်...

နီမောင်က သူ ယူလာသော ပတ္တမြားကြီးကို လက်ဖြင့် ဆုပ်ကိုင်ကာ...

"ဒီပတ္တမြားကြီးကို စောင့်ရှောက်မယ့် မျောက်ရုပ်ကြီးကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပါစေသား"



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုင်တည်လိုက်ပြီးနောက် အနီးဆုံးမှာ ရှိသော မျောက်ရုပ်၏နဖူးကို ထုံးတို့လိုက်ကာ 'တစ်'ဟု ရေလိုက်သည်။

ထို့နောက် အစဉ်အတိုင်း လိုက်လံ ရေရွတ်လေသည်။ နဖူး၌ ထုံးတို့ပြီးသား အကောင်များကို ချန်ထားခဲ့ပြီး မရေတွက်ရသေးသော အကောင်များကို ဆက်လက် ရေတွက်သွားရာ ၉၉ ကောင် ပြည့်သောအခါ အလယ်ခေါင်၌ နဖူးတွင် ထုံး မတို့ရသေးသော မျောက်ရုပ်ကြီး တစ်ရုပ်သာ ထီးထီးကျန်နေတော့သည်။

"၉၉ ကောင်ပြည့်ပြီ မဟုတ်လား"

"ပြည့်ပြီအဘ"

"တစ်ကောင်ရော ကျန်သေးတယ် မဟုတ်လား"

"ကျန်တယ် အဘ၊ ဒီမှာ..."

"အဲဒီကျန်တဲ့အကောင်က မင်းတွေ့ချင်တဲ့ အကောင် တစ်ရာ မျောက်ရုပ်ပဲပေါ့ကွ၊ သူ့လက်ထဲကိုသာ ပတ္တမြားကြီး ထည့်ထားပေးလိုက်"

ဟု အဘဦးမွန်ထော်က လှမ်းပြောလေသည်။

အဘဦးမွန်ထော်က ပြောသဖြင့် နီမောင်က မျောက်ရုပ်ကြီးကို အသေအချာ ကြည့်လိုက်သောအခါ ထိုမျောက်ကြီးမှာ အခြားမျောက်များထက် အနည်းငယ်ပိုကြီးနေပြီး ပုံသဏ္ဌာန်ကလည်း အခြားမျောက်များနှင့် မတူပေ။





ဒူးတစ်ဖက်ထောင်၊ တစ်ဖက်လှဲ အနေအထားဖြင့် ထိုင်နေပြီး လက်ဝါးနှစ်ဖက်ကို ဖြန့်လျက်သား အနေအထားဖြင့် ရင်ခွင်ထဲမှာ ပိုက်ထားသည်။

သို့ကြောင့် နီမောင်က...

"သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ကျွန်တော့်ကို အကူအညီ တောင်းထားတဲ့အတိုင်း ရေအောက်က ယူလာတဲ့ ပတ္တမြား ကြီးကို မျောက်ကြီးရဲ့ လက်ထဲကို ထည့်လိုက်ပါတော့မယ်၊ ကျွန်တော့်ရဲ့ ဆောင်ရွက်ပေးမှုကို အသင်တို့ ကျေနပ်နိုင်ကြ ပါစေ"

ဟု ပြောဆိုကာ အဝတ်ဖြင့် ထုပ်ယူလာသော ပတ္တမြား ကြီးကို မျောက်ရုပ်ကြီး လက်ထဲသို့ ထည့်လိုက်ပြီးနောက် ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေသည်။

[မြိန်းမလှကျွန်းပေါ်ရှိ မျောက်တစ်ရာ ရုပ်တုများကို တွေ့ရသူ အလွန်နည်း၏။ တောထဲ၌ မျက်စိလည်သွားသူများ မှသာ တစ်ခါတစ်ရံ တွေ့ကြရသည်။

ထိုသို့ တွေ့လျှင်လည်း အကောင်တစ်ရာ ပြည့်အောင် ရေတွက်၍မရဘဲ ဘယ်လိုပဲ အမှတ်အသားပြု၍ ရေတွက် ရေတွက် (၉၉)ကောင်သာ တွေ့ရသေးသည်။ တစ်ခါတစ်ရံ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အစိဋ္ဌာန်ဝင်သော သူတော်ကောင်းများ ရောက်လာလျှင်တော့ လက်ထဲမှာ ပတ္တမြားကြီး ကိုင်ထားသော မျောက်ရုပ်ကြီးကို တွေ့ရသည်ဟု ဆိုပါသည်။

ထိုမျောက်များမှာ တောထဲ၌ သူတော်ကောင်းများ ဒုက္ခတွေ့လျှင် လာရောက် ကူညီပေးလေ့ရှိပြီး မကောင်းသော အကြံအစည်ဖြင့် လာရောက်သူများကိုတော့ နည်းအမျိုးမျိုးနှင့် ဒုက္ခပေးလေ့ရှိကြောင်း ကိုယ်တွေ့ ကြုံဖူးသူများက ပြောပြကြသည်။

မည်သို့ပင်ဖြစ်စေ...

မိန်းမလှကျွန်းပေါ်ရှိ မျောက်တစ်ရာ နယ်မြေကတော့ အတိဂ္ဂိရနယ်မြေ အစစ်သာ ဖြစ်ပေတော့သည်။]

**(စာရေးသူ)**

နီမောင်တို့တစ်တွေ မျောက်တစ်ရာဘုရားသို့ ပြန်ရောက်သောအခါ ဘုရားရင်ပြင်ပေါ်၌ သတိလစ်နေသော သူကြီး ဦးကျော်ဖလှကို တွေ့ရသဖြင့် လှေဆိပ်သို့ သယ်ယူလာကာ ရွာသို့ ပြန်ခဲ့ကြလေသည်။

ရွာသို့ ပြန်ရောက်သောအခါ သူကြီး ဦးကျော်ဖလှမှာ တောထဲ၌ ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာများကို တွေ့မြင်ကြုံတွေ့ခဲ့ရသဖြင့် သွေးပျက်နေသောကြောင့် ဆရာကြီး





ဦးဖန်ကောင်းကို ပင့်ခေါ်ပြီး ကုသမှ အတန်ကြာသောအခါ သက်သာ ပျောက်ကင်းသွားလေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် လ,အတန်ကြာသောအခါ နီမောင်နှင့် မြလေးခင်တို့ မင်္ဂလာပွဲကို ကျင်းပကြလေသည်။

ထိုမင်္ဂလာပွဲသို့ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ လာရောက်ကြသည့် အထဲတွင် ပျဉ်ဒရယ်ဘက်မှ လာသော မိတ်ဆွေအချို့လည်း ပါသည်။

ထိုအထဲမှ လူအချို့က နီမောင်နှင့်မြလေးခင် လက်ထဲသို့ လက်ဖွဲ့ပစ္စည်းများ ထည့်ထားသည့် ယွန်းသေတ္တာငယ် တစ်လုံး လက်ဆောင်ပေးသွားကြသည်။

မင်္ဂလာပွဲပြီး၍ ဧည့်သည်များ ရှင်းသွားသောအခါမှ ထိုယွန်းသေတ္တာကို ဖွင့်ကြည့်သောအခါ ပေစာတစ်ရွက်နှင့် လက်ဝတ်ရတနာ အချို့ကို တွေ့ရလေသည်။

ပေစာပေါ်တွင်...

"သစ္စာရှိသူအတွက် ဘဝဆက် ရှိသူများရဲ့ မေတ္တာလက်ဆောင်"

ဟူသော စာကို ရှေးလက်ရေးဖြင့် ရေးထားသည်ကို တွေ့ရသည်။



www.burmeseclassic.com

ထိုအခါ နီမောင့် စိတ်ထဲတွင် ဆန်းကြယ်လှသော ပံရလောက၏ ဆက်နွယ်မှုများသည် အံ့ဩစရာများချည်းသာ ဖြစ်နေတော့သည်ဟု တွေးလိုက်မိသည်တွင် ကျွန်ုပ်ရေးသားသော "နတ်ပြင်မျက်နှာရှိုင်း လှိုင်းစီညာဥ်လဲစ်" အမည်ရှိ ဂန္ထဝင်ဆန်းကြယ် ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

**အနိစ္စာ ဟောတု သုခီ အတ္တာနံ ပရိဟာရန္တု။**

**ကြီးစကော**

**တပြီးချိန်** ☞ ၂၀၀၇ ဇွန်လ (၂) ရက်
စနေနေ့ ည (၉)နာရီ။

ရွှေသမင်စာပေ